# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့။ | Sunday, 19 February 2017 | (၈၈၄၂)


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

# Public နှင့် Private များ၏ စွမ်းရည်များပေါင်းစပ်ကာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွယ်ကူ လျင်မြန်ချောမွေ့စေရန်အတွက် လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနအသီးသီးမှ ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်များဖြင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် တတိယအကြိမ်ပုံမှန်တွေ့ဆုံ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်မှာ ယခု တစ်ကြိမ်အပါအဝင် သုံးကြိမ်မြောက်ဖြစ်ပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများက ရရှိသည့် လုပ်ငန်းရှင်များ၏

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် တတိယအကြိမ်ပုံမှန်တွေ့ဆုံ ဆွေးနွေးပွဲတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



# ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်း ၇၀၀ ကျော်ဖိုး ဖမ်းမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့မှုများကို စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း ကျောက်စိမ်းဟု ယူဆရသော ကျောက်များနှင့် အထောက်အထားမဲ့ Express Bus အပါအဝင် အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်း ၇၀၀ ကျော်ခန့် ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အတွင်း ရန်ကုန်ဆိပ်ကမ်းမှ တားဆီးမှုတစ်မှု၊ ခန့်မှန်းတန်ဖိုး ကျပ်၄၀၆ ဒသမ ၅ သန်းခန့်၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၁၀ မှု၊ ခန့်မှန်းတန်ဖိုး ကျပ် ၅၆ ဒသမ ၉၈၂ သန်း၊ ရေပူစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု၊ ခန့်မှန်း တန်ဖိုး ကျပ် ၃၁၆ ဒသမ ၁၁၃ သန်းခန့်၊ စုစုပေါင်း ၁၈ မှု၊ ခန့်မှန်းတန်ဖိုး ကျပ် ၇၇၉ ဒသမ ၅၉၅ သန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယင်းသို့ ဖမ်းဆီးရမိမှုများတွင် ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၅ ရက်တို့တွင် မန္တလေးမှ မူဆယ်သို့ ဝင်ရောက်လာသည့် တိုယိုတာ၊ လင်ခရူဇာ ယာဉ်များနှင့် သယ်ဆောင်လာသည့် ကျောက်စိမ်းဟု ယူဆရသောကျောက်များကို စစ်ဆေးတွေ့ရှိခဲ့ပြီး တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ အဆိုပါ ဖြစ်စဉ်များမှ ခန့်မှန်းတန်ဖိုး ကျပ်သန်း ၂၆၀ ခန့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**




ကြေးမုံ

# တည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းကူညီ

ရခိုင်ပြည်နယ် မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားခဲ့သည်မှာ ယခု အချိန်ကာလအားဖြင့် ငါးလခန့်ကြာမြင့်ခဲ့ပြီဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှုစတင်ဖြစ်ပွားခဲ့သည့် ယမန်နှစ် အောက်တိုဘာလ ၉ ရက်နေ့က နယ်မြေလုံခြုံရေးတပ်ဖွဲ့စခန်းသုံးခုအား တစ်ချိန်တည်း တစ်ပြိုင်တည်း အင်အားအလုံးအရင်းဖြင့် အလစ်အငိုက်ယူ၍ အစီအစဉ်ရှိရှိ ကြိုတင်ပြင်ဆင် ဝင်ရောက်စီးနင်းအကြမ်းဖက်တိုက်ခဲ့ခြင်းသည် နိုင်ငံလုံခြုံရေးနှင့်အချုပ်အခြာအာဏာကို ပြောင်ပြောင်တင်းတင်း ထိပါးခဲ့ခြင်းဖြစ်သည်။

အကြမ်းဖက်လုပ်ရပ်ကို ထိုသို့လုပ်ဆောင်ခဲ့ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့၏ လက်နက်များနှင့်ပစ္စည်းများ ဆုံးရှုံးခဲ့ရပြီး တပ်မတော်သားခုနစ်ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး ကျဆုံးခဲ့ကာ ဒဏ်ရာရသူ ၁၅ ဦးရှိခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း လုံခြုံရေးတပ်ဖွဲ့တို့က မိမိနယ်မြေဒေသလုံခြုံရေးအတွက် နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက်တိုက်ခိုက်သူ ၆၉ ဦးသေဆုံးပြီး လက်နက်များနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

နယ်မြေဒေသလုံခြုံရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးနှောင့်ယှက်မှုရှိလာပါက မည်သည့်နိုင်ငံကမျှ လက်ပိုက်ကြည့်နေလိမ့်မည်မဟုတ်ချေ။ သက်ဆိုင်ရာနိုင်ငံတို့အနေဖြင့် ကာကွယ်ခြင်း၊ ရှင်းလင်းခြင်း၊ ပြန်လည်တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ခြင်းတို့ကို မလွဲမသွေဆောင်ရွက်ရမည်သာဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနယ်မြေဒေသလုံခြုံရေး စည်းမျဉ်းစည်းကမ်းဥပဒေများအတိုင်း ဆောင်ရွက်ခြင်းဖြစ်ပြီး လူ့အခွင့်အရေးဖောက်ဖျက်ခြင်း၊ အနိုင်အထက်ပြုမူခြင်းမဟုတ်ပေ။

မိမိတို့သည် နိုင်ငံတကာလူ့အဖွဲ့အစည်းနှင့် အသိုက်အဝန်းအတွင်း ဆက်စပ်ပတ်သက်မှုများရှိနေသဖြင့် အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ စွပ်စွဲပြစ်တင်မှု၊ မမှန်သတင်းပြောကြားမှုများရှိခဲ့ပါကလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ နည်းလမ်းတကျ စုံစမ်းစစ်ဆေးခြင်း၊ ပြန်လည်ရှင်းလင်းတုံ့ပြန်ခြင်းတို့ကိုလည်း မလွဲမသွေပြုလုပ်ကြရမည်သာဖြစ်သည်။

ဖြစ်စဉ်များမှာ အစီအစဉ်တကျအကွက်ချ၍ အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ကို လယ်ပြင်တွင် ဆင်သွားသကဲ့သို့ အထင်အရှားမြင်တွေ့ခဲ့ရပါသည်။ အကြမ်းဖက်တိုက်ခိုက်သူတို့က အပြစ်မဲ့အရပ်သားများအား အမှန်တရားကိုဖော်ထုတ်ခြင်းမပြုနိုင်ရန်၊ အကြောက်တရားလွှမ်းမိုးနေရန်၊ နယ်မြေတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်သောသူများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းမပြုနိုင်စေရန်တို့ကို ရည်ရွယ်၍ ဒေသခံတို့အား အလစ်အငိုက်သတ်ဖြတ်လျက်ရှိရာ ယခုအခါ အပြစ်မဲ့ပြည်သူ ၁၃ ဦးအထိ သေဆုံးမှုရှိလာ၍ အဆိုပါအကြမ်းဖက်လုပ်ရပ်များကို ဝိုင်းဝန်းရှုတ်ချတိုက်ဖျက်ကြရမည်သာဖြစ်သည်။

အဆိုပါဖြစ်စဉ်များမှာ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်၍ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးဥပဒေထုတ်ပြန်ပြီး နယ်မြေရှင်းလင်းရေးဆောင်ရွက်ရခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် ယခုအခါ နယ်မြေဒေသပြန်လည်တည်ငြိမ်အေးချမ်းစပြုလာပြီဖြစ်ရာ တပ်မတော်အနေဖြင့် မောင်တောဒေသအတွင်း နယ်မြေရှင်းလင်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုတော့ဘဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသာ နယ်မြေဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းဆောင်ရွက်မှုများအား ပူးပေါင်းကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရပေသည်။

ထို့အပြင် အစိုးရနှင့်ပြည်နယ်အတွင်းမှ တာဝန်ရှိသူများက အကြမ်းဖက်တိုက်ခိုက်ခြင်းခံခဲ့ရသည့် ကျေးရွာများ ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မောင်တောဒေသအတွင်း နှစ်ဖက်လူ့အသိုင်းအဝိုင်းများအတွက် ပြည်တွင်း၊ ပြည်ပအလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပူးပေါင်းကူညီမျှဝေပေးလျက်ရှိရာ အဆိုပါအခြေအနေကောင်းများ ဆက်လက်ဖြစ်ထွန်းအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ထို့ကြောင့် ရခိုင်ပြည်နယ် မောင်တောဒေသတွင်သာမက မြန်မာနိုင်ငံ၏ မည်သည့်နယ်မြေဒေသတွင်မဆို ဒေသတည်ငြိမ်အေးချမ်းမှုထိခိုက်မှုရှိလျှင် ဝိုင်းဝန်းကာကွယ်ဆောင်ရွက်ကြရမည်ဖြစ်ပြီး တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်မှာ အမျိုးသားရေးတာဝန်၊ သက်ဆိုင်ရာနိုင်ငံ၏တာဝန်သာဖြစ်ပါသည်။ ။

# ကယ်ရီ(Carry) အမျိုးအစားကုန်တင်ယာဉ်ငယ်များကို လာအိုနိုင်ငံသို့ ပထမဆုံးတင်ပို့မည်


ကယ်ရီ(Carry) အမျိုးအစားအမှတ်တံဆိပ်ပါကုန်တင်ယာဉ်ငယ်ထုတ်လုပ်တပ်ဆင်မှုအား တွေ့ရစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

သီလဝါအထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံထုတ်လုပ်နေသည့် ဆူဇူကီး(မြန်မာ)မော်တာ ကုမ္ပဏီလီမိတက်မှ ကယ်ရီ(Carry) အမျိုးအစားအမှတ်တံဆိပ်ပါ ကုန်တင်ယာဉ်ငယ်များကို လာအိုနိုင်ငံသို့ ပထမဆုံးတင်ပို့နိုင်တော့မည် ဖြစ်ကြောင်း ဆူဇူကီး(မြန်မာ)မော်တာ ကုမ္ပဏီလီမိတက်မှ သိရသည်။

လက်ရှိအနေအထားအရ ဆူဇူကီး(မြန်မာ)မော်တာ ကုမ္ပဏီလီမိတက်အနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်၌ တပ်ဆင်ထုတ်လုပ်ခဲ့သော ကယ်ရီ(Carry) အမျိုးအစားအမှတ်တံဆိပ်ပါ ကုန်တင်ယာဉ်ငယ်တစ်စီးအား လာအိုနိုင်ငံသို့ ရေကြောင်းခရီးဖြင့် ဖေဖော်ဝါရီ ၁၅ ရက်က စတင်ကာ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံတွင် ထုတ်လုပ်တပ်ဆင်လျက်ရှိသော ဆူဇူကီး(မြန်မာ)ကယ်ရီ (Carry) ကုန်တင်ယာဉ်ငယ်များကို လာအိုနိုင်ငံ၏မှာယူမှုအပေါ် ပို့ကုန်(Export)အဖြစ် နောင်ကာလများတွင် တွင်ကျယ်စွာ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ဆူဇူကီး(မြန်မာ)မော်တာ ကုမ္ပဏီလီမိတက်မှ သိရသည်။

မြန်မာနိုင်ငံတွင် ထုတ်လုပ်လျက်ရှိသည့် ဆူဇူကီး(မြန်မာ)ကယ်ရီ(Carry) ကုန်တင်ယာဉ်ငယ်များအား လာအိုနိုင်ငံရှိ တရားဝင်ဖြန့်ဖြူးရောင်းချခွင့်ရ KP3G & Nomura Trading ကုမ္ပဏီလီမိတက်မှ လာအိုနိုင်ငံရှိ ကားဈေးကွက်တွင်ထိုးဖောက်နိုင်ရန်အတွက် ပထမဆုံးခြေလှမ်းအနေဖြင့် စတင်လိုက်ခြင်းလည်းဖြစ်သည်။ အဆိုပါဆူဇူကီး(မြန်မာ)ကယ်ရီ(Carry) ကုန်တင်ယာဉ်ငယ်သည် အရှည် ၃၂၃၅ မီလီမီတာ၊ အကျယ် ၁၃၉၅ မီလီမီတာ၊ အမြင့် ၁၇၆၅ မီလီမီတာ၊ အင်ဂျင်အမျိုးအစား ၁ ဒသမ သုည လီတာ အက် ၁၀ အေ ဓာတ်ဆီအင်ဂျင် (1 . OL F10A Gasoline Engine)ရှိပြီး ဂီယာအရွှေ့အပြောင်း ၅ ချက် (5MT) ရှိကြောင်း သိရသည်။

ဆူဇူကီး(မြန်မာ)မော်တာ ကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာဆူဂီယာမက "ကျွန်တော်တို့ ဆူဇူကီး(မြန်မာ)မော်တာကုမ္ပဏီက ထုတ်လုပ်တဲ့ ကယ်ရီကုန်တင်ယာဉ်ငယ်တွေဟာ မြန်မာပြည်ဈေးကွက်နဲ့ ကားလေးလောကမှာ နာမည်တစ်ခုနဲ့ အချိန်အတော်ကြာကြာ လက်ခံရပ်တည်ထားနိုင်တာ အားလုံးအသိပါ။ အခုအခါမှာလည်း မြန်မာနိုင်ငံက ဆူဇူကီး(မြန်မာ)မော်တာက ထုတ်လုပ်တပ်ဆင်တဲ့ ကုန်တင်ယာဉ်ငယ်ကို ပထမဆုံး ပြည်ပတင်ပို့မှုအဖြစ် စတင်လိုက်တာပါ။ ဒီအပေါ်မှာ လာအိုနိုင်ငံ ပြည်သူလူထုအနေနဲ့ မြန်မာနိုင်ငံနည်းတူ လက်ခံမယ်လို့ယုံကြည်မိပါတယ်။ ဒီလို စီးပွားရေးအခွင့်အလမ်း ထိုးဖောက်မှုတွေ အောင်မြင်လာပြီဆိုရင် မြန်မာနိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုက ဒီထက်အဆပေါင်းများစွာ တိုးတက်လာမှာဖြစ်ပြီး တိုင်းပြည်အခွန်ရရှိမှုအပြင် မြန်မာနိုင်ငံထုတ်ကားတွေအဖြစ် ပြည်ပမှာ နာမည်ရလာမှာပါ"ဟု ပြောသည်။

ဂျပန်နိုင်ငံထုတ် ကယ်ရီ(Carry) အမျိုးအစားအမှတ်တံဆိပ်ပါ ကုန်တင်ယာဉ်ငယ်ကို မြန်မာနိုင်ငံ၌ ၁၉၉၈ ခုနှစ်မှစတင်ပြီး တပ်ဆင်ထုတ်လုပ်ခဲ့ကြောင်း သိရသည်။ ယာဉ်အားရိုးရှင်းသော တည်ဆောက်ပုံနှင့် သင့်တင့်မျှတသော ဈေးနှုန်းတို့ကြောင့် မြန်မာနိုင်ငံရှိ အသုံးပြုသူများက ကောင်းစွာလက်ခံ အသုံးပြုလျက်ရှိပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ ယာဉ်အစီးရေ ၆၀၂၅ စီး ထုတ်လုပ်ထားပြီးဖြစ်ကြောင်း ဆူဇူကီး(မြန်မာ)မော်တာကုမ္ပဏီလီမိတက်မှ သိရသည်။

**စိုးဝင်း(MLA)**

## ပွဲတန်ဆာမြို့ သီတဂူစက္ခုဒါနဆေးရုံကြီးတွင် မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေး



**ညောင်လေးပင် ဖေဖော်ဝါရီ ၁၈**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ (D.Litt)(Ph.D) တွဲဖက်ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး တည်ထောင်တော်မူသော ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွဲတန်ဆာမြို့တွင် သီတဂူစက္ခုဒါနဆေးရုံတော်ကြီး တည်ဆောက်ပြီးစီးပြီဖြစ်၍ ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၃ နာရီကစတင်ကာ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။ မျက်စိကုသခြင်းကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ ကုသပေးမည်ဖြစ်ပြီး တစ်နေ့လျှင် မျက်စိဝေဒနာရှင် ၃၅၀ ခန့် စမ်းသပ်ကုသပေးမည်ဖြစ်ကြောင်းနှင့် ညောင်လေးပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ဒိုက်ဦးမြို့နယ်နှင့် ရွှေကျင်မြို့နယ်များမှ မျက်စိဝေဒနာရှင်များ လူမျိုးဘာသာမရွေး အခမဲ့လာရောက်စမ်းသပ်၍ ခွဲစိတ်ကုသမှုခံယူနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စာမူရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာသို့ ပေးပို့လာသည့် ခေါင်းကြီး၊ ဆောင်းပါး၊ သတင်း၊ ကာတွန်း၊ ကဗျာနှင့်ဓာတ်ပုံများအနက် သတင်းစာများတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူအမျိုးအစားအလိုက် စာမူခချီးမြှင့်မှုများကို သတင်းစာတွင်ဖော်ပြပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း ထုတ်ပေးလျက်ရှိပါသည်။

စာမူရှင်များနှင့် ဆက်သွယ်ရရှိမှုအလိုက် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ လာရောက်ထုတ်ယူမှုအပေါ် မူတည်၍ စာမူခများ ထုတ်ပေးလျက်ရှိသည့်အပြင် စာတိုက်မှပေးပို့သည့် နည်းလမ်းဖြင့်လည်း ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ပေးပို့သည့် စာမူများ၌ ဆက်သွယ်ရမည့် လိပ်စာများမပါရှိသဖြင့် စာမူခထုတ်ပေးရာတွင် ကြန့်ကြာမှုများရှိနေပြီး စာမူခပေးရန်ကျန်များ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ပါ၍ ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိခဲ့သော စာမူများအလိုက် စာမူခချီးမြှင့်ငွေများကို မန်နေဂျာ၊ ကြေးမုံသတင်းစာတိုက် ရန်ကုန်/နေပြည်တော် ဖုန်းနံပါတ်-(၀၁-၈၆၁၀၆၈၅၊ ၀၁-၂၉၂၈၃၂၊ ၀၆၇-၃၆၁၂၉) သို့ ဆက်သွယ်ထုတ်ယူရေး ဆောင်ရွက်နိုင်ပါရန်နှင့် နောင်တွင် စာမူများပေးပို့ရာ၌ ဆက်သွယ်ရမည့်လိပ်စာများ၊ ပေးပို့စေလိုသည့် နည်းလမ်းတို့အား ဖော်ပြပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းမှူးချုပ်**
**(ကြေးမုံသတင်းစာတိုက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလွဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

## ပြည်တွင်းရေးရာ

❑ ရှေ့ဖုံးမှ

အခက်အခဲများကို ထိထိရောက်ရောက် ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ဖွဲ့စည်းထားရှိပြီး ကော်မတီကို အထောက်အကူပြုမည့် လုပ်ငန်းစဉ်အလိုက် လုပ်ငန်းကော်မတီ (၅)ရပ်ကိုလည်း ထပ်ဆင့်ဖွဲ့စည်းပေးထားပါကြောင်း၊ အဆိုပါ လုပ်ငန်းကော်မတီများမှာ (၁)ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင် တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီ၊ (၂) ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ (၃)ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ (၄)စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေး လုပ်ငန်းကော်မတီနှင့် (၅) အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေး လုပ်ငန်းကော်မတီတို့ ဖြစ်ပါကြောင်း။

ကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းသည့်နေရာတွင် ထိရောက်သည့် ဖြေရှင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရန် လုပ်ငန်းကဏ္ဍနှင့် သက်ဆိုင်သည့် ဌာနများမှ တာဝန်ရှိသူများနှင့်အတူ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များကိုပါ ပါဝင်ဖွဲ့စည်းပေးထားပါကြောင်း၊ ကော်မတီအစည်းအဝေး (၂)ကြိမ်နှင့် လုပ်ငန်းကော်မတီအလိုက် အစည်းအဝေး စုစုပေါင်း(၇)ကြိမ် ပြုလုပ်ခဲ့ပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ယခုအစည်းအဝေးတွင်လည်း ပုဂ္ဂလိကကဏ္ဍ၏ တင်ပြချက်များအပေါ် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်စေရန် လုပ်ငန်းကော်မတီ (၅)ရပ်မှ တာဝန်ရှိပုဂ္ဂိုလ်များကို တက်ရောက်စေခြင်းဖြစ်ပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုက ရရှိသည့် အခက်အခဲများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများတွင် ဆွေးနွေးညှိနှိုင်းပြီး ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် အချို့သောအချက်များကို ကော်မတီမှတစ်ဆင့် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

၂၀၁၆ခုနှစ် ဒီဇင်ဘာ ၁ ရက်က ဤအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သော အစည်းအဝေးတွင် တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးရန် အချက် ၂၇ ချက်နှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၃ ရက်က ပြုလုပ်ခဲ့သော အစည်းအဝေး၌ တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးရန်အချက် ၁၁ ချက် စုစုပေါင်း ၃၈ ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း UMFCCI သို့ အသိပေးအကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးကို အလေးထားပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။


ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် အချို့ကိစ္စရပ်များသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သောကြောင့် စဉ်ဆက်မပြတ်ဖြစ်ထွန်းအောင် သက်ဆိုင်ရာ ပုဂ္ဂလိကကဏ္ဍများမှလည်း ပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန်လိုပါကြောင်း၊ အစိုးရပိုင်းမှလည်း ကဏ္ဍစုံတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပိုမိုပူးပေါင်းပါဝင်လာရေးအတွက် နည်းလမ်းများရှာဖွေခြင်း၊ အစီအစဉ်များ ရေးဆွဲခြင်းများ ဆောင်ရွက်ပြီး လက်ရှိအခြေအနေအရ ပြုပြင်သင့်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များကို ပြင်ဆင်ခြင်းများ စဉ်ဆက်မပြတ် လေ့လာသုံးသပ် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့်ပတ်သက်ပြီး အမြန်ဖြေရှင်းပေးနိုင်ရန်အတွက် လုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး အချို့အချက်များကို ပိုမိုထိရောက်စွာ ဆွေးနွေးနိုင်ရန်အတွက် ပုဂ္ဂလိကနှင့် အစိုးရဌာနများ တွေ့ဆုံဆွေးနွေးပွဲ (Private Public Doialogue)ပြုလုပ်၍ အချိန်ယူ ဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် Public နှင့် Private များ၏ စွမ်းရည်များကို ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ပြီး အစိုးရဌာနများနှင့် ပုဂ္ဂလိကများ အခြေခံခိုင်မာအောင် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

အစိုးရပိုင်းတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲရန်များ ရှိသကဲ့သို့ ပုဂ္ဂလိကကဏ္ဍတွင်လည်း ပိုမိုပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားလိုပါကြောင်း၊ ထို့ကြောင့် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆွေးနွေးပေးကြရန်နှင့် မိမိတို့အသင်းအဖွဲ့၏ အခက်အခဲများကို အသေးစိတ်တင်ပြဆွေးနွေးကြရန်၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရှေ့ဆက်လုပ်ရမည့် လုပ်ငန်းစဉ်များတွင် ဘက်စုံထောင့်စုံမှ တက်တက်ကြွကြွ ပါဝင်ကူညီပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆီ ကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ FDA နှင့် ဆက်စပ်သော လုပ်ငန်းကဏ္ဍများမှ ညီနောင်အသင်းကိုယ်စားလှယ်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး၊ ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းများက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရယူ၍ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်နေသော ကိစ္စရပ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ချက်ချင်းဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များအား ချက်ချင်းစီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ဒုတိယသမ္မတက သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် တတိယအကြိမ်ပုံမှန် တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံ့စီးပွားရေး၏ ၉၀ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် နိုင်ငံ့စီးပွားရေးအတွက် အဓိကကျသောကြောင့် ပုဂ္ဂလိကကဏ္ဍတွင် အဓိကဦးဆောင်လုပ်ရသည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ လွယ်ကူလျင်မြန်ချောမွေ့စေရန် အစိုးရက အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူချိန် ဘဝအာမခံချက်ရှိစေရေး ဝန်ထမ်းအိမ်ရာများဖော်ဆောင်ရန် စီစဉ်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ပြီး နောက်ပိုင်းအငြိမ်းစားယူချိန်တွင် ဘဝအာမခံချက်ရှိစေရန် ဝန်ထမ်းအိမ်ရာများကို ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားသည်။

"နိုင်ငံ့ဝန်ထမ်းတွေ ပင်စင်ယူပြီးတဲ့နောက်မှာ ဘဝကို လုံခြုံစိတ်ချစွာ ရပ်တည်ဖြတ်သန်းဖို့ အာမခံချက်မရှိဘူး။ ကျောင်းစရာတောင်မရတဲ့ ဝန်ထမ်းတွေအများကြီးပါ။ ဒါကြောင့် ဝန်ထမ်းတွေအတွက် အာမခံချက်ရှိတဲ့ အိမ်ရာတစ်ခုရဖို့ ဝန်ထမ်းအိမ်ရာ စီမံကိန်းတွေစီစဉ်နေပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ တတိယအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ဝန်ထမ်းအိမ်ရာများ ဖော်ဆောင်ရေးအတွက်လည်း မြန်မာ့စီးပွားရေးဘဏ်၊ ဆောက်လုပ်ရေးဘဏ်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းတို့နှင့် ချိတ်ဆက်၍ စတင်ဆွေးနွေးနေပြီဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ ပေးနိုင်သည့် အနေအထားပေါ်မူတည်၍ တစ်တိုင်းပြည်လုံးတွင် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း အဆိုပါဆွေးနွေးပွဲမှ သိရသည်။

"ဒီလုပ်ငန်းပမာဏက ကြီးမားပါတယ်။ တွေ့ကြုံရတဲ့ အခက်အခဲတွေလည်း ရှိနိုင်ပါတယ်။ ဒါပေမဲ့ ဖြစ်အောင် လုပ်ပါမယ်။ ဝန်ထမ်းတွေ ပင်စင်ယူသွားတဲ့အချိန်မှာ ဘဝအာမခံချက်ရှိအောင်၊ အခုကတည်းက တက်နေနိုင်အောင်လုပ်မယ်။ သူတို့ပေးတဲ့ လစာထဲက သင့်တော်တဲ့နှုန်းထားနဲ့ အလုပ်လုပ်တဲ့သက်တမ်းကာလတစ်လျှောက် အပြီးအပိုင်ဖြစ်သွားဖို့ ကျွန်တော်တို့ စီမံထားပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း EC အဖွဲ့ဝင် ခနစံရာ ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးရဲလင်းက "အစိုးရက ပါဝင်ကြီးကြပ်ပြီး အခုလိုဆောက်လုပ်ပေးမယ်ဆိုတော့ အောင်မြင်မှာပါ။ ကျွန်တော်တို့ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေအနေနဲ့ ဝမ်းသာပါတယ်။ ကြိုဆိုပါတယ်။ ဘာကြောင့်လဲဆိုတော့ မြေယာစီမံခန့်ခွဲမှုက အစိုးရတာဝန်ပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းအနေနဲ့ နိုင်ငံတော်က သတ်မှတ်တဲ့ဈေးနှုန်းနဲ့ကိုက်ညီအောင် အဆောက်အအုံတွေ ဆောက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။


ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းစက်မှုဇုန်ရှိ တန်ဖိုးနည်းအိမ်ရာတစ်ခုကို တွေ့ရစဉ်။

အဆိုပါစီမံကိန်းနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နည်းပြ၊ နည်းစနစ်မှူး ကိုနေလင်းဦးက "ဝန်ထမ်းတွေကို အခုလိုလုပ်ပေးမယ်ဆိုတော့ ကောင်းပါတယ်။ လစာထဲက သင့်တင့်တဲ့ပမာဏ ဖြတ်သွားမယ်ဆိုတဲ့အတွက် စားစရိတ်အတွက်လည်း မသိသာလှဘူး။ အိုးအိမ်အတည်တကျလည်း ရှိသွားတာပေါ့"ဟု ပြောသည်။

ဝန်ထမ်းအိမ်ရာများ ဖော်ဆောင်ရေးစီမံကိန်းနှင့် ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ရာနိုင်ရာကဏ္ဍမှ ပါဝင်နိုင်ကြောင်း၊ အကြံဉာဏ်ပေးနိုင်ကြောင်း အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဖိတ်ခေါ်ထားသည်။

**သတင်း- ဝင်းနန္ဒာ**
**ဓာတ်ပုံ - ဇော်ကြီး(ပဏီတ)**

❂ ဖေဖော်ဝါရီလ မှ

ယင်းအပြင် ဖေဖော်ဝါရီ ၁၂ ရက်က ပြင်ဦးလွင်မှ မန္တလေးသို့ ဝင်ရောက်လာသည့် တရုတ်နိုင်ငံလုပ် YUTONG အမျိုးအစား Express Bus အား (၁၆)မိုင်ကျောက်ချော စစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန် စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အဆိုပါယာဉ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ သန်းခန့်)အား သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**သတင်း - ၀၀၁**
**ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)**

# နိုင်ငံပြင်ပရှိ အမေရိကန်ကုမ္ပဏီများတင်သွင်းသောထုတ်ကုန်များအပေါ် အခွန်အခတိုးမြှင့်ကောက်ခံမည်ဟု သမ္မတ ထရန့်ပြော



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၈**

အမေရိကန်နိုင်ငံပြင်ပရှိ အမေရိကန်စက်ရုံ၊အလုပ်ရုံများ အနေဖြင့် ၎င်းတို့၏ထုတ်ကုန်များကို အမေရိကန်နိုင်ငံသို့ ပြန်လည်တင်သွင်းသည့်အချိန်တွင် ထိရောက်သော ပြစ်ဒဏ်အဖြစ် အခွန်အခများ တိုးမြှင့်ကောက်ခံခြင်းခံရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အမေရိကန်နိုင်ငံသား စက်ရုံ၊ အလုပ်ရုံပိုင်ရှင်များကို ပြောကြားခဲ့ကြောင်းသိရသည်။

ဖေဖော်ဝါရီ ၁၇ ရက်တွင် သမ္မတထရန့်က တောင်ကယ်ရိုလိုင်းနားရှိ ဘိုးရင်း လေကြောင်းကုမ္ပဏီသို့ နောက်ဆုံးမော်ဒယ်လ် ဘိုးရင်း ၇၈၇ လေယာဉ်အသစ်များ စျေးကွက်အတွင်းထုတ်လုပ်နိုင်ရေးအတွက် သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အထက်ပါကိစ္စကို ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အမေရိကန်၏ အမျိုးသားအကျိုးစီးပွား ထိခိုက်မှုမရှိစေရေးအတွက် ကုန်သွယ်ရေးကဏ္ဍတွင် နိုင်ငံခြားတိုင်းပြည်များနှင့် သဘောတူညီမှုများကိုလည်း ပြန်လည် သုံးသပ်မည့် သူ၏အစီအစဉ်ကို သမ္မတထရန့်က ပြောကြားခဲ့ သည်။ အမေရိကန် ကုန်သွယ်ရေးမူဝါဒများကိုလည်း တင်းကျပ်စွာ ပြဋ္ဌာန်းမည်ဖြစ်သည်ဟု သမ္မတထရန့်က ဆိုသည်။

အမေရိကန်ပြည်ထောင်စုပြင်ပရှိ အမေရိကန်ကုမ္ပဏီများက တင်သွင်းသော ထုတ်ကုန်များအပေါ် အခွန်အခများ တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း အလေးပေး ပြောကြားခဲ့သည်။

ပြင်ပနိုင်ငံများရှိအမေရိကန်ကုမ္ပဏီများက တင်သွင်းသော ထုတ်ကုန်များကို ၃၅ ရာခိုင်နှုန်းထိ တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း သမ္မတထရန့်က ကနဦးက ပြောကြားခဲ့သည်။ သို့သော် ယင်းကိစ္စနှင့်ပတ်သက်ပြီး ယခုအချိန်ထိ အကောင်အထည်ဖော်ဆောင်မှု မရှိသေးပေ။

မကြာသေးမီကာလအတွင်း အခွန်အခကောက်ခံခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ အမေရိကန်နိုင်ငံအတွင်း လုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း နိုင်ငံရေး စောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# ကားပုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် လူ ၂၆ ဦးကို တူရကီရဲတပ်ဖွဲ့ ထိန်းသိမ်း

အန်ကာရာ ဖေဖော်ဝါရီ ၁၈

**တူရကီနိုင်ငံအရှေ့တောင်ပိုင်းရှိဗီဟာနက်ရှ်ဟာမြို့တွင် ဖေဖော်ဝါရီ ၁၇ ရက်က ကားပုံးဖောက်ခွဲမှုဖြစ်ပွားပြီးနောက် လူ ၂၆ ဦးကို တူရကီရဲတပ်ဖွဲ့ကဖမ်းဆီးခဲ့ကြောင်း တူရကီပြည်ထဲရေးဝန်ကြီး ဆူလေမန်ဆွိုင်လုက ယနေ့ ပြောကြားသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။**



တရားသူကြီးများနှင့် အစိုးရရှေ့နေများ နေထိုင်ရာ နေအိမ်တိုက်တန်းအိမ်ရာအတွင်းသို့ ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်ထားသည့် မော်တော်ယာဉ်တစ်စီးသည် ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းတွင် ဝင်ရောက်ရပ်နားကာ အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့ခြင်းကြောင့် အသက် ၁၁ နှစ်အရွယ် ယောက်ျားကလေးတစ်ဦးနှင့် လုံခြုံရေး အစောင့်တစ်ဦး သေဆုံးကာ လူ ၁၇ ဦးမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိသူ ၁၇ ဦးသည် ဆေးရုံတွင် ကုသမှု ခံယူနေဆဲဖြစ်ပြီး ၎င်းတို့အနက် နှစ်ဦးမှာ အထူးကြပ်မတ် ကုသမှုခံယူနေရကြောင်း တူရကီ ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

ယင်းဖောက်ခွဲတိုက်ခိုက်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးလုပ်ငန်း လိုအပ်ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၇ ရက် ညပိုင်းတွင် လူ ၂၆ ဦးကို ထိန်းသိမ်းထားခဲ့ကြောင်း တူရကီပြည်ထဲရေးဝန်ကြီး ဆူလေမန်က ပြောကြားသည်။

**ရိုက်တာ။**

# ကင်ဂျုံနမ်သေဆုံးမှုနှင့်ပတ်သက်ပြီး မြောက်ကိုရီးယားအမျိုးသားတစ်ဦးကို ဖမ်းဆီး

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၈**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ဖအေတူ၊မအေကွဲ ညီအစ်ကိုတော်စပ်သူ ကင်ဂျုံနမ်သေဆုံးမှုနှင့်ပတ်သက်ပြီး မလေးရှားရဲအရာရှိများက မြောက်ကိုရီးယားနိုင်ငံသား အမျိုးသားတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

မလေးရှား အာဏာပိုင်များက ဖေဖော်ဝါရီ ၁၇ ရက် ညပိုင်းတွင် အသက် (၄၆) နှစ်ရှိသော ရီဂျုံချိုကို ဖမ်းဆီးခဲ့သည်။

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကင်ဂျုံနမ်သည် မလေးရှားနိုင်ငံကွာလာလမ်ပူလေဆိပ်တွင် ရုတ်တရက် အသက်ရှူကျပ်သဖြင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းခံခဲ့ရာ လေဆိပ်အာဏာပိုင်များနှင့် တာဝန်ရှိသူများက ၎င်းအား နီးစပ်ရာဆေးရုံသို့ ခေါ်ဆောင်သွားစဉ် လမ်းခရီး၌ ကွယ်လွန်ခဲ့ကြောင်း သိရသည်။

ယခုဖမ်းဆီးထားသော မြောက်ကိုရီးယားနိုင်ငံသား ရီဂျုံချိုသည် မလေးရှားနိုင်ငံသို့ မကြာခဏရောက်ရှိလာပြီး အာဏာပိုင်များလက်ရှိ ဖမ်းဆီးထားသော အင်ဒိုနီးရှားအမျိုးသမီးတစ်ဦးနှင့် ဆက်သွယ်ခဲ့ကြောင်း မလေးရှားရဲအရာရှိများက ဆိုသည်။ ရီဂျုံချိုသည် ကင်ဂျုံနမ်သေဆုံးမှုနှင့်ပတ်သက်ပြီး လေးယောက်မြောက် ဖမ်းဆီးခံရသူ ဖြစ်သည်။

ကနဦးဖမ်းဆီးထားသူများမှာ အင်ဒိုနီးရှားအမျိုးသမီးတစ်ဦး၊ ဗီယက်နမ်အမျိုးသမီး တစ်ဦးနှင့် မလေးရှားနိုင်ငံသားတစ်ဦးဖြစ်သည်။ နောက်ထပ် သံသယရှိသူသုံးဦးအား ဖမ်းဆီးရန် ကျန်ရှိနေသေးကြောင်း မလေးရှား အစိုးရအဖွဲ့သတင်းရပ်ကွက်များက ဆိုသည်။

ဖမ်းဆီးရန်ကျန်ရှိသေးသော သံသယရှိသူများအား နိုင်ငံ၏ အလိုရှိဆုံး ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ကာ ၎င်းတို့၏ဗီဒီယိုမှတ်တမ်းပုံရိပ်ပါ ပိုစတာများကို မလေးရှားရဲ အရာရှိများက နိုင်ငံတစ်ဝန်းရှိ လူစည်ကားသော နေရာများတွင် လိုက်လံကပ်ထားကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင်ဟောင်း ကင်ဂျုံအီ၏ အကြီးဆုံးသားဖြစ်သူ ကင်ဂျုံနမ်သည် မြောက်ကိုရီးယားနိုင်ငံ၏ သားစဉ်မြေးဆက်အုပ်ချုပ်မှုစနစ်ကို ဆန့်ကျင်ကြောင်း လူသိထင်ရှားပြောကြားခဲ့ဖူးကြောင်း သိရသည်။

ကင်ဂျုံနမ်သည် ဖေဖော်ဝါရီ ၁၃ ရက်တွင် တရုတ်နိုင်ငံ မကာအိုမြို့သို့ လေယာဉ်စီးရန် ကွာလာလမ်ပူ နိုင်ငံတကာလေဆိပ်တွင် စောင့်ဆိုင်းလျက်ရှိစဉ် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။

ကင်ဂျုံနမ်သည် ၎င်းမသေဆုံးမီအချိန်ထိ တရုတ်နိုင်ငံ မကာအိုမြို့တွင် အခြေချနေထိုင် လျက်ရှိကြောင်း တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိစုံစမ်းစစ်ဆေးရေး အေဂျင်စီတစ်ခုက ဆိုသည်။

**အင်န်အိတ်ချ်ကေ၊ ရိုက်တာ။**

# အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များတိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွ ၃၄ ဦးသေဆုံး

**ဂျလာလာဘတ် ဖေဖော်ဝါရီ ၁၈**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ နန်ဂါဟာပြည်နယ်မှ အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့၏ အခြေစိုက်စခန်းများကို အာဖဂန်နစ္စတန် ကြည်းတပ်ဖွဲ့ဝင်များက တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အိုင်အက်စ်စစ်သွေးကြွ ၃၄ ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်းက နန်ဂါဟာပြည်နယ် ဟာက်စ်ကာမီနာခရိုင်အတွင်း ပုန်းခိုနေသည့် အိုင်အက်စ်စစ်သွေးကြွများကို ဒေသခံလူမျိုးနွယ်စု လက်နက်ကိုင်များနှင့်အာဖဂန်နစ္စတန်ကြည်းတပ်ဖွဲ့ဝင်များက လေကြောင်းတိုက်ခိုက်မှု အကူအညီရယူတိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ ၃၄ ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုအတွင်း အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင် ၁၆ ဦးမှာထိခိုက်ဒဏ်ရာရရှိပြီး ခုနစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဖေဖော်ဝါရီ ၁၇ ရက်က ညပိုင်းက တည်ငြိမ်မှုကင်းမဲ့နေသည့် ဟာက်စ်ကာမီနာခရိုင်အတွင်းရှိ အာဖဂန်တပ်ဖွဲ့များ ၏ လုံခြုံရေးကင်းစခန်းကို အိုင်အက်စ်စစ်သွေးကြွများက တိုက်ခိုက်ခဲ့ရာ အာဖဂန်နစ္စတန်အစိုးရတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၇ ဦး သေဆုံးခဲ့ရသည်။

မကြာသေးမီရက်အတွင်းက ဖြစ်ပွားခဲ့သော



အိုင်အက်စ်တို့၏ ယင်းတိုက်ခိုက်မှုကို အာဖဂန်အစိုးရကြည်းတပ်က လက်တုံ့ပြန်သည့်တိုက်ခိုက်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အတိုက်ခိုက်ခံရသော အာဖဂန်အစိုးရတပ်ဖွဲ့စခန်းသည် အာဖဂန်နစ္စတန်နိုင်ငံမြို့တော်၏ အရှေ့ဘက် ကီလိုမီတာ ၁၂၀ အကွာရှိနန်ဂါဟာပြည်နယ်မြို့တော် ဂျလာလာဘတ်၏ တောင်ဘက်ရှိ ခရိုင်တွင် တည်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

တောင်ကုန်းတောင်တန်းများ ထူထပ်သည့် နန်ဂါဟာပြည်နယ်အတွင်း အာဖဂန်အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အိုင်အက်စ်လက်နက်ကိုင် စစ်သွေးကြွအုပ်စုများအကြား တိုက်ခိုက်မှုများသည် ၂၀၁၅ ခုနှစ်ကတည်းက စတင်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ယခုဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများနှင့် ပတ်သက်၍ စစ်သွေးကြွအုပ်စုဘက်မှ မှတ်ချက်ပြု ပြောကြားခြင်း မရှိသေးပေ။

**ဆင်ဟွာ။**

# (၁၁)ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်းစာပေဆု(၂၀၁၆) ချီးမြှင့်ပွဲအခမ်းအနားကျင်းပ





**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီက ကြီးမှူးကျင်းပသော (၁၁)ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်း စာပေဆု(၂၀၁၆) ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပသည်။ **(ယာပုံ)**

ဆုချီးမြှင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စာပေဆုရပုဂ္ဂိုလ်များနည်းတူ ဝမ်းမြောက်ဂုဏ်ယူမှု၊ စာပေဆုရွေးချယ်ချီးမြှင့်ရေးအဖွဲ့နှင့် ဖောင်ဒေးရှင်းတွင် ပါဝင်သော ဆရာကြီး ဆရာမကြီးများကို ကျေးဇူးတင်ရှိမှုတို့ကို ပြောကြားပြီး ယခင်က စာအုပ်စာပေဖတ်ရှုသူ နည်းပါးနေခြင်းအပေါ် ဝေဖန်ပြောဆိုမှုများရှိသော်လည်း ယနေ့အချိန်အခါတွင် လူငယ်များ စာပေဖတ်သူများစွာ မြင်တွေ့ရပါကြောင်း၊ ယနေ့လူငယ်များသည် စာပေကိုဖတ်ရှုလေ့လာနေကြပါကြောင်း၊ ဖတ်သည့်စာအုပ်အမျိုးအစား ပိုမိုများပြားသည်ကို မြင်တွေ့ရပါကြောင်း၊ စာအုပ်စာတမ်းရေးသားသူများ၊ စာအုပ်ရောင်းချသူများနှင့် ထုတ်ဝေမှုများ တိုးပွားလာမှုအတွက်လည်း ကျေနပ်အားရမှုဖြစ်ရပါကြောင်း၊ စာအုပ်စာပေအပေါ် စိတ်ဝင်စားစွာဖြင့် ဖတ်ရှုလာစေရေး ဆောင်ရွက်မှုများစွာအနက် ယခုကဲ့သို့ စာပေဆုချီးမြှင့်မှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ထွန်းဖောင်ဒေးရှင်းအနေဖြင့် စာပေဆု ရွေးချယ်ချီးမြှင့်ခြင်းကို ပိုမိုပြည့်စုံသည့် ဆုချီးမြှင့်မှုဖြစ်စေရေး ဆက်လက် ကြံဆဆောင်ရွက်စေလိုပါကြောင်းနှင့် စာပေဆုချီးမြှင့်ခံရသူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့် စာအုပ်၊ စာစောင်များ ထပ်မံ ထွက်ပေါ်လာစေရေးအတွက် စိတ်ဓာတ်ခွန်အားမွေးပြီး ရေးသားပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်း ဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီ နာယက ဦးသိန်းထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေး ကော်မတီ ဥက္ကဋ္ဌ စည်သူဒေါက်တာသော်ကောင်းက ထွန်းဖောင်ဒေးရှင်းစာပေဆုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)က ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်အကျဉ်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရ စည်သူဒေါက်တာသော်ကောင်း (ဦးသော်ကောင်း)နှင့် ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေးကော်မတီ နာယကနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ထွန်းဖောင်ဒေးရှင်း ဘဏ်ဒါရိုက်တာအဖွဲ့ဝင်များက သုတပဒေသာ (အင်္ဂလိပ်) ဘာသာရပ်တွင် Constitutions and Constitutional Courts of the Nations စာအုပ်ဖြင့် ဆုရရှိသူ Professor Dr. Tin Aung Aye၊ စီးပွားရေးဘာသာရပ်တွင် ကမ္ဘာ့ငွေရေး ကြေးရေးနှင့် စီးပွားရေး အကျပ်အတည်းများ စာအုပ်ဖြင့် ဆုရရှိသူ သံအမတ်ကြီး ဦးလှမောင် (ဘောဂ)၊ စာပဒေသာဘာသာရပ်တွင် နှစ်(၆၀) မြန်မာ-ဂျပန်နှင့် သံတမန်ဘဝခရီးစာအုပ်ဖြင့် ဆုရရှိသူ ခင်မောင်တင်(မဟာဝိဇ္ဇာ)၊ သုတပဒေသာဘာသာရပ်တွင် ညောင်ရမ်းမင်းသား၏ နောက်ဆုံးနေ့ရက်များနှင့် အခြားစာတမ်းများ စာအုပ်ဖြင့်ဆုရရှိသူ သမိုင်းပါမောက္ခ ဒေါက်တာကျော်ဝင်း(ငြိမ်း)၊ ကျန်းမာရေးဘာသာရပ်တွင် နား၊ နှာခေါင်း၊ လည်ချောင်း၊ လည်ပင်းရောဂါ သိကောင်းစရာ စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာဝင်းထိုက်ကြည်၊ သမိုင်းဘာသာရပ်တွင် မြန်မာ့မြေယာအုပ်ချုပ်ပုံ သမိုင်းစာအုပ်ဖြင့် ဆုရရှိသူ ကံလှ (ငါန်းဇွန်)၊ အတ္ထုပ္ပတ္တိ ဘာသာရပ်တွင် မြန်မာနိုင်ငံ၏ အသက်အကြီးဆုံး ဂန္ထဝင်ပန်းချီဆရာကြီး ဦးစန်းလှိုင် စာအုပ်ဖြင့် ဆုရရှိသူ ခင်သန်းဖြူ၊ အတ္ထုပ္ပတ္တိ(အင်္ဂလိပ်)ဘာသာရပ်တွင် A memory of my GRANDPARENTS စာအုပ်ဖြင့် ဆုရရှိသူ Junior Win၊ ယဉ်ကျေးမှုဘာသာရပ်တွင် မင်းတုန်းမင်း မြို့နန်းမတည်မီက မန္တလေးစာအုပ်ဖြင့် ဆုရရှိသူ ရွှေရိုး(မန္တလေး) ကိုယ်စား ဦးမောင်မောင်၊ ယဉ်ကျေးမှုဘာသာရပ်တွင် (၁၃) ရာစုနှောင်းပိုင်းမှ (၁၉) ရာစု အစောပိုင်းအထိ ကမ္ဘာ့ပန်းချီ သမိုင်းစာအုပ်ဖြင့် ဆုရရှိသူ ကျော်သူရိန်(ပန်းချီနည်းပြ)၊ ရှေးဟောင်းကျမ်းဘာသာရပ်တွင် မဟာမှိုင်း၏ ဆယ်ကုဋ္ဌေကျော်ဋီကာ စာအုပ်ဖြင့် ဆုရရှိသူ လှိုင်ထွန်းနိုင်၊ ရည်ညွှန်းကျမ်းဘာသာရပ်တွင် ရှင်ကျော် ၁၀၀ (ပ+ဒု) စာအုပ်ဖြင့် ဆုရရှိသူ မောင်ဇေယျာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဘာသာရပ်တွင် ကိုလိုနီခေတ်လွန် မြန်မာ့သစ်တော စီးပွားရေးတစေ့တစောင်း စာအုပ်ဖြင့် ဆုရရှိသူ သစ်ရိုင်း၊ ကလေးဘာသာရပ်တွင် သားလေးအိပ်ချိန် ကလေးကဗျာများ စာအုပ်ဖြင့် ဆုရရှိသူ သိပ္ပံစိုးမြင့်နိုင်၊ လူငယ်ဘာသာရပ်တွင် ငန်းနက်နှင့် နှံကောင်စာအုပ်ဖြင့် ဆုရရှိသူ ဇေယျသူနှင့် စာမူဆုရရှိကြသူများ ဖြစ်ကြသော ကျန်းမာရေး(အင်္ဂလိပ်) ဘာသာရပ်တွင် JENESYS’ Food Safety Research Expedition စာမူဆုရ Dr. Aye Kyaw (Medical Research)၊ ယဉ်ကျေးမှုဘာသာရပ်တွင် အင်းလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ စာမူဆုရ မောင်မောင်ချစ်ဦး(မုံရွာ)၊ ကလေးဘာသာရပ်တွင် ကေဂျီတန်းမှာ ပျော်စရာကလေးကဗျာများ စာမူဆုရ လူမွန်(ပခုက္ကူ)နှင့် သုတပဒေသာဘာသာရပ်တွင် ဆရာဇော်ဂျီ၏ စကားပြေရေးဟန် စာမူဆုရ ဒေါက်တာစိုးနိုင်တို့အား ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီ နာယက ဦးသိန်းထွန်းက ဆုရွေးချယ်ရေးကော်မတီဝင်များကိုယ်စား ကော်မတီဝင် ဒေါက်တာဦးမြင့်အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဆုရရှိကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေး ကော်မတီအဖွဲ့က တစ်သက်တာစာပေဆုအတွက် ငွေကျပ်သိန်း ၂၀ နှင့် ရွှေ သုံးမတ်သား၊ စာအုပ်ဆုတစ်ဆုလျှင် ငွေကျပ် ၁၅ သိန်းနှင့် ရွှေငါးမူးသား၊ စာမူဆုတစ်ဆုလျှင် ငွေကျပ်ခုနစ်သိန်းတို့ကို ပေးအပ် ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်၊**
**ဓာတ်ပုံ-လှမိုး၊ ရဲထွဋ်**

# ထွန်းဖောင်ဒေးရှင်းစာပေဆု (၂၀၁၆) ချီးမြှင့်ပွဲမှ ပီတိစကားသံများ

ထွန်းဖောင်ဒေးရှင်းစာပေဆု(၂၀၁၆) ချီးမြှင့်ပွဲအခမ်းအနား အစီအစဉ်ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပရာ ဧကာ ဒသမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၆) စာပေဆုချီးမြှင့်ပွဲမှ တစ်သက်တာစာပေဆု၊ အခြားစာပေဆုနှင့်ဘာသာရပ်အလိုက် ဆွတ်ခူးရရှိခဲ့သည့် စာရေးဆရာကြီးများအား တွေ့ဆုံမေးမြန်းခဲ့သည်။



ဦးသိန်းထွန်း



စည်သူဒေါက်တာသော်ကောင်း



ဒေါက်တာခင်အေး



ဒေါက်တာတင်အောင်အေး

**ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီ နာယက ဦးသိန်းထွန်း (ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ)**

“ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံရဲ့ စာပေမြင့်မားတိုးတက်ရေးအတွက် ဒီလိုစာပေဆုကို ချီးမြှင့်ပေးအပ်တာပါ။ ဘက်စုံစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို လုပ်ဆောင်နေတာကလည်း ဒီဆုပေးအပ်ချီးမြှင့်ပွဲနဲ့ဆို (၁၁)ကြိမ်မြောက်ရှိသွားပါပြီ။ စာပေရေးသားသူတွေကိုလည်း နှစ်စဉ်ဂုဏ်ပြုတာက တိုးမြှင့်ပြီး ပေးအပ်ချီးမြှင့်လျက်ရှိပါတယ်။ အနာဂတ်ကာလမှာ စာမတတ်သူပပျောက်ရေးနှင့် စာတတ်သူမြင့်မားတိုးတက်ရေးအတွက်ကို နိုင်ငံတော်က လုပ်ဆောင်ပေးသင့်ပါတယ်။ ဘာလို့လဲဆိုတော့ စာဖတ်သူတွေက အရင်ကထက်နည်းပါးလာပြီး လူမှုကွန်ရက်(အင်တာနက်)စာမျက်နှာက အရာတွေကို လေ့လာတဲ့ဘက်ရောက်သွားကြပါတယ်။ ဒါကြောင့် စာဖတ်သူတိုးတက်မြင့်မားမှ တိုင်းပြည်မှာ ဂုဏ်သိက္ခာရှိတဲ့ လူမှုအဆောက်အအုံကို တည်ဆောက်လို့ရမှာမို့ နိုင်ငံတော်အနေနဲ့ အားပေးအားမြှောက်ပြုလုပ်စေချင်ပါတယ်။”

**တစ်သက်တာစာပေဆုရ စည်သူဒေါက်တာ သော်ကောင်း**

“ဆရာကတော့ ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီမှာလည်း ဥက္ကဋ္ဌဖြစ်သလို ဆုချီးမြှင့်ခံရတဲ့အထဲမှာလည်း တစ်သက်တာစာပေဆုကို ဆွတ်ခူးရရှိခဲ့ပါတယ်။ ဒီဆုကတော့ တတိယမြောက် ဆွတ်ခူးရရှိခြင်းဖြစ်ပါတယ်။ ပထမကတော့ ပခုက္ကူကပေးတဲ့ တစ်သက်တာစာပေဆုဖြစ်ပြီး ဒုတိယမြောက်ကတော့ အမျိုးသားစာပေဆုဖြစ်ပါတယ်။ ဒီဆုမှာရရှိခဲ့တဲ့ငွေကတော့ ဆရာ့အနေနဲ့ လှူဒါန်းနိုင်တော့မှာဖြစ်ပြီး စာအုပ်၊ စာပေထုတ်ဝေဖို့အတွက်လည်း အသုံးကျမှာဖြစ်ပါတယ်။ ရရှိတဲ့ဂုဏ်အတွက်ကတော့ ဆရာတင်မဟုတ်ဘူး ဆရာ့အသိုင်းအဝိုင်းကပါ ဂုဏ်ယူဝမ်းသာနေကြပါတယ်။ ခုဆို စာပေစိစစ်ရေးမရှိတော့ အများကြီးပွင့်လင်းမြင်သာမှုတွေဖြစ်လာပါပြီ။ ဆရာ့အနေနဲ့လည်း သမိုင်းဘာသာရပ်ကို ဝါသနာပါပြီး လက်ရှိလည်း သမိုင်းဘာသာရပ်ကို လုပ်ဆောင်နေပါတယ်။ အနာဂတ်ကာလမှာ ပေါ်ထွန်းလာမယ့် လူငယ်စာပေပညာရှင်တွေကို စာများများဖတ်စေချင်ပါတယ်။ ပြီးတော့ စာများများ ရေးစေချင်ပါတယ်။ ဒီနေ့ ပေးအပ်တဲ့ဆုချီးမြှင့်ပွဲမှာဆိုလည်း စာရေးဆရာလူငယ်ပိုင်းတွေ ပါဝင်လာပါတယ်။ ဒါကြောင့် လူငယ်များကို စာများများဖတ်၊ စာများများရေးစေချင်တာဖြစ်ပြီး တိုင်းပြည်အတွက်လည်း အကျိုးရှိစေနိုင်သလို ကိုယ့်အတွက်လည်း အကျိုးရှိစေမှာဖြစ်တယ်လို့ ပြောကြားလိုပါတယ်။”

**တစ်သက်တာစာပေဆုရ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)**

“တစ်သက်တာလုံး စာပေရေးသားတဲ့သူကို ပေးအပ်ချီးမြှင့်တဲ့အတွက် ဒီဆုကို ဆွတ်ခူးရရှိခဲ့တာပါ။ ကျွန်တော့်ရဲ့ စာရေးသက်ကတော့ နှစ်ပေါင်း (၆၀)ရှိပါပြီ။ စာအုပ်ပေါင်း ၈၈ အုပ် ထုတ်ဝေပြီးပါပြီ။ ဒီတော့ စာပေဆောင်ရွက်ချက်တွေကို အသိအမှတ်ပြုသောအားဖြင့် ဒီလိုတစ်သက်တာစာပေဆုကို ပေးအပ်ချီးမြှင့်တယ်လို့ပဲ ကျွန်တော့်အနေနဲ့ နားလည်ပါတယ်။ အနာဂတ်ကာလမှာ လူငယ်တွေကို ကြိုးစားစေချင်ပါတယ်။ အဓိကအားဖြင့် စာဖတ်သူကလည်းဖတ်၊ ရေးသူကလည်းရေးမယ်ဆိုရင် စာပေလောက ဖွံ့ဖြိုးတိုးတက်လာမှာပါ။ စာပေလုပ်ငန်းဆိုတာကလည်း တစ်သက်လုံး လုပ်ဆောင်နေရမယ့်ကိစ္စဖြစ်ပြီး ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် စာပေလောက ဖွံ့ဖြိုးတိုးတက်ဖို့ တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ခုအကြိမ်နဲ့ဆိုရင် တစ်သက်တာဆုသုံးဆုကို ဆွတ်ခူးရရှိခဲ့ပါပြီ။

**သုတပဒေသာစာပေဆု(အင်္ဂလိပ်)ရ ဒေါက်တာ တင်အောင်အေး**

ဆရာကြီးရေးတဲ့စာကတော့ ဆရာရဲ့ ဥပဒေပညာအမွေတွေကို အနာဂတ်လူငယ်တွေရော လက်ရှိတာဝန် ထမ်းဆောင်နေကြတဲ့ ပုဂ္ဂိုလ်များပါ သိစေချင်လို့ပါ။ ဒီဘာသာရပ်ဆိုင်ရာဟာ အားလုံးနဲ့သက်ဆိုင်တာဖြစ်တဲ့အတွက် ပညာအမွေထားခဲ့ချင်လို့ သုံးနှစ်ကြာရေးသားပြုစုခဲ့တဲ့ ကျမ်းစာအုပ်ကြီးတစ်အုပ်လည်းဖြစ်ပါတယ်။ ဒီဆုဆွတ်ခူးရရှိဖို့အတွက်လည်း ရည်ရွယ်ချက်ကမူလကမရှိခဲ့ပါဘူး။ ခုလို ဆုဆွတ်ခူးရရှိတော့ စိတ်အားတက်ပြီးဝမ်းသာပီတိဖြစ်ရပါတယ်။ စာပေဝါသနာပါတဲ့ နောင်လာနောက်သားတွေကလည်း စာကောင်းပေသန့်တွေကို ရွေးချယ်ဖတ်ပါ။စာများများဖတ်ပြီး စာကောင်းပေသန့်တွေကပေးတဲ့ အသိပညာကောင်းများကို တိုးပွားအောင်ကြိုးစားပါလို့ ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။”

ထွန်းဖောင်ဒေးရှင်းစာပေဆုတွင် ယခု ၂၀၁၆ ခုနှစ်အတွက် ပေးအပ်ချီးမြှင့်သော စာပေဆုအတွက် ဆုရစာအုပ် ၁၅ မျိုး၊ ဆုရစာမူများ လေးမျိုး၊ စာပေကော်မတီအား ဂုဏ်ပြုဆုတစ်မျိုးပါဝင်ခဲ့ပြီး တစ်သက်တာစာပေ ဆုနှစ်ဆုပါဝင်ခဲ့ကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း-စိုးဝင်း (MLA)၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# မြန်မာ့စီးပွားရေး-ဆွေးနွေးစရာတွေ

ခင်မောင်ညို(ဘောဂဗေဒ)

အခုတလော စီးပွားရေးတက္ကသိုလ်(ရန်ကုန်)မှာ ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲတွေ အတော်စိပ်တယ်။ အဲဒီဆွေးနွေးပွဲတွေမှာ ကိုယ်တိုင်ဦးဆောင်ဆွေးနွေးမှုတွေလုပ်ဖြစ်သလို ဝင်ရောက်နားထောင်ဖြစ်တာတွေလည်း အများကြီးပါ။ မတက်ဖြစ်တဲ့ဆွေးနွေးပွဲတွေလည်းရှိတာပေါ့။ တကယ်တော့ ပညာရှင်ဆွေးနွေးပွဲဖြစ်လို့ ကျယ်ကျယ်ပြန့်ပြန့်အသိမပေးသလို စာနယ်ဇင်းတွေတောင်မှ သိပ်မရောက်ကြပါဘူး။ ပညာရှင်ဆရာကြီးတစ်ယောက်ကဆို စာနယ်ဇင်းတွေကို ဘာမှမဖြေဘူး။ သူပြောတာ၊ ဆိုတာတွေကို အကောက်အယူလွဲရင် အကျိုးမဲ့ဖြစ်မှာကိုစိုးရိမ်ပုံရပါတယ်။ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲဖြစ်ပေမယ့် နိုင်ငံရေးတရား ဝင်ဟောသွားတာမျိုး၊ ကြော်ငြာဝင်ထိုးသွားတာမျိုးတွေကတော့ဘယ်ခေတ်မှာမဆိုရှိတတ်တာပဲထင်ပါရဲ့။ ပညာရှင်ဆွေးနွေးပွဲဆိုတာကဘယ်ဘက်မှမလိုက်၊ ဘယ်သူ့မျက်နှာကိုမှမထောက်ထား၊ ပညာရပ်အပေါ်မှာ ခြေစုံမတ်မတ်ရပ်ပြီး ဆွေးနွေးကြတာမျိုးပါ။

တလောက ငြိမ်းချမ်းရေးဆွေးနွေးပွဲတစ်ခုမှာ စာနယ်ဇင်းတွေ တက်ခွင့်မပြုပါဘူး။ ရေးတာ၊သားတာတွေကိုလည်း နာမည်နဲ့မဖော်ပြဖို့ မေတ္တာရပ်ခံထားတယ်။ ဒါပေမယ့် ပွဲစီစဉ်သူတွေက ချက်ချင်းလူမှုကွန်ရက်ပေါ်မှာတင်တာ၊ အန္တရာယ်မရှိပေမယ့် ကိုယ်ချမှတ်တဲ့စည်းကမ်း ကိုယ်တိုင်ကမလိုက်နာသလိုတွေ့ရတယ်။

ပညာရပ်ဆိုင်ရာဆွေးနွေးပွဲတွေရဲ့ အလှအပတစ်ခုက လွတ်လပ်စွာသဘောကွဲလွဲကြ၊ ငြိမ်းငြိမ်းချမ်းချမ်း အမြင်ကွာခြားကြတာပါ။ ပညာရှင်တွေဆိုတာကလည်း ကိုယ်သန်ရာသန်ရာ၊ ကိုယ့်ရှုထောင့်ကကိုယ် ပြောကြဆိုကြတာဆိုတော့ တစ်ယောက်နဲ့တစ်ယောက် အမြဲတမ်းသဘောချင်းတိုက်ဆိုင်တယ်ဆိုတာ ဘယ်ဖြစ်နိုင်ပါ့မလဲ။ တစ်ခါတလေကျတော့လည်း လက်တွေ့နဲ့ကင်းကွာတယ်ဆိုတာမျိုးလေးတွေရှိပေမယ့် အခုအချိန်မှာသာစိတ်ကူးယဉ်ဆန်နေပေမယ့် နောင်တစ်ချိန်ကျ ဘယ်သူမှမမျှော်လင့်ထားဘဲဖြစ်နိုင်တာတွေ၊ ဖြစ်လာတာတွေအများကြီးမဟုတ်လား။

အဲဒီလိုဆွေးနွေးကြရင်းနဲ့ရှုထောင့်တွေ၊ အမြင်တွေအမျိုးမျိုးထွက်လာတယ်။

ဥပမာ-လက်ရှိအစိုးရကငြိမ်းချမ်းရေး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေဘက်စုံဖွံ့ဖြိုးရေး၊ ညီညီမျှမျှတိုးတက်ရေး၊ အားလုံးပါဝင်ပတ်သက်တဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်တယ်လို့ အားလုံးကမြင်တယ်။ တချို့ပညာရှင်တွေက လက်ရှိအခြေအနေမှာ နိုင်ငံစီးပွားရေးတည်ငြိမ်ဖို့ ကုန်ဈေးနှုန်း၊ ဘတ်ဂျက်လိုငွေ၊ အလုပ်အကိုင်ရရှိမှု၊ ကုန်သွယ်ရေးလိုငွေ စသည်တို့ကိုသေချာကိုင်တွယ်ဖို့လိုတယ်လို့မြင်တယ်။ တခြားပညာရှင်တစ်ယောက်က မြန်မာနိုင်ငံရဲ့အဓိကပြဿနာဟာ ငွေကြေးကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍတွေနဲ့ အဓိကမသက်ဆိုင်ဘဲ ထုတ်လုပ်မှုတွေ၊ ရောင်းချမှုတွေနဲ့ပဲ သက်ဆိုင်တယ်လို့မြင်တယ်။ အားလုံးက ကိုယ့်ရှုထောင့်နဲ့ကိုယ် မှန်ကြတဲ့သူတွေချည်းပါပဲ။

ဒီအချိန်မှာပဲ ကုမ္ပဏီဥပဒေအသစ် (မူကြမ်း) ထွက်လာတယ်။ လွှတ်တော်မှာ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေတွေ၊ ရသုံးမှန်းခြေဥပဒေတွေတင်သွင်းကြ၊ ဆွေးနွေးကြလုပ်တယ်။အခုဆောင်းပါးကိုရေးနေတဲ့ ဖေဖော်ဝါရီ ၁ ရက်မှာက ဆွေးနွေးနေဆဲပဲရှိသေးတယ်။ အဲဒါကြောင့် အားလုံးမသိရသေးဘူး။

စီမံ/ဘဏ္ဍာဒုတိယဝန်ကြီးတင်ပြသွားတဲ့အထဲက သိရသလောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လျာထားတဲ့အခွန်ငွေတွေ တိုးတက်ကျော်လွန်ကောက်ခံနိုင်ခဲ့တယ်၊ အနာဂတ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အသုံးစရိတ်တွေကို ကောက်ခံရရှိမည့်အခွန်ငွေတွေအပေါ်ရပ်တည်ဖို့ ကြိုးပမ်းနေတယ်ဆိုပါတယ်။ တစ်နည်းအားဖြင့် လိုငွေလျှော့နည်းဖို့၊ လိုငွေကိုငွေစက္ကူရိုက်တဲ့နည်းနဲ့ ဖြေရှင်းတာကို လျှော့ချဖို့၊ လိုငွေကြောင့် ဖြစ်ရတဲ့ ဈေးနှုန်းတက်မှုကို လျှော့ချနိုင်အောင် ကြိုးစားမှုလို့ နားလည်ရပါတယ်။

မကြာခဏဆိုသလို စိတ်ဝင်စားကြတာက ကာကွယ်ရေးဝန်ကြီးဌာနရဲ့၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းမှာ အရင်နှစ်ကထက် ငွေလုံးငွေရင်းအသုံးစရိတ် ၈၆ ဒသမ ၅၃၃ ဘီလီယံ လျှော့နည်းတောင်းခံထားတယ်ဆိုတဲ့သတင်းကိုလည်း စိတ်ဝင်စားမိပါတယ်။

၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်နဲ့စာရင်၂၀၁၇-၂၀၁၈ မှာ လျှော့နည်းလာမယ်။ အခုလိုလျှော့နည်းလာရတာဟာ ကမ္ဘာ့သဘာဝဓာတ်ငွေ့ဈေးနှုန်း အပြောင်းအလဲကြောင့်ဖြစ်တယ်လို့ဆိုပါတယ်။ ရတနာနဲ့ ရဲတံခွန်က သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကျပေမယ့် ရွှေနဲ့ဇောတိကကထုတ်လုပ်မှုတိုးနေလို့ နိုင်ငံတွင်းသဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကျဆင်းသွားနိုင်ခြေမရှိဘူးဆိုတာကတော့ သတင်းကောင်းတစ်ခုပါ။ ရေနံနဲ့သဘာဝဓာတ်ငွေ့က အခွန်အကောက်အနေနဲ့ ကျပ် ၂၇၉ ဘီလီယံရဖို့ လျာထားတယ်လို့တွေ့ရတယ်။

မှာ လယ်ယာကို၂၇ ရာခိုင်နှုန်းလောက်အထိ အချိုးအစားလျှော့ချ၊ စက်မှုကို ၃၂ ရာခိုင်နှုန်းအထိ တိုးဖို့ရည်ရွယ်ထားတာကို တွေ့ရပါတယ်။ (ဥပဒေကြမ်း-ဇယားပူးတွဲ-၁)

ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်လို့ ပုဂ္ဂလိကအခန်းကဏ္ဍက ၇၇ ရာခိုင်နှုန်း၊ နိုင်ငံပိုင်အခန်းက၂၂ ရာခိုင်နှုန်း၊ သမဝါယမအခန်းက အနည်းငယ်ရင်းနှီးမြှုပ်နှံဖို့ စီမံကိန်းမှာလျာထားတာကိုတွေ့ရတော့ ပုဂ္ဂလိကကဏ္ဍက နိုင်ငံပိုင်ကဏ္ဍထက် သုံးဆလောက်ပိုမိုမြှုပ်နှံမယ်လို့ မျှော်လင့်အားကိုးထားတာ တွေ့ရပါတယ်။ ဒီသဘောကိုပဲ ပုဂ္ဂလိကကဏ္ဍကဦးဆောင်တဲ့ စီးပွားရေးတိုးတက်မှု (Private Section-Led Economic Growth) လို့ ရည်ရွယ်ပြောဆိုကြတာဖြစ်ပါတယ်။

စီမံကိန်းဥပဒေကြမ်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်တဲ့စီမံကိန်းတွေ၊ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးတို့ကိုအထောက်အကူပြုတဲ့ စီမံကိန်းတွေ ပါဝင်ရမယ်ဆိုတဲ့ပြဋ္ဌာန်းချက်ကို တွေ့ရတာ ကတော့ ထူးခြားပါတယ်။ ဘယ်လိုစီမံကိန်းတွေ ရယ်မပြောတတ်။

**လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမယ်လို့ ဆိုထားပေမယ့် စီမံကိန်းမှာတော့ ဘယ်လိုဆောင်ရွက်တယ်ဆိုတာ ပေါ်လွင်ထင်ရှားခြင်းမရှိပါဘူး။ အကျိုးစီးပွားမဖြစ်တဲ့ စီမံကိန်းတွေကို ငြင်းပယ်ရမယ်။ ဆိုင်းငံ့ရမယ်။ လျှော့ပြီးခွင့်ပြုရမယ်လို့ ဆိုထားလေတော့ ဒီအထဲမှာ ဘယ်လိုစီမံကိန်းတွေ အကျုံးဝင်မလဲဆိုတာလည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။**

ဘဏ္ဍာရေးသတင်း၊ စီမံကိန်းသတင်းတွေဖတ်ရင်း ရသုံးခန့်မှန်းခြေငွေစာရင်းနဲ့ စီမံကိန်း အဆင်ပြေညီညွတ်မှုရှိသလား၊ မရှိဘူးလားဆိုတဲ့ မေးခွန်းတစ်ခုကို ကျွန်တော်တို့မေးခဲ့ကြဖူးတယ်။ အခုတော့ စီမံကိန်းရော၊ ဘဏ္ဍာရေးရောက ဝန်ကြီးဌာနတစ်ခုတည်းအောက်ရောက်နေတော့ ဒီမေးခွန်းကို မေးစရာလိုမယ်မထင်တော့ဘူး။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကနေ မြန်မာနိုင်ငံရဲ့လက်ရှိစီးပွားရေးအခြေအနေကို နားလည်နိုင်တဲ့အချက်အလက်တချို့ကို ရယူနိုင်ပါတယ်။ ဥပမာ- ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် (လက်ရှိဘဏ္ဍာရေးနှစ်) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနဲ့ဝန်ဆောင်မှုတန်ဖိုးကို ကဏ္ဍအလိုက်ခွဲကြည့်တော့ အကြီးဆုံးက ဝန်ဆောင်မှုကဏ္ဍက ၄၄ ဒသမ ၂ ရာခိုင်နှုန်းခန့် (S)၊ စက်မှုလက်မှုကဏ္ဍက ၃၁ရာခိုင်နှုန်း (I) နဲ့ ဒုတိယလိုက်ပြီး လယ်ယာကဏ္ဍက အငယ်ဆုံး၂၇ ရာခိုင်နှုန်းဖြစ်နေတာ၊ (SIA) ပုံသဏ္ဌာန်ဖြစ်နေတာကို တွေ့နိုင်ပါတယ်။ လယ်ယာလို့ပြောရင် လယ်ယာ၊ သားငါး၊ သစ်တောတို့ပါပြီး စက်မှုကဏ္ဍအောက်မှာတော့ စွမ်းအင်၊ သတ္တုနဲ့တွင်းထွက်၊ စက်မှုလက်မှု၊ လျှပ်စစ်နဲ့ ဆောက်လုပ်ရေးတို့ပါဝင်ကာ ဝန်ဆောင်မှုအောက်မှာ ပို့ဆောင်ရေး (ဆက်သွယ်ရေး)၊ ငွေကြေး၊ လူမှုရေးနဲ့ စီမံခန့်ခွဲရေး၊ ငှားရမ်းခနဲ့အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုတို့ပါဝင်ပါတယ်။

ကျွန်တော်တို့စိတ်ထဲမှာ မြန်မာနိုင်ငံမှာစိုက်ပျိုးရေး (A) က အကြီးဆုံး၊ ပြီးတော့မှစက်မှု(I)၊ အငယ်ဆုံးက ဝန်ဆောင်မှု (S)ဆိုတဲ့ပုံစံမျိုးပဲလို့ ဆက်ပြီးထင်နေကြတာ။ တကယ်တော့ မဟုတ်ပါဘူး။၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အကုန်မှာ ...

လုပ်ငန်းစီမံကိန်းတွေနဲ့ပတ်သက်လို့ ဖြစ်မြောက်နိုင်စွမ်းရှိမရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှုရှိ၊ မရှိအပြင် ပြည်သူနဲ့ဒေသဖွံ့ဖြိုးရေးကို အကျိုးရှိ၊ မရှိ၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိမရှိ ဘက်စုံလေ့လာဆန်းစစ်ဖို့ Social Impact Assessment နဲ့ Environmental Impact Assessment တွေလုပ်ဖို့ပါ ထည့်သွင်းပါတယ်။

လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမယ်လို့ ဆိုထားပေမယ့် စီမံကိန်းမှာတော့ ဘယ်လိုဆောင်ရွက်တယ်ဆိုတာ ပေါ်လွင်ထင်ရှားခြင်းမရှိပါဘူး။ အကျိုးစီးပွားမဖြစ်တဲ့ စီမံကိန်းတွေကို ငြင်းပယ်ရမယ်၊ ဆိုင်းငံ့ရမယ်၊ လျှော့ပြီးခွင့်ပြုရမယ်လို့ဆိုထားလေတော့ ဒီအထဲမှာ ဘယ်လိုစီမံကိန်းတွေအကျုံးဝင်မလဲဆိုတာလည်း စိတ်ဝင်စား စရာကောင်းပါတယ်။

ကဏ္ဍအလိုက် တိုးတက်ဖို့လျာထားချက်တွေမှာ စွမ်းအင်က ၃ ဒသမ ၉ရာခိုင်နှုန်း၊ သတ္တုနဲ့တွင်းထွက်က ၆ ဒသမ ၃ ရာခိုင်နှုန်းပဲ တိုးတက်ဖို့လျာထားပေမယ့် သစ်တောကဏ္ဍက ၃၄ ရာခိုင်နှုန်းတိုးတက်ဖို့ လျာထားတာတွေ့ရပြန်လေတော့ စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးရေးကို ထိခိုက်နိုင်လေမလားလို့ စိတ်ပူစရာပါ။ တိုးတက်မှုနှုန်းမှာသစ်တောကဏ္ဍက အမြင့်ဆုံးဖြစ်လို့ပါ။စက်မှု ၁၁ ရာခိုင်နှုန်း၊ ငွေရေးကြေးရေး ၁၁ ဒသမ ၅ရာခိုင်နှုန်း၊ ငှားရမ်းခနဲ့အခြားဝန်ဆောင်မှု ၁၂ ရာခိုင်နှုန်းဆိုတဲ့ ဆယ်ဂဏန်းတိုးတက်မှုနှုန်းတွေထက်ပါ မြင့်နေလို့ပါ။ လယ်ယာ၊ သားငါး၊ လျှပ်စစ်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လူမှုရေးတွေက ခုဂဏန်း (One Digit) ပဲတိုးတက်မှုနှုန်းလျာထားတာတွေ့ရတယ်။

တစ်ဖက်ကစီမံကိန်း၊ တစ်ဖက်ကဘတ်ဂျက် (ရသုံးမှန်းခြေငွေစာရင်း) ရေးဆွဲရာမှာ အရှုံးပေါ်တဲ့လုပ်ငန်းတွေရပ်ဆိုင်းဖို့ မကြာခဏဆွေးနွေးပြောဆိုကြပါတယ်။ ဒါပေမယ့် အရှုံးပေါ်နေတဲ့လုပ်ငန်းတွေကိုကြည့်ရင် မြန်မာ့စာတိုက်လုပ်ငန်း၊ လျှပ်စစ်ထုတ်လုပ်ရေး၊ မီးရထားတို့လို ဘယ်လိုမှရပ်လို့မရ၊ အရှုံးပေါ်နေသည့်တိုင် အစိုးရက တာဝန်ယူဆောင်ရွက်ရမယ့်လုပ်ငန်းတွေဖြစ်နေတယ်။ အရှုံးပေါ်လို့ရပ်မယ့်အစား အရှုံးလျှော့စေဖို့၊ ဖြစ်နိုင်ရင် အမြတ်ရစေဖို့ ဆောင်ရွက်ရမယ်လို့မြင်ပါတယ်။

ဒီစီမံကိန်းကာလက တစ်နှစ်ဆိုတော့ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်မှာ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေရဲ့ ပါဝင်မှုအချိုးအစားသိသိသာသာပြောင်းလဲအောင်ဆောင်ရွက်ဖို့ခက်ခဲတာအမှန်ပါ။ ဒါကြောင့် နှစ်အလိုက်ဈေးနှုန်းအရ ရည်မှန်းချက်မှာလက်ရှိ၂၀၁၆-၂၀၁၇မှာ ရန်ကုန်တိုင်းဒေသကြီးရဲ့အချိုးအစား၂၄ရာခိုင်နှုန်းရှိရာက ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်မှာ၂၄ ဒသမ ၅ရာခိုင်နှုန်းဖြစ်သွားတာမျိုးလို ဒေသအလိုက်အချိုးအစား သိသိသာသာမပြောင်းလဲနိုင်တာတွေ့ရပါတယ်။ တစ်နည်းပြောရရင်တော့ ဒီတစ်နှစ်အတွင်း ဒေသတွေအကြား၊ ဘက်ညီဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ ရည်မှန်းချက်ကိုအကောင်အထည်မဖော်နိုင်သေးဘူးလို့ ယူဆရပါတယ်။

တစ်နည်းပြောရရင် ရန်ကုန်တိုင်းဒေသကြီးလို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး စတဲ့အခြေခံအဆောက်အအုံအတန်အသင့်ပြည့်စုံတဲ့ဒေသတွေမှာ တိုးတက်မှုနှုန်းမြန်ဆန်ဖို့ လျာထားနိုင်ပေမယ့် အချို့ပြည်နယ်တွေမှာ အခြေခံအဆောက်အအုံမပြည့်စုံတာ၊ ငြိမ်းချမ်းမှုအပြည့်အဝမရသေးတာတွေကြောင့် တိုးတက်မှုနှုန်းမြင့်ဖို့ခဲယဉ်းနေသေးတယ်လို့ နားလည်ရပါတယ်။

ဒါပေမယ့် ဘတ်ဂျက်ခွဲဝေပုံတွေကိုပြန်ကြည့်တဲ့အခါ သုတေသီတစ်ဦးရဲ့တွက်ချက်မှုအရ၂၀၁၁-၂၀၁၂မှာ စုစုပေါင်းအသုံးစရိတ်ရဲ့ ၂ရာခိုင်နှုန်း၊ ဂျီဒီပီရဲ့ သုညဒသမ ၃၅ ရာခိုင်နှုန်းကိုသာပြည်နယ်၊တိုင်းဒေသကြီးတွေကို လွှဲပေးခဲ့ရာက၂၀၁၆-၂၀၁၇မှာ စုစုပေါင်းအသုံးစရိတ်ရဲ့၈ရာခိုင်နှုန်း၊ ဂျီဒီပီရဲ့၂ ရာခိုင်နှုန်းအထိ တိုးတက်လွှဲပေးလာတာကိုတွေ့ရတယ်။၂၀၁၁-၂၀၁၂ တုန်းက ဝင်ငွေရဲ့ ၉၇ ရာခိုင်နှုန်းကို ပြည်ထောင်စုအစိုးရက ရရှိပြီး ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက ၃ရာခိုင်နှုန်းရတယ်။ အသုံးစရိတ်မှာ ပြည်ထောင်စုအစိုးရက ၉၆ ရာခိုင်နှုန်းသုံးပြီး တိုင်းဒေသကြီးနဲ့ပြည်နယ်တွေက ၄ ရာခိုင်နှုန်းသုံးခဲ့ကြတယ်။ တစ်နည်းအားဖြင့် ကိုယ်ရတာကိုပဲကိုယ်သုံးတဲ့အဓိပ္ပာယ်ဖြစ်နေတယ်။ ပြည်ထောင်စုက ဝင်ငွေရော၊ သုံးစွဲမှုတွေမှာပါ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေအတွက် ပါဝင်တယ်လို့ ဆိုနိုင်ပါတယ်။

၂၀၁၆-၂၀၁၇ရောက်တော့ ပြည်ထောင်စုအစိုးရရဲ့ဝင်ငွေဟာ ၈၈ ရာခိုင်နှုန်းဖြစ်လို့ ၉ ရာခိုင်နှုန်းလောက်ကျဆင်းသွားတာ၊ အသုံးစရိတ်မှာ ၉၀ ရာခိုင်နှုန်းဖြစ်လို့ ၆ ရာခိုင်နှုန်းကျဆင်းသွားပြီး ပြည်နယ်နဲ့တိုင်းဒေသကြီးတွေရဲ့အသုံးစရိတ်က ၆ ရာခိုင်နှုန်းတိုးတက်ပြီး ဆယ်ရာခိုင်နှုန်းအထိဖြစ်လာတဲ့ အချိုးအစားအပြောင်းအလဲကိုလည်း သတိပြုမိပါတယ်။

"ခြုံပြီးပြောရရင်၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းဟာ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး ၇ ရာခိုင်နှုန်းတိုးတက်ဖို့ လောလောဆယ်အခြေအနေထက် စီးပွားရေးတိုးတက်မှုနှုန်းမြန်ဆန်ဖို့ ရည်မှန်းဆောင်ရွက်တဲ့ စီမံကိန်းဖြစ်တယ်လို့ ညဏ်မီသလောက် ရသလောက်စာရင်းအင်းလေးကိုသုံးပြီး နားလည်သဘောပေါက်မိပါကြောင်း။

နောင်လည်းဆက်ဆွေးနွေးကြသေးတာပေါ့။

❑

# နိုင်ငံတော်ဩဝါဒါစရိယ စုဒ္ဒသမရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား အန္တိမစျာပနသာဓုကီဠနပူဇော်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**
နိုင်ငံတော်ဩဝါဒါစရိယ စုဒ္ဒသမရွှေကျင်သာသနာပိုင်ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ၏ အန္တိမစျာပန သာဓုကီဠနပူဇော်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ကျင်းပသည်။

အဆိုပါ အန္တိမစျာပနသာဓုကီဠနပူဇော်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝိဇ္ဇောတာရုံစာသင်တိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ပန္နရသမရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောတဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်မြင့်မောင်၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ဦးဆောင်၍ တာဝန်ရှိသူများက ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပေးပို့လှူဒါန်းသော စိန်ကတ္တီပါတော်ဖြင့် လွှမ်းခြုံပူဇော်ပေးကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သံဝေဂဉာဏ်ပွားများခြင်း သဝဏ်လွှာ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ပေးပို့ဆက်ကပ်ကြသည့် ဝမ်းနည်းကြောင်းသဝဏ်လွှာ၊ ရွှေကျင်နိကာယဗဟိုဌာန သံဃာတော်များ၏ သံဝေဂဘာဝနာသဝဏ်လွှာ၊ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ မဟာထေရုပ္ပတ္တိအကျဉ်းနှင့် မန္တလေးမြို့ အဝေရာရာမ ရန်ကင်းကျောင်းတိုက်ဆရာတော် နိုင်ငံတော် သံဃမဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဒါတသိရီဘိဝံသ ရေးသားသည့် မဟာထေရဂုဏသံယုတ္တသံဝေဂိယကထာဂါထာတို့ကို ဆရာတော်၊ သံဃာတော်များက အသီးသီးရွတ်ဖတ်ပူဇော်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား အန္တိမစျာပနပြုလုပ်မည့်နေရာသို့ ပင့်ဆောင်လာစဉ်။ (တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး)

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဆရာတော်၊ သံဃာတော်တို့ထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရထံမှ ဧည့်ပရိသတ်အပေါင်းတို့က မရဏာနုဿတိဘာဝနာတရားကို နာယူတော်မူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်ပြီး ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ ဓာတ်ပုံတော်၊ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဦးစွာပင့်ဆောင်တော်မူကြပြီး ဥတုဇရုပ်ကလာပ်တော်အား မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ အန္တိမစျာပနပြုလုပ်မည့် အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်အားကစားကွင်းနေရာသို့ ပင့်ဆောင်ပူဇော်ရန် ဥတုဇရုပ်ကလာပ်တော်တင် ဒေါင်းယာဉ်ပျံပေါ်သို့ ပင့်ဆောင်တော်မူကြပြီး ဒေဝါဝင်း၊ ရာဇာဝင်း၊ နဂါးဝင်း၊ ဝတ်အသင်းများဖြင့် စည်ကားသိုက်မြိုက်စွာ လိုက်ပါပို့ဆောင်ကြသည်။

ထို့နောက် အန္တိမစျာပနပူဇော်ပွဲကို ရွှေမန်းတောင်အားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ယင်းနောက် မန္တလေးမြို့ ကုသိုလ်တော်ရိပ်သာပရိယတ္တိစာသင်တိုက်ကြီး၏ စာချနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စာဘိဝံသမှ ဥတုဇရုပ်ကလာပ်တော်အား နတ်ပန်းရထားပေါ်သို့ ပင့်ဆောင်သည့်ဂါထာတော်ကို ရွတ်ဖတ်ပူဇော်ပြီး နတ်ပန်းရထားပေါ်သို့ လက်ဆင့်ကမ်းပင့်ဆောင်ကြသည်။ ယင်းသို့ ပင့်ဆောင်ပူဇော်နေချိန်တွင် မန္တလေးယဉ်ကျေးမှုတက္ကသိုလ် အနုပညာအဖွဲ့က ကောင်းကင်ကြိုး ဓမ္မသံဝေဂဂီတသံစဉ်များဖြင့် သီဆိုပူဇော်ကြသည်။

ထို့နောက် မန္တလေးမြို့ ကုသိုလ်တော်ရိပ်သာပရိယတ္တိစာသင်တိုက်ကြီး၏ စာချနာယကဆရာတော် ဘဒ္ဒန္တဇနကက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား လောင်တိုက်ပြာသာဒ်ပေါ်သို့ ပင့်ဆောင်ပူဇော်သည့်ဂါထာကို ရွတ်ဖတ်ပူဇော်ပြီး လောင်တိုက်ပြာသာဒ်ပေါ်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်ပြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်း မဟာဝိသုဒ္ဓါရုံဂဏဝါစက သာသနဓဇဓမ္မာစရိယဝိနယဝိဒူ အရှင်ပညာနန္ဒက တေဇောဓာတ်မီးဖြင့် ပူဇော်ခွင့်ပေးတော်မူပါမည့်အကြောင်း လျှောက်ထားတောင်းပန်သော ဂါထာကို ရွတ်ဖတ်ပူဇော်ပြီး လျှပ်စစ်မီးရှူး မီးပန်း တာဝန်ခံအဖွဲ့က ဆရာတော်ကြီး၏ ရုပ်ပုံတော်နှင့် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂိယ ဘွဲ့တံဆိပ်တော်ပါစာတန်းတို့အား မီးရှူး မီးပန်းများဖြင့် ပုံဖော်ပူဇော်ခြင်း၊ ရုပ်ကလာပ်တော်အား တေဇောဓာတ်မီးဖြင့် ပူဇော်ခြင်း၊ ငွေတုံးများ ပစ်ဖောက်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့ကျင်းပသည့် စုဒ္ဒသမရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ အန္တိမစျာပနသာဓုကီဠနပူဇော်ပွဲအခမ်းအနားကို အပိုင်းသုံးပိုင်းဖြင့် ကျင်းပခဲ့ပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် ချမ်းအေးသာစံမြို့နယ် ဂေါဝိန်ဆိပ်၌ ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော အရိုးပြာအိုးအား ဥဒကဝါဟနပူဇာ ရေမျှောခြင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ သံဃာအပါး ၄၀၀၊ သာသနာ့နွယ်ဝင် သီလရှင်အပါး ၂၀၀ တို့အား နေ့ဆွမ်း၊ သင်္ကန်းနှင့်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်း အာစရိယဂုဏပူဇာအခမ်းအနားတို့ကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ပညာရေးဝန်ထမ်း ဆရာ ဆရာမ ကျောင်းသား ကျောင်းသူများအား လေယာဉ်လက်မှတ် အထူးဈေးဖြင့်ရောင်းချမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**
ယခုလအတွင်း ဖြေဆိုမည့် အခြေခံပညာစာမေးပွဲများနှင့် ရှေ့လတွင် ဖြေဆိုမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအပြီး နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ သက်သာသော ဈေးနှုန်းများဖြင့် ခရီးသွားလာနိုင်ရန် Asian Wings လေကြောင်းလိုင်းမှ အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း Asian Wings Airways လေကြောင်းလိုင်းအနေဖြင့် ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ကျောင်းပိတ်ရက်ကာလ ခရီးသွားလာရာတွင် အဆင်ပြေသက်သာစေရေးအတွက် လေယာဉ်လက်မှတ်ဈေးနှုန်းကို ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၃၀ ရက်အထိ အထူးပရိုမိုးရှင်းအနေဖြင့် ပုံမှန်ဈေးနှုန်းများထက် လျှော့ချကာ မြန်မာနိုင်ငံသား မည်သည့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူမဆို ပညာရေးဝန်ထမ်းကတ်၊ ကျောင်းသားမှတ်ပုံတင်ကတ်များပြသ၍ ဝယ်ယူစီးနင်းနိုင်ရန် စီစဉ်ထားကြောင်း အဆိုပါလေကြောင်းလိုင်းမှ သိရသည်။

ပြည်တွင်းလေကြောင်းလိုင်းတစ်ခုဖြစ်သော Asian Wings Airways လေကြောင်းလိုင်းသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှစတင်၍ ATR-72 500 အမျိုးအစား လေယာဉ်နှစ်စင်းဖြင့် ပြည်တွင်းခရီးစဉ်များဖြစ်သော ရန်ကုန်-မန္တလေး-ဟဲဟိုး-ညောင်ဦး၊ ရန်ကုန်-တာချီလိတ်-ကျိုင်းတုံ၊ ရန်ကုန်-မြစ်ကြီးနား၊ ရန်ကုန်-ဗန်းမော်-ဟုမ္မလင်း၊ မန္တလေး-ဗန်းမော်-ဟုမ္မလင်း၊ မန္တလေး-မြစ်ကြီးနား၊ မန္တလေး-တာချီလိတ်-တာချီလိတ်-ကျိုင်းတုံ ၊ ဟဲဟိုး-တာချီလိတ်-ကျိုင်းတုံ ခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိသည်မှာ ၆ နှစ်ကျော်သက်တမ်းရှိပြီဖြစ်ကြောင်း သိရသည်။

**(ဝဝ၁)**




# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**
၂၀၁၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ယနေ့တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(က)အဆင့် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲကို နေပြည်တော်ရှိ ဇေယျာသီရိဘောလုံးကွင်း၌လည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(C)၌လည်းကောင်း၊ တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)၌လည်းကောင်း၊ ကရာတေးဒိုပြိုင်ပွဲနှင့် ဝူရှူးပြိုင်ပွဲများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အားကစားရုံများ၌လည်းကောင်း အမျိုးသား/အမျိုးသမီး ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)၌လည်းကောင်း အသီးသီးကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ကင်းထောက်နေ့ကို တက္ကသိုလ်နှင့် ကောလိပ်များတွင် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**
နှစ်စဉ်ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ကင်းထောက်နေ့ အခမ်းအနားကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံအသီးသီးက ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံတွင် မြန်မာအမျိုးသားကင်းထောက်အဖွဲ့ချုပ်နှင့် အမျိုးသမီးကင်းထောက်အဖွဲ့ချုပ်များ၊ တက္ကသိုလ်ကင်းထောက်များ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးရှိ တက္ကသိုလ်၊ ကောလိပ် ရှစ်ခုတို့၌ ဖေဖော်ဝါရီ ၂၂ ရက်တွင် ကမ္ဘာ့ကင်းထောက်နေ့ အခမ်းအနားကျင်းပရန် စီစဉ်ထားသည်။

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အား ၂၀၁၆ ခုနှစ် ဩဂုတ် ၁၁ ရက်က ၁၆၄ နိုင်ငံမြောက် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် တရားဝင်အသိအမှတ်ပြုခဲ့ရာ ကမ္ဘာ့ကင်းထောက်နေ့ အခမ်းအနားနှင့်ပတ်သက်၍ မြန်မာကင်းထောက်လူငယ်များ သိရှိနားလည်စေပြီး ပြည်သူလူထု အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဂုဏ်ပြုနိုင်ရန်၊ ကင်းထောက်လူငယ်များ၏ လှုပ်ရှားမှုများကို အခြားလူငယ်များနှင့် မိဘပြည်သူများ ပိုမိုသိရှိစိတ်ဝင်စားလာစေရန်၊ မြန်မာကင်းထောက်အဖွဲ့၏ ကင်းထောက်လှုပ်ရှားမှုများသည် ကမ္ဘာ့ကင်းထောက် အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်ရန်တို့ကို ရည်ရွယ်၍ ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံတွင် ကမ္ဘာ့ကင်းထောက်နေ့ အခမ်းအနားကို ကျင်းပမည်ဖြစ်သည်။

ကမ္ဘာ့ကင်းထောက်နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသားကင်းထောက်အဖွဲ့ချုပ်နှင့် အမျိုးသမီးကင်းထောက်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးတို့က အမှာစကားပြောကြားကာ ကမ္ဘာ့ကင်းထောက်နေ့ဖြစ်ပေါ်လာပုံ၊ ကမ္ဘာနှင့်မြန်မာကင်းထောက်လုပ်ငန်းများ ဖြစ်ပေါ်တိုးတက်မှုများကို ဗီဒီယိုများဖြင့် ရှင်းလင်းပြသမည်ဖြစ်သည်။

ထို့ပြင် တက္ကသိုလ်၊ ကောလိပ်များတွင် ကင်းထောက်လုပ်ငန်းထူးချွန်သူများအား ဆုချီးမြှင့်ခြင်း၊ ကင်းထောက်အမျိုးသား အမျိုးသမီးများ၏ ကင်းထောက်သီချင်းများဖြစ်သော "ကင်းထောက်ဂုဏ်ရည်"၊ "ပြည်သူ့အတွက်အစဉ်အသင့်" တေးသီချင်းများ၊ ကမ္ဘာ့ကင်းထောက်သီချင်း ဖြစ်သော "World–Song"၊ "Messenger of Peace" သီချင်းများဖြင့် တက္ကသိုလ်ကင်းထောက်များက စုပေါင်းသီဆိုကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံနှင့် နန်းမြို့ရိုးအား ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးနန်းမြို့ အတွင်းရှိ နယ်မြေခံတပ်မတော် ဆေးရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ဖျားနာကုသဆောင်နှင့် ခွဲစိတ်ကုသဆောင်တို့၌ ဆေးရုံ တက်ရောက် ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များအားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့သည် အမျိုးသမီးကုသဆောင်၌ တက်ရောက်ဆေးကုသမှုခံယူလျက် ရှိသည့် မိသားစုဝင်များအားလည်းကောင်း လိုက်လံကြည့်ရှုအားပေး စကားပြောကြားပြီး တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ လက်ဆောင်ပစ္စည်းများနှင့် မွေးလူနာများအတွက် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့ ပူးပေါင်း၍ မန္တလေးနန်းမြို့ရိုးအား ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုများကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံအစိုးရမှ ထုတ်ပေးထားသော ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (ဘတ်ကတ်ခေါ် TR-38) ကိုင်ဆောင်ထားသော မြန်မာအလုပ်သမားများအား အထောက်အထားထုတ်ပေးမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ထိုင်းနိုင်ငံအစိုးရမှ ထုတ်ပေးထားသော ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်(ဘတ်ကတ်ခေါ် TR-38) ကိုင်ဆောင်ထားသည့် မြန်မာအလုပ်သမားများအနက် နိုင်ငံသားအထောက်အထားဖြစ်သော နိုင်ငံသားစိစစ်ရေး လက်မှတ်နှင့် အိမ်ထောင်စုစာရင်းတင်ပြနိုင်သည့် မြန်မာအလုပ်သမားများကို နိုင်ငံသားမှန်ကန်ကြောင်း စိစစ်ပြီးပါက ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ်၌ သာမန်နိုင်ငံကူးလက်မှတ်များကို ထုတ်ပေးမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံသားစိစစ်ရေးလက်မှတ်နှင့် အိမ်ထောင်စုစာရင်းအထောက်အထားမတင်ပြနိုင်သော မြန်မာအလုပ်သမားများအား ထိုင်းနိုင်ငံအတွင်း စမုစခွန်(မဟာချိုင်)(၁)နှင့်(၂)၊ စမုပရာကန်၊ မယ်ဆိုင်၊ မဲဆောက်နှင့် ရနောင်းမြို့တို့ရှိ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-CI) ထုတ်ပေးရေးစခန်းများတွင် မတ် ၃ ရက်မှ စတင်ထုတ်ပေးမည်ဖြစ်ပြီး ထိုင်းနိုင်ငံအတွင်းရှိ 7 Eleven ဆိုင်အပါအဝင် Counter Services ဝန်ဆောင်မှု ပေးသောနေရာများ၌ မတ် ၁ ရက်တွင် စတင်ငွေပေးသွင်းရမည်ဖြစ်သည်။

အလုပ်သမားများအနေဖြင့် သာမန်နိုင်ငံကူးလက်မှတ်အတွက် ဘတ် ၁၀၅၀ ကုန်ကျမည်ဖြစ်ပြီး မည်သူမည်ဝါ ဖြစ်ကြောင်းသက်သေခံလက်မှတ် (Certificate of Identity-CI) အတွက် ဘတ် ၃၀၀ ကုန်ကျမည်ဖြစ်သည်။

အလုပ်သမားများအနေဖြင့် ပိုမိုကုန်ကျမှုများမရှိစေရေး ပွဲစားများဖြင့်ဆောင်ရွက်ခြင်းမပြုဘဲ မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-CI)စခန်းများ၌ ကိုယ်တိုင်သွားရောက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

အထောက်အထားထုတ်ပေးရေး လုပ်ငန်းစဉ်အသေးစိတ်ကို သိရှိလိုပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ Website ဖြစ်သော www.mol.gov.mm သို့ဝင်ရောက်ကြည့်ရှုနိုင်သည်။ ထို့အပြင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ Complaint Mechanism-၀၆၇ ၄၃၀၁၈၄၊ ၀၆၇ ၄၃၀ ၂၈၄၊ ရွှေ့ပြောင်း အလုပ်သမားဌာနခွဲ-၀၆၇ ၄၃၀၁၈၃၊ ၀၆၇ ၄၃၀၁၈၄၊ ၀၆၇ ၄၃၀၁၈၅ နှင့် ထိုင်းနိုင်ငံရှိဦးမိုးအောင်ခိုင် (အလုပ်သမား သံအရာရှိ) - +၆၆ ၆၃၃၁၄၁၉၉၂၊ ဦးအောင်ကိုသန်း (အလုပ်သမားသံအရာရှိ) +၆၆ ၆၃၄၄၂၆၂၀၄ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာ့စွယ်စုံကျမ်းများ ခေတ်နှင့်လျော်ညီအောင် ပြန်လည်ထုတ်ဝေနိုင်ရေးနှင့် ဘာသာပြန်စာပေစာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးများ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

**မြန်မာ့စွယ်စုံကျမ်းများ ခေတ်နှင့်လျော်ညီအောင် ပြန်လည်ထုတ်ဝေနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးတို့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။**



**မြန်မာ့စွယ်စုံကျမ်းများ ခေတ်နှင့်လျော်ညီအောင် ပြန်လည်ထုတ်ဝေနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။** (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်း ဆောင်ရွက်သည့် မြန်မာ့စွယ်စုံကျမ်း များ ခေတ်နှင့်လျော်ညီအောင် ပြန်လည်ထုတ်ဝေနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ပြန်ကြား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က အဖွင့်အမှာ စကားပြောကြားသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသိန်းထွန်းက မြန်မာ့စွယ်စုံ ကျမ်းများ ပြန်လည်ထုတ်ဝေနိုင်ရေး နှင့်စပ်လျဉ်း၍လည်းကောင်း၊ စာပေ ဗိမာန်စာတည်းမှူးချုပ် ဦးအောင်သန်း က မြန်မာ့စွယ်စုံကျမ်းများ ပြန်လည် ထုတ်ဝေနိုင်ရေးအတွက် လုပ်ငန်း များ ဆောင်ရွက်ထားရှိမှုကိုလည်း ကောင်း ရှင်းလင်းတင်ပြကြသည်။

မြန်မာ့စွယ်စုံကျမ်းကို ပြည်သူများ ဗဟုသုတမျိုးစုံလေ့လာသိရှိမှတ်သား အသုံးပြုနိုင်စေရန် ရည်ရွယ်၍ မြန်မာ နိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်)က ၁၉၅၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အတွင်း မြန်မာ့စွယ်စုံ ကျမ်း ၁၅ တွဲ ထုတ်ဝေဖြန့်ချိခဲ့ပြီး ၁၉၇၈ ခုနှစ်မှစ၍ မြန်မာ့စွယ်စုံကျမ်း (နှစ်ချုပ်)များကို တစ်နှစ်တစ်အုပ် နှုန်းစဉ် ထုတ်ဝေလျက်ရှိသည်။ ယခု အခါ မူလထုတ်ဝေခဲ့သောမြန်မာ့ စွယ်စုံကျမ်း ၁၅ တွဲကို ခေတ်နှင့်အညီ ပြင်ဆင်တည်းဖြတ်ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိ ရသည်။

ထို့နောက် ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်း အဝေးကိုကျင်းပရာ ပြည်ထောင်စု ဝန်ကြီးက စာတမ်းဖတ်ပွဲများနှင့် စာအုပ်စျေးရောင်းပွဲတော်များကို သုံးလ သို့မဟုတ် လေးလတစ်ကြိမ် ကျင်းပရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ယခုအခါ စာအုပ်စျေးတန်းဖွင့်လှစ်ရောင်းချနေ ပြီဖြစ်၍ ဘာသာပြန်စာပေစာတမ်း ဖတ်ပွဲကို ကျင်းပနိုင်ရန်၊ စာတမ်း ဖတ်ပွဲတွင် စာတမ်းရှင်များ လွတ်လွတ် လပ်လပ် ပြောဆိုဆွေးနွေးနိုင်ရန်နှင့် စနစ်တကျဖြစ်စေရေး စီမံဆောင် ရွက်ရန်၊ စာတမ်းဖတ်ပွဲကျင်းပရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းကာ ဆက်လက်စီစဉ်ဆောင်ရွက်နိုင်ကြရန် ပြောကြားသည်။

စာပေဗိမာန် စာတည်းမှူးချုပ် ဦးအောင်သန်းက ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ဆောင်ရွက်ထားမှုများကို တင်ပြပြီး စာပေပညာရှင်ကြီးများက လိုအပ်သည်များကို ဆွေးနွေးကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

ယနေ့အစည်းအဝေးတွင် ကျင်းပ ရေးကော်မတီဥက္ကဋ္ဌအဖြစ် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဒုတိယ ဥက္ကဋ္ဌ(၁)အဖြစ် ဦးအောင်ရှင် (မုံရွာအောင်ရှင်)၊ ဒုတိယဥက္ကဋ္ဌ(၂) အဖြစ် ဦးမောင်မောင်ဦး(ဟိန်းလတ်) တို့အပါအဝင် အဖွဲ့ဝင် ၂၁ ဦးကို ရွေးချယ်ဖွဲ့စည်းခဲ့ပြီး ဘာသာပြန် စာပေစာတမ်းဖတ်ပွဲကို ဧပြီ ၂၉ ရက်မှ မေ ၁ ရက် ထိကျင်းပရန် သတ်မှတ်ခဲ့ ကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - လှမိုး**

# ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများနှင့် တံတားများပေါ်တွင် တန်ပိုတင်ဆောင်ဖြတ်သန်းပါက ထိရောက်စွာအရေးယူမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများနှင့်တံတားများပေါ်တွင် ကုန်တင်ယာဉ်များတန်ပိုတင်ဆောင်၍ ဖြတ်သန်းခြင်းကို မတ် ၃၁ ရက်အထိသာ ခွင့်ပြုမည်ဖြစ်ပြီး ဧပြီ ၁ရက်မှစတင်၍ တန်ပိုတင်ဆောင်ဖြတ်သန်းခြင်း ခွင့်မပြုကြောင်းကို သိရှိလိုက်နာနိုင်ရေးအတွက် B.O.T / လေလံ လမ်း/တံတားဂိတ်များတွင် ဖြတ်သန်းလာသည့်ယာဉ်များမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေး ခြင်း၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများနှင့် ပြည်သူများ သိရှိလိုက်နာဆောင်ရွက် နိုင်ရန် B.O.T / လေလံလမ်း/တံတားဂိတ်များတွင် ဗီနိုင်းဆိုင်းဘုတ် စိုက်ထူ၍ အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ကုန်တင်ယာဉ်များကို ယာဉ်အမျိုးအစားအလိုက် လက်ရှိခွင့်ပြုပေး လျက်ရှိသော နွေကာလခွင့်ပြုသည့် (ယာဉ်+ကုန်)တန်နှင့် မိုးတွင်းကာလ ခွင့်ပြုသည့် (ယာဉ်+ကုန်)တန်အတိုင်းသာ ဆက်လက်ခွင့်ပြုပေးမည်ဖြစ်ပြီး ဧပြီ ၁ရက်မှစတင်ကာ ခွဲခြား၍သော်လည်းကောင်း၊ ဖြုတ်တောက်၍သော် လည်းကောင်း မရသောပစ္စည်းများ (ဥပမာ - စက်ပစ္စည်းများ၊ Transformer ကြီးများ)မှအပ " အခြားကုန်တင်ယာဉ်များသည် လက်ရှိခွင့်ပြုပေးသော ယာဉ်အမျိုးအစားအလိုက် (ယာဉ်+ကုန်)တန်ချိန်ထက် တန်ပိုတင်ဆောင် ဖြတ်သန်းခြင်းမရှိစေရေး B.O.T / လေလံလမ်း/တံတားဂိတ်များမှ စစ်ဆေးကြပ်မတ်တားဆီးဆောင်ရွက်သွားမည့်အပြင် တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ လမ်းများနှင့် တံတားများနေရာမှလည်း တန်ပိုယာဉ် စစ်ဆေးမည့် ချက်ပွိုင့် (Check Point) ၁၁၈ ခု ထားရှိ၍ Portable Weight Pad ဖြင့် ချိန်တွယ်စစ်ဆေးပြီး တန်ပိုယာဉ်တားဆီးဆောင်ရွက်သွားမည်ဖြစ် သည်။

ထိုသို့ တန်ပိုယာဉ်တားဆီးရေးဆောင်ရွက်ရာတွင် တန်ပိုတင်ဆောင် လာသောယာဉ်များကို လမ်းမကြီးများဥပဒေ အခန်း (၅) ပြစ်မှုနှင့် ပြစ်ဒဏ် ပုဒ်မ (၈)၊ ပုဒ်မခွဲ (ခ) အရ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ် ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# လူထုဗဟိုပြုစီမံကိန်း ကျေးရွာအုပ်စုအဆင့် အစည်းအဝေးများပြုလုပ်

**ငပုတော ဖေဖော်ဝါရီ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ငပု တောမြို့နယ်အတွင်းရှိ လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာအုပ်စု ၆၇အုပ်စုနှင့် ကျေးရွာပေါင်း ၃၄၅ ရွာတို့တွင် အပိုင်းခြောက်ပိုင်း၊ အဆင့် ၁၄ ဆင့်ဖြင့် လေးနှစ် တာအတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ရာ ၎င်းစီမံကိန်းမှ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများ အား စွမ်းဆောင်ရည်မြှင့်သင်တန်းများ၊လက်ထောက်နည်းပညာမှူးများအား အခြေခံအဆောက်အအုံပိုင်းရာဆိုင်ရာ သင်တန်းများပေးနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကုန်ထိ ကျေးရွာအုပ်စု ၄၅ အုပ်စု၊ကျေးရွာပေါင်း ၁၆၂ ရွာ တို့တွင် ပထမအကြိမ် အစည်းအဝေး၊ ဒုတိယအကြိမ်အစည်းအဝေးနှင့် အုပ်စုအဆင့် အစည်းအဝေးများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရ သည်။

**(မြို့နယ် ပြန် / ဆက်)**

ငြိမ်းချမ်းချစ်ကြည် တွဲလက်ညီ
ပြည်ထောင်စုသား သွေးချင်းများ

❒ မြန်မာနိုင်ငံမှ

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နည်းပညာဆိုင်ရာ စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် အင်ဂျင်နီယာကောင်စီ အဆောက်အအုံဆောက်လုပ်လှူဒါန်းသည့် မုတ္တမလူမှုရေးနှင့် ပညာရေးဖောင်ဒေးရှင်းမှ Mr. Lieu က အဆောက်အအုံတည်ဆောက်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးတို့အား မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက အဆောက်အအုံဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်ပေးအပ်ပြီး အလှူရှင်များအား အမှတ်တရဂုဏ်ပြုပစ္စည်းများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံးသစ်ကို လမ်းမတော်မြို့နယ် ခရေပင်လမ်း အမှတ် ၅/က မြေ ၁ ဒသမ ၃၄ ဧကပေါ်တွင် ပင်မဆောင် ရှစ်ထပ်ခွဲနှင့် တစ်ထပ် Function Hall တို့ကို ကျပ်သန်း ခုနစ်ထောင်ကျော် အကုန်အကျခံ၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။



**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးအတွင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ လှည့်လည်ကြည့်ရှုကြစဉ်။** (သတင်းစဉ်)

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးကို ဖွင့်လှစ်သည်မှစ၍ သုံးနှစ်ကျော်ကာလအတွင်း အလုပ်သင်အင်ဂျင်နီယာလက်မှတ် (A.E.C) ၆၆၄၆ ဦး၊ မှတ်ပုံတင် အင်ဂျင်နီယာလက်မှတ် (R.E) ၃၂၁၈ ဦး၊ မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာလက်မှတ် (R.S.E)၁၅၇၉ ဦးနှင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် (PE) ၆၁၆ ဦးတို့ကို စိစစ်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အာဆီယံအပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ် (Mutual Recognition Agreement) အရ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ PE လက်မှတ်ရရှိထားသော အင်ဂျင်နီယာများအနက်မှ ၂၂၇ ဦးကို ASEAN Chartered Professional အင်ဂျင်နီယာများအဖြစ် အာဆီယံ ၁၀ နိုင်ငံတွင် အသိအမှတ်ပြုပြီး ဖြစ်သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများကို စိစစ်အသိအမှတ်ပြုရေးဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ကုမ္ပဏီ ၃၂ ခုကို အဆင့်အတန်းသတ်မှတ်ပေးခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည် အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ခေတ်မီစာကြည့်တိုက်တစ်ခုကိုလည်း တစ်ပြိုင်နက်တည်း ဖွင့်လှစ်ခဲ့ပြီး စာကြည့်တိုက်တွင် မှီငြမ်းပြုစာအုပ် ၂၀၀၀၊ နောက်ဆုံးထုတ်ဂျာနယ်စောင်ရေ ၁၀၀၀ တို့အပြင် online e-Library ကိုပါ ထားရှိထားသည်။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည် မကြာမီကာလအတွင်း နိုင်ငံခြားသားအင်ဂျင်နီယာပညာရှင်များအား MRA အရ RLE (မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင်)နှင့် RLPE (မှတ်ပုံတင် အသိအမှတ်ပြုအင်ဂျင်နီယာပညာရှင်)အဖြစ် အသိအမှတ်ပြု၍ မြန်မာနိုင်ငံအတွင်း လုပ်ကိုင်ခွင့်ကို တရားဝင်မှတ်ပုံတင်စေ၍ ဆောင်ရွက်ခွင့်များပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက သတင်းကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်မဏိရတနာကျောက်စိမ်းခန်းမတွင် မတ် ၁၉ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်၊ ကျောက်စိမ်းအတွဲများကို ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၉ ရက်အထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ခင်းကျင်းနေရာချထားခြင်းများကို သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။

ကျောက်မျက်ရတနာရောင်းချပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ကျောက်မျက်ရတနာကုမ္ပဏီ မှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပြီး ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်သည်။

ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသားရတနာကုန်သည်များကို မတ် ၁၃ ရက်မှစတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးတွင် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်သည်။ ဝန်ကြီးဌာန Website www.mining.gov.mm နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mmတွင် နိုင်ငံသားရတနာကုန်သည်များ မှတ်ပုံတင်ရာ၌ ဖြည့်သွင်းရမည့်ပုံစံများကို Download ရယူနိုင်ပါသည်။ Online မှတစ်ဆင့် လျှောက်ထားလိုပါက Website www.mge.gov.mm၊ On-line Pre-Registration System တွင် မှတ်ပုံတင်၍ ရောင်းချပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်သည်။

အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေး၊ မိုးကုတ်၊ မိုင်းရှူး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန(စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက အသိပေးကြေညာထားသည်။

**(သတင်းစဉ်)**

❖ **ရှမ်းယူနိုက်တက်အသင်းမှ**

ဧရာဝတီအသင်းသည် ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ရတနာပုံနှင့်ကစားခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်းယှဉ်ပြိုင်ခဲ့ပြီး အိမ်ကွင်းတွင်ဧရာဝတီကို ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ၁၈ မိနစ်တွင် နေလင်းထွန်းအစား စိုးမင်းဦး ဝင်လာပြီးနောက်ပိုင်း ရှမ်းယူနိုက်တက် တိုက်စစ်ပိုကောင်းခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက ဧရာဝတီဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ၂၄ မိနစ်တွင် မာတူနာ အပိုင်ကန်ခွင့်ရသော်လည်း လွဲချော်ခဲ့၍ ရှမ်းယူနိုက်တက် နစ်နာခဲ့ရသည်။ ၄၄ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်းဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှ ပြန်လျှံကျလာသောဘောလုံးကို တိုက်စစ်မှူး ခရစ္စတိုဖာက သွင်းယူခဲ့သည်။ ခရစ္စတိုဖာသည် အသင်းဟောင်း ဧရာဝတီဘက်သို့ ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ဧရာဝတီအသင်းမှာ ရံဖန်ရံခါသာ ထိုးဖောက်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဂိုးထပ်ရနိုင်သည့် အခွင့်အရေးအချို့ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီအသင်းက ချင်းယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ပထမဆုံးနိုင်ပွဲရခဲ့သည်။ ဟံသာဝတီအတွက်ဂိုးများကို ၃၉ မိနစ်တွင် အောင်အောင်ဦး၊ ၇၃ မိနစ်တွင် ညီညီအောင်(၂)က သွင်းယူခဲ့ပြီး ချင်းအတွက် ချေပဂိုးကို ၆၅ မိနစ်တွင် ကိုဖီက သွင်းယူခဲ့သည်။

ပွဲစဉ် (၆)တတိယနေ့အဖြစ် GFA အသင်းနှင့် ရန်ကုန်အသင်းသည် ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်)**

# ကျေးရွာချင်းဆက်ကြိုးတံတားဆောက်လုပ်

**ဗန်းမော် ဖေဖော်ဝါရီ ၁၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်အတွင်းရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဗန်းမော်မြို့နယ် တိန်းသော်ကျေးရွာ (ပေ၂၀၀×၅ပေ×၁၅ပေ) မိုးလဲချောင်းကူး ကြိုးတံတားဆောက်လုပ်နေမှုကို ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်၊ မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် တာဝန်ရှိ ဌာနအင်ဂျင်နီယာဝန်ထမ်းများလိုက်ပါ၍ လုပ်ငန်းတိုးတက်မှု အခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

စစ်ဆေးရာတွင် ခရိုင်ဦးစီးမှူးက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအားအရည်အသွေးပြည့်မီစေရေးနှင့် အချိန်မီပြီးစီးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဝင်းမြင့်(ဗန်းမော်)**

✪ ကျောဖုံးမှ

"တင်ဒါ အပြီးသတ်ရွေးချယ်မှု ပြုလုပ်ပြီးပါပြီ။ ကုမ္ပဏီနှစ်ခု အဆိုပြုထားတဲ့အနက် ပိုမိုပြည့်စုံမှုရှိတဲ့ ကုမ္ပဏီကို ရွေးချယ်တာပါ။ ရေကြောင်းပို့ဆောင်ရေးဖြစ်တဲ့အတွက် လုံခြုံစိတ်ချရမှုအတွက် အဓိကထားရွေးချယ်ရမှာပါ။ နိုင်ငံတကာမြို့ပြတွေမှာလည်း မြစ်ကြောင်းသွား ပို့ဆောင်ရေးကို ကောင်းကောင်းအသုံးချကြပါတယ်။ ရန်ကုန်မြို့က ဒီလိုပတ်ဝန်းကျင်ရှိတဲ့အတွက် ဒါကိုအကောင်အထည်ဖော်နိုင်ရင် ရေကြောင်းကလည်း သွားလာနိုင်မယ်ပေါ့။ ကုမ္ပဏီတွေကို ရွေးချယ်ပြီးတဲ့အခါမှာလည်း စနစ်တကျ ကိုင်တွယ်ကြပ်မတ်ရမှာပါ။ အများပြည်သူ စိတ်ချလုံခြုံစွာ သွားနိုင်ဖို့အတွက် သတ်မှတ်ချက်တွေနဲ့ညီဖို့ လိုအပ်ပါတယ်"ဟု သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

ရန်ကုန်မြို့ မြစ်ကြောင်းများအတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း အကောင်အထည်ဖော်နိုင်ရန် ၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းမှစတင်ကာ ပြင်ဆင်ဆောင်ရွက်ခဲ့သည်ဟု သိရပြီး မြစ်ချောင်းများအတွင်း ကွင်းဆင်းလေ့လာသုံးသပ်မှုများ၊ ဆိပ်ကမ်းနှင့် ဆိပ်ခံဖောတံတား နေရာရရှိမှုအပေါ် မူတည်၍ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြည်တွင်းပြည်ပကုမ္ပဏီများကို တင်ဒါခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ထံမှ သိရသည်။ မူလလျာထားချက်အနေဖြင့် ငမိုးရိပ်ချောင်းတစ်လျှောက် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ဘေလီတံတားအနီးမှ ညောင်တန်းအထိလည်းကောင်း၊ လှိုင်မြစ်ကြောင်းနှင့် ရန်ကုန်မြစ်တစ်လျှောက် လှိုင်သာယာမှ မြို့တွင်းသို့ လည်းကောင်း ရှပ်ပြေးယာဉ်များ၊ သင်္ဘောများဖြင့် ပြေးဆွဲရန် လျာထားကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါကုမ္ပဏီနှစ်ခုအနက် မြန်မာသင့်တင့်ကုမ္ပဏီကို ရွေးချယ်ထားပြီး လာမည့် မေလဆန်းပိုင်းခန့်တွင် စတင်ပြေးဆွဲနိုင်ရန် လျာထားသည်ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဖေဖော်ဝါရီ ၁၇ ရက်က ပြောကြားခဲ့သည်။ **(ဝဝ၁)**

# YBS 37 ယာဉ်လိုင်းတွင် ပြေးဆွဲမည့် YBPC ကုမ္ပဏီ၏ ခရီးသည်တင်ယာဉ်များ ထပ်မံရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်မြို့၏ ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် YBS 37 ယာဉ်လိုင်းတွင် ဝင်ရောက်ပြေးဆွဲမည့် YBPC ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီ၏ ခရီးသည်တင်ယာဉ်များ ထပ်မံရောက်ရှိနေပြီဖြစ်ပြီး ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကာ မကြာမီ ယာဉ်လိုင်းများတွင် ဝင်ရောက်ပြေးဆွဲသွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ သိရသည်။

YBPC ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီသည် အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းပါဝင်မှု PPP စနစ်ဖြင့် ထူထောင်ထားသော အများပိုင်ဘတ်စ်ကားလိုင်း ကုမ္ပဏီတစ်ခုဖြစ်ပြီး ယခင်က BRT Lite ယာဉ်လိုင်းအနေဖြင့် လမ်းကြောင်းသုံးခုကို ပြေးဆွဲခဲ့သည်။ လက်ရှိတွင် ၈၅ စီးဖြင့် ပြေးဆွဲလျက်ရှိပြီး အစီး ၁၀၀ ခန့် ထပ်မံဖြည့်တင်းရန် စီစဉ်လျက်ရှိသည်ဟု သိရသည်။ ထပ်မံရောက်ရှိလာသော ယာဉ်များကို ကတ်စနစ်ဖြင့် ငွေပေးချေနိုင်ရန် စက်များတပ်ဆင်နေခြင်း၊ ယာဉ်လိုင်းနံပါတ်နှင့် တံဆိပ်များတပ်ဆင်ခြင်းနှင့် လိုအပ်ချက်များကို ပြင်ဆင်နေကာ ခရီးသည်တင်ယာဉ်လိုင်းများတွင် ဝင်ရောက်ပြေးဆွဲနိုင်ရန် ဆောင်ရွက်နေသည်ဟု သိရသည်။

"ယာဉ်လိုင်းအနေနဲ့ ယာဉ်အစီး ၁၀၀ မှာယူထားတာပါ။ အစီး ၃၀ ရောက်နေပါတယ်။ မြို့တွင်းယာဉ်လိုင်းတွေမှာ ပြေးဆွဲဖို့ စီစဉ်နေပါတယ်။"ဟု အဆိုပါ ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက ပြောသည်။




အဆိုပါ YBPC ကုမ္ပဏီကို အစိုးရ၏ ထည့်ဝင်ငွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများ၏ ထည့်ဝင်ငွေနှင့် အများပြည်သူသို့ ရောင်းချထားသည့် အစုရှယ်ယာထည့်ဝင်ငွေများဖြင့် ထူထောင်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၆ နှစ်ဆန်းပိုင်းက စတင်ကာ BRT Lite ယာဉ်လိုင်းအမည်ဖြင့် လမ်းကြောင်းသုံးခု ပြေးဆွဲခဲ့သည်။ ယခု YBS ယာဉ်လိုင်းစနစ်ပြောင်းလဲခြင်းတွင် ယာဉ်လိုင်းအမှတ် ၃၇ ဖြင့် ထောက်ကြန့်-စံပြလမ်းကြောင်းကို ပြေးဆွဲလျက်ရှိသည်။ ယခင်က ယာဉ်စီးခ ပုံသေ ၃၀၀ ကျပ်ဖြင့်ကောက်ခံခဲ့သော်လည်း ယခု ၂၀၀ ကျပ်နှုန်းဖြင့်သာ ကောက်ခံပြေးဆွဲနေပြီး ယာဉ်နောက်လိုက်ပါဝင်ခြင်းမရှိသည့် ကတ်စနစ်သုံး ငွေပေးချေကတ်ကို အသုံးပြုနေသော ယာဉ်လိုင်းဖြစ်ကြောင်း သိရသည်။

ယင်းကုမ္ပဏီကဲ့သို့ပင် အများပိုင်ယာဉ်လိုင်းကုမ္ပဏီဖွဲ့စည်းထူထောင်နိုင်ရန် ကျန်ယာဉ်လိုင်းများအား တွန်းအားပေးဆောင်ရွက်နေပြီး အစိုးရအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းပုံစံဖြင့် ငွေကြေးအစုရှယ်ယာ ပါဝင်ပေးကာ ဆောင်ရွက်သည့်စနစ်ကို ကျင့်သုံးသွားမည်ဟု သိရသည်။

**သတင်း- ၀၀၁၊ ဓာတ်ပုံ- YBPC**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြည့်ရှုစစ်ဆေး

**အရာတော် ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်မှ တာဝန်ယူဆောင်ရွက်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အဆောက်အအုံနှင့်(Tech Friends Co.,Ltd)မှ တာဝန်ယူဆောင်ရွက်နေသည့် အုန်းပင်သာကျေးရွာ၊ ကျွန်းတောကျေးရွာ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မုံရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းထွေးနှင့် ဦးစီးအရာရှိ(နည်းပညာ) ဒေါ်သူသူအေး၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတေဇာထွန်းနှင့် ဝန်ထမ်းများလိုက်ပါ၍ ဖေဖော်ဝါရီ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ကြသည်။

ယင်းနောက် မြို့နယ်အဆောက်အအုံ ဆောက်လုပ်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအား တာဝန်ခံမှု၊ တာဝန်သိမှု၊ တာဝန်ကျေပွန်မှုတို့ဖြင့် လုပ်ကိုင်ကြရန် လုပ်ငန်းစဉ်များအား စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီပြီး အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(သူရ)**

# ချင်းအမျိုးသားနေ့အပြင် ပွဲတော်ကြီးသုံးမျိုး ဖလမ်းမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဖလမ်း ဖေဖော်ဝါရီ ၁၈**

ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ် ဖလမ်းမြို့၌ ကျင်းပမည်ဖြစ်သည်။ ထို့အပြင် ဖလမ်းမြို့တည်သက်တမ်းနှစ်(၁၂၅)ပြည့်၊ မြို့တော်ခန်းမနှစ်(၁၀၀)ပြည့်နှင့် ပြည်သူ့ဆေးရုံကြီးနှစ်(၁၀၀)ပြည့်အခမ်းအနားတို့ကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အရှုံချင်းတိုင်းရင်းသားများအပါအဝင် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ရိုးရာဓလေ့အကပဒေသာများဖြင့် လာရောက်ပါဝင်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်ကြီးတွင် ရှေးအစဉ်အဆက်နေထိုင်လာခဲ့ကြသော ချင်းလူမျိုးတို့၏ အဆင့်ဆင့်ပြောင်းလဲလာခဲ့သည့် လူနေမှုဘဝ၊ ရိုးရာဝတ်စားဆင်ယင်မှုများကို ဝန်ကြီးဌာနဆိုင်ရာအသီးသီးက ပြခန်းများခင်းကျင်းပြသခြင်း၊ ချင်းတိုင်းရင်းသားမျိုးနွယ်စုများ၏ မတူညီသောရိုးရာယဉ်ကျေးမှု အကပဒေသာများ၊ ရိုးရာတေးသရုပ်ဖော်အကနှင့် ညပိုင်းတွင်စင်တင်တေးဂီတအဖွဲ့များ၏ ခေတ်ပေါ်တေးသီချင်း သီဆိုဖျော်ဖြေတင်ဆက်မှုများ၊ ရိုးရာစားသောက်ဆိုင်များ၊ ရိုးရာအဝတ်အထည်နှင့် ဈေးအရောင်းဆိုင်များ၊ ချင်းရိုးရာနပန်းပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲစသည့် ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းစီစဉ်ထားကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းတိုင်းရင်းသားတို့၏ အမျိုးသားလက္ခဏာတစ်ရပ်အဖြစ်ကျင်းပသည့် ချင်းအမျိုးသားနေ့ကို ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ ဖလမ်းမြို့၌ ပထမဆုံးစတင်ကျင်းပခဲ့သော လွတ်လပ်ရေးအောင်ပွဲလူထုညီလာခံသဘင်(ချင်းအမျိုးသားညီလာခံ)ကိုအစွဲပြု၍ ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့၌ ကျင်းပခဲ့ရာ ကျန်နှစ်များတွင် ဟားခါးမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ဇိုဟေဆာ**

# အရစ်ကျငွေချေစနစ်ဖြင့် လယ်ယာလုပ်ငန်းသုံးစက်ပစ္စည်းပေးအပ်

**ပူတာအို ဖေဖော်ဝါရီ ၁၈**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် သမဝါယမအသင်းသားတောင်သူများ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ပူတာအိုမြို့နယ် သမဝါယမဦးစီးဌာနက သမဝါယမအသင်း တောင်သူများထံသို့ အရစ်ကျငွေချေစနစ်ဖြင့် လယ်ယာလုပ်ငန်းသုံးစက်ပစ္စည်းများပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၁ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တန်ဖိုးငွေကျပ် ၂၆၉၅၀၀၀ တန်ဖိုးရှိ GN-20 ရွှေကျွဲကိုင်ထွန်စက် ၂၂ စီး၊ တန်ဖိုးငွေကျပ် ၁၆၀၃၀၀၀ တန်ဖိုးရှိ (T3T) လက်တွန်းထွန်စက် လေးစီး၊ တန်ဖိုးငွေကျပ် ၄၀၃၁၀၀၀ တန်ဖိုးရှိ (PEM) ကိုဘိုတာ ထွန်စက် တစ်စီး စုစုပေါင်း ၂၇ စီးကို ပထမအကြိမ် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး စက်ပစ္စည်းတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကို ကနဦးပေးချေရမည်ဖြစ်ကာ အတိုး ၁ ဒသမ ၅၀ ရာခိုင်နှုန်းကို ခြောက်လတစ်ကြိမ် ငါးရစ်စနစ်ဖြင့် နှစ်နှစ်အတွင်း အကျေပေးချေသွားရမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဖေဖော်ဝါရီ ၇ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဦးသိန်းကိုကို(ပြည်နယ် တရားလွှတ်တော်တရားသူကြီး) | မြေယာအဆောက်အအုံနှင့်ငွေကြေးဆိုင်ရာ ပြန်လည်ရရှိရန်ဆောင်ရွက်ရမည့် တရားမဇာရီမှုခင်းများ | ၅၀၀၀ိ/- | မနောဖြူစာပေ |
| ၂ | ပန်းချီ-မျိုးမာန် | ဗုဒ္ဓမြတ်ဘုရား၏ သားတော်ရာဟုလာ | ၁၅၀၀ိ/- | မြင့်မိုရ်မေမေစာပေ |
| ၃ | ပန်ဒိုရာ | လေသံပြင်းပြင်းမြန်မာ့အမျိုးသမီးကဗျာ စုစည်းမှု(အမှတ်-၂) | ၃၅၀၀ိ/- | နှစ်ကာလများစာပေ |
| ၄ | ကောင်းမြတ် | အိပ်မက်မြစ်ကမ်းနှင့်အခြားဝတ္ထုတိုများ | ၂၅၀၀ိ/- | ရွှက်စိမ်းစာပေ |
| ၅ | သျှင်အရိယဝံသ (ရေလယ်ကျွန်းတောရ) | မြတ်ဗုဒ္ဓ၏တိုတိုရှင်းရှင်းပိဋကတ် မူရင်းဒေသနများ အတွဲ-၂ | ၁၅၀၀ိ/- | အနတ္တစာပေ |
| ၆ | အရှင်ပညာဝံသ(မရမ်းကုန်း) | အံ့ဖွယ်ထူးခြားစေတီပုထိုးများ(၂) | ၂၀၀၀ိ/- | ခရီးဖော်စာပေ |
| ၇ | ဧရာမောင် | ကုန်းမှာမြွေပွေးထောင်မှာစိန်ဒွေးနှင့် အခြားဆောင်းပါးများစုစည်းမှု | ၂၀၀၀ိ/- | မုခစာပေ |
| ၈ | အရှင်ပညာသီရိ(ရမ္မာကျွန်း) | စင်ကြယ်ခြင်းဓမ္မဆီသို့အခြေခံဝိပဿနာ | ၂၀၀၀ိ/- | ချန့်ချန်စာပေ |
| ၉ | ဦးကျော်ညွန့်(ကောကနူ) | ခေတ်သစ်တွေးခေါ် ဝဂ္ဂစက်+အာယစက်များအကြောင်း | ၅၀၀၀ိ/- | အမေ့သားတိုက်စာပေ |
| ၁၀ | မောင်ဝံသ | ရှေ့နေကြီးပယ်ရီမေဆင်နှင့်ခုနစ်လွှာပျို့ဖြူအမှု | ၃၀၀၀ိ/- | ဒေါင်းစာပေ |
| ၁၁ | မြတ်ငြိမ်း | အကောင်းဆုံးဆုံးဖြတ်ချက်များချမှတ်နိုင်ဖို့ | ၁၇၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၁၂ | စိုပြေ | စိုပြေရေးတဲ့သရော်စာများ -၃ | ၃၀၀၀ိ/- | လွင်ဦးစာပေ |
| ၁၃ | ကောင်းမြင့်မြတ်စိန် | နေညိုရောင်ဘဝမှာ ရွှေအိုရောင်အလှဖြာစေသတည်း | ၁၈၀၀ိ/- | ဦးမြင့်စိန်စာပေ |
| ၁၄ | မုံရွာအရှင်ဝဏ္ဏတ(ဒွိပိဋကဓရ) | ဆန္ဒဖြည့်တရားပဒေသာ | ၃၅၀၀ိ/- | ဓမ္မသရဖူစာပေ |
| ၁၅ | ဇင်အောင် | မုဆိုးရွက်ပေတလူတောလုံးဆူ | ၁၈၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၁၆ | ဦးဝပ်ထိန် | ကျောင်းသားစွယ်စုံ | ၂၅၀၀ိ/- | ပတ္တမြားငမောက်စာပေ |
| ၁၇ | မြတ်ငြိမ်း | လူဖြစ်ကျိုးနပ်ဘဝနေနည်း | ၁၂၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၁၈ | မင်းခိုက်စိုးစံ | ကမ္ဘာရည်းစား | ၂၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၁၉ | ကောင်းသာ(မြန်မာပြန်) | အောင်မြင်ရေးအတွက်တန်ခိုးစွမ်းအား | ၁၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၀ | ခင်မောင်တိုး(မိုးမိတ်) | နိုင်ငံက ပုံပြင် ၃၁ ပုဒ် | ၂၀၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၁ | ခင်မောင်တိုး(မိုးမိတ်) | တစ်ခေတ်က ကျောင်းသုံးစာအုပ်လာ ကလေးကြိုက်ပုံပြင်များ | ၂၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၂ | နေစိုးလှိုင် | လုပ်ငန်းခွင်နှင့်နေ့စဉ်ဘဝ ဘေးကင်းကျန်းမာရေး | ၁၆၀၀ိ/- | ပညာမြန်မာစာပေ |
| ၂၃ | လှစိုးဝေ | မဟာတို့၏ကျဆုံးခန်း | ၂၅၀၀ိ/- | ရိုးမချယ်ရီစာပေ |
| ၂၄ | မောင်သာချို | ကောက်ကွေ့တဲ့လမ်းများနှင့် ဖြောင့်တန်းတဲ့ခြေရာ | ၃၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၂၅ | ဦးဇော်မျိုး(ရန်ကုန်တက္ကသိုလ်) | မြကျွန်းညို(အထက်တန်းအဆင့်) စာစီစာကုံးများတွေးတောရေးသားပုံ | ၂၀၀၀ိ/- | ပစ်တိုင်းထောင်စာပေ |
| ၂၆ | ကိုကိုလေး | ခေတ်သစ်လက်ဝဲဝါဒမူလအစ | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၂၇ | မြတ်ဝေ | ကြွေ | ၃၀၀၀ိ/- | ချန့်ချန်စာပေ |
| ၂၈ | မသက်ဇင် | စောရအိုင်မြစ်ဆုံရယ် | ၃၀၀၀ိ/- | ဂန္ထဝင်ပညာအိမ်စာပေ |
| ၂၉ | မောင်ကိုကို(အမရပူရ) | ကျွန်တော်၏မေမေနှင့်တခြားဆောင်းပါးများ | ၂၅၀၀ိ/- | ဆန်းစသော်တာစာပေ |
| ၃၀ | ကောင်းဆက်နိုင် | အာဏာရှင်မိခင်နှင့် အခြားဝတ္ထုတိုများ | ၂၂၀၀ိ/- | ကောင်းဆက်နိုင်စာပေ |
| ၃၁ | ထားထားမြင့် | ကလေးတွေကို တိုးတိုးတိတ်တိတ် အသိပေးစရာများ | ၂၀၀၀ိ/- | တိုးမြစ်စာပေ |
| ၃၂ | နေဇင်လတ် | မျိုးဆက်သစ်ခေါင်းဆောင်များအတွက် | ၄၅၀၀ိ/- | ရွှက်စိမ်းစာပေ |
| ၃၃ | မောင်ခေတ်ထွန်း | ငှက်ညိုကလေးများ၏နားခိုရာနှင့် အခြားပုံပြင်များ | ၁၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၃၄ | ပန်းချီ-ဦးစိန် | စုံထောက်ဦးစံရှားရုပ်ပြဇာတ်လမ်းများ | ၃၀၀၀ိ/- | ရုပ်ပြောင်စာပေ |
| ၃၅ | ပန်းချီအောင်ကြောင်းဖြာ | တို့ဗိုလ်ချုပ်အောင်ဆန်းသည် | ၁၂၀၀ိ/- | နဂါးပျံစာပေ |
| ၃၆ | ပန်းချီအောင်ကြောင်းဖြာ | တပည့်ကျင့်ဝတ် | ၁၂၀၀ိ/- | နဂါးပျံစာပေ |
| ၃၇ | Dr Vince(Physics) | Get Ready for Exam Physics (လေ့ကျင့်ရန်မေးခွန်း(၇)စုံ) | ၁၀၀၀ိ/- | Apex စာပေ |
| ၃၈ | ရှီဒီ | ရှီဒီ=၄၀=ကဗျာ | ၁၀၀၀ိ/- | သင်းစာပေ |
| ၃၉ | ဇော်ထွဋ် | သုခဝပ်ကျင်းရသစာတမ်းများ | ၂၀၀၀ိ/- | ဇော်ထွဋ်စာပေ |
| ၄၀ | ရဲမြလွင်(မြန်မာပြန်) | နာစူမဲ့ဆောဆဲကီဘော့ကျန် | ၂၅၀၀ိ/- | မောင်းထောင်စာပေ |
| ၄၁ | ထွဋ်ဝင်းထွဋ် | သားငယ်သမီးငယ်တို့အတွက် မှတ်သားဖွယ် ကမ္ဘာကျော်ပုံပြင်များ | ၃၀၀၀ိ/- | စိန်မိုးယံစာပေ |

(ဆက်လက်ဖော်ပြပါမည်)

# လူ့ဘောင်သစ်ပါတီက
# ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　　ဖေဖော်ဝါရီ　　၁၈

**လူ့ဘောင်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးညိုထွန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




တိုင်းရင်းသားပြည်သူအပေါင်းရဲ့ ရင်တွင်းမှမျှော်မှန်းချက်များ အမှန်တကယ် ပြည့်ဝလာစေကြောင်း လူ့ဘောင်သစ်ပါတီမှ ဆုမွန်ကောင်းပေးပို့အပ်ပါသည်။

ကျွန်တော်ကတော့ လူ့ဘောင်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးညိုထွန်း ဖြစ်ပါတယ်။

**လူ့ဘောင်သစ်ပါတီသမိုင်းအကျဉ်း**

ကျွန်တော်တို့ရဲ့ လူ့ဘောင်သစ်ပါတီဟာ ရှစ်လေးလုံးဒီမိုကရေစီအရေး လူထုအရေးတော်ပုံအား ဦးဆောင်ခဲ့သည့် ၈၈ မျိုးဆက်ကျောင်းသားများနဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗ. က. သ)ကနေ မွေးဖွားလာခဲ့တဲ့ပါတီ ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင် လူ့ဘောင်သစ်ပါတီ စတင်ဖွဲ့စည်းထူထောင်စဉ်ကာလများက ဗ. က. သ များအဖွဲ့ချုပ်မှာ အထွေထွေအတွင်းရေးမှူးနှင့် ဥက္ကဋ္ဌ (ယာယီ)တာဝန်များ ထမ်းဆောင်ခဲ့ပါတယ်။

**လူ့ဘောင်သစ်ပါတီအလံတော်**

ကျွန်တော်တို့ လူ့ဘောင်သစ်ပါတီရဲ့ အလံတော်ဆိုတာ ၁၉၈၈ ခုနှစ်ကတည်းက ကိုင်စွဲခဲ့တဲ့ မူလလူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ အလံတော်ပဲ ဖြစ်ပါတယ်။ အနီရောင်နောက်ခံဖြစ်ပြီး အလံတော်ရဲ့ လက်ဝဲဘက်အပေါ်ထောင့်မှာ ရွှေဝါရောင်ကြယ်လေးလုံးကို တပ်ဆင်ထားပါတယ်။

ရွှေဝါရောင်ကြယ်လေးလုံးရဲ့ အနက်အဓိပ္ပာယ်ကတော့ အလုပ်သမား၊ တောင်သူလယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်ဆိုတဲ့ အခြေခံလူတန်းစားနှစ်ရပ်နဲ့ အခြေခံအလွှာနှစ်ရပ် စုစုပေါင်းလူတန်းစားအလွှာ လေးရပ်ကို ကိုယ်စားပြုထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ လူ့ဘောင်သစ်ပါတီဟာ အလုပ်သမား၊ တောင်သူလယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင် အခြေခံလူတန်းစားအလွှာလေးရပ်ရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုပါတယ်။

**လူ့ဘောင်သစ်ပါတီဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များ**

လူ့ဘောင်သစ်ပါတီဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို လူ့ဘောင်သစ်ပါတီရဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမှာ အတိအလင်းရေးဆွဲပြဋ္ဌာန်းထားပါတယ်။ အဲဒီရည်ရွယ်ချက်တွေကတော့-

၁။ ပြည်သူလူထုအကျိုးစီးပွားအတွက် ဒီမိုကရေစီစနစ်ပေါ်ထွန်းရေး၊
၂။ ပြည်သူ့အာဏာကို ပြည်သူတို့လက်ဝယ် ထာဝစဉ်ပိုင်စိုးရေး၊
၃။ ရည်ရွယ်ချက်တူ ပါတီနှင့်အဖွဲ့အစည်းများကိုစုစည်းပြီး အမျိုးသားရေးကိုကိုယ်စားပြုသည့် ဒီမိုကရေစီတပ်ပေါင်းစုကြီး ပေါ်ထွန်းလာရေး၊
၄။ ဒီမိုကရေစီစနစ် ထာဝစဉ်ရှင်သန်နေစေရေးအတွက် ခိုင်မာတောင့်တင်းသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ခု ပေါ်ပေါက်လာရေးတို့ပဲ ဖြစ်ပါတယ်။

**လူ့ဘောင်သစ်ပါတီ၏ အခြေခံမူသဘောထားများ**

သမိုင်းခေတ်တွေ တစ်ခုပြီးတစ်ခု ဘယ်လိုပဲပြောင်းလဲသွားပါစေ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာစနစ်တွေ၊ အခြေအနေတွေ၊ အချက်အလက်တွေ ဘယ်လိုပဲပြောင်းလဲသွားပါစေ လူ့ဘောင်သစ်ပါတီဟာ တိုင်းရင်းသားပြည်သူလူထုကြီးအတွက် ခိုင်မာတိကျတဲ့အခြေခံမူ သဘောထားများအပေါ်မှာ တည်ကြည်ရဲရင့်ပြတ်သားစွာ အစဉ်အမြဲရပ်တည်သွားမှာ ဖြစ်ပါတယ်။

အဲဒီအခြေခံမူတွေကတော့-

၁။ လွတ်လပ်ရေး၊
၂။ တန်းတူညီမျှရေး၊
၃။ တရားမျှတရေး၊
၄။ သာယာကြွယ်ဝရေး၊
၅။ ဖွံ့ဖြိုးတိုးတက်ရေးတို့ပဲ ဖြစ်ပါတယ်။

**လက်ရှိအမျိုးသားရေး လိုအပ်ချက်များအပေါ် လူ့ဘောင်သစ်ပါတီ၏ ဦးတည်ချက်များ**

နိုင်ငံတော်ရဲ့ ပကတိအခြေအနေအမှန်၊ အချက်အလက်အမှန်များအပေါ် အခြေခံပြီး လက်ရှိ အမျိုးသားရေးလိုအပ်ချက်များအပေါ် လူ့ဘောင်သစ်ပါတီ၏ ဦးတည်ချက်တွေကတော့ -

၁။ ဒီမိုကရေစီအရေး၊
၂။ လူ့အခွင့်အရေး၊
၃။ ပြည်တွင်းငြိမ်းချမ်းရေး၊
၄။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊
၅။ ဖယ်ဒရယ်ပြည်ထောင်စုဖွဲ့စည်းတည်ဆောက်ရေးတို့ပဲဖြစ်ပါတယ်။

**လူ့ဘောင်သစ်ပါတီ၏ မူဝါဒများ**

လူ့ဘောင်သစ်ပါတီရဲ့ မူဝါဒတွေက ပြည်သူလူထုတစ်ရပ်လုံးရဲ့ အကျိုးစီးပွား၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူလူထုရဲ့အကျိုးစီးပွား၊ နိုင်ငံတော်တစ်ခုလုံးရဲ့ ရေရှည်အကျိုးစီးပွားအတွက် ချမှတ်ထားတဲ့မူဝါဒတွေ ဖြစ်ပါတယ်။ အထူးသဖြင့် လူ့ဘောင်သစ်ပါတီက ကိုယ်စားပြုထားတဲ့ အလုပ်သမား၊ တောင်သူလယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင် လူတန်းစားအလွှာလေးရပ်ရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုတဲ့ မူဝါဒတွေပဲ ဖြစ်ပါတယ်။

**၁။ ပြည်တွင်းငြိမ်းချမ်းရေး**

လူ့ဘောင်သစ်ပါတီဟာ ပြည်တွင်းစစ်ရပ်စဲရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ ဘက်အသီးသီးမှ စစ်ရေးထိုးစစ်တွေရပ်ဆိုင်းသွားရေးအတွက် လက်တွေ့ကျတဲ့ အဖြေရှာမှုတွေဆီကို အမှန်တကယ်ရောက်ရှိသွားစေဖို့ လူ့ဘောင်သစ်ပါတီက အားထုတ်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုနယ်မြေအသီးသီးမှာ ဘက်အသီးသီးမှ စစ်ရေးထိုးစစ်အသစ်များ တစ်ပြိုင်နက်တည်းရပ်ဆိုင်းပေးဖို့လိုအပ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ နိုင်ငံရေးပါတီအားလုံး၊ လူထုလူတန်းစား၊ အရပ်ဘက်အဖွဲ့အစည်းအားလုံး ပါဝင်ခွင့်ရရှိတဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်လာဖို့ လူ့ဘောင်သစ်ပါတီမှ မူဝါဒချမှတ်ထားပါတယ်။

**၂။ အမျိုးသားပြန်လည်သင့်မြတ်ရေး**

လူ့ဘောင်သစ်ပါတီဟာ ၁၉၄၈ ခုနှစ်ကနေစတင်ပြီး တိုင်းပြည်အတွင်းမှာ အစိတ်စိတ်အမြွှာမြွှာကွဲပြားခြားနားသွားကြတဲ့ နိုင်ငံရေးအင်အားစုတွေ၊ ဝါဒရေးရာအင်အားစုတွေ၊ တိုင်းရင်းသားလူမျိုးစုတွေ၊ လူတန်းစားတွေ၊ လူမှုအလွှာတွေ၊ အကျိုးစီးပွားမတူတဲ့အုပ်စုအသီးသီးအကြားမှာ ကာလရှည်ကြာ ပျောက်ဆုံးနေခဲ့တဲ့ အမျိုးသားအချင်းချင်းသွေးစည်းညီညွတ်ရေးကို ပြန်လည်ရရှိနိုင်ဖို့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အပြန်အလှန်အမုန်းတရားတွေ၊ အပြန်အလှန်ရန်ငြိုးအာဃာတတွေ၊ အပြန်အလှန် အလွန်အကျွံထားရှိထားတတ်ကြတဲ့ လွန်ကဲသံသယတွေ လျှော့ချနိုင်ဖို့အတွက် လူ့ဘောင်သစ်ပါတီဟာ လက်တွေ့ကျတဲ့၊ ပွင့်လင်းမြင်သာမှုရှိတဲ့၊ စိတ်ကူးယဉ်မဆန်တဲ့ ပကတိအခြေအနေအမှန်၊ အချက်အလက်အမှန်တွေအပေါ်ကနေ ဆောင်ရွက်မယ့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကို လူ့ဘောင်သစ်ပါတီကနေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**၃။ ဖက်ဒရယ်ပြည်ထောင်စုမူဝါဒ**

လူ့ဘောင်သစ်ပါတီဟာ ပြည်ထောင်စုအစိုးရ(ဗဟို)က အရာရာကို ချုပ်ကိုင်ထားတဲ့ တစ်ပြည်ထောင်နိုင်ငံမျိုးလည်းမဟုတ်၊ အဖွဲ့ဝင်ပြည်ထောင် အသီးသီးက အမျိုးမျိုးကွဲပြားခြားနားပြီး အစည်းပြေကစဉ့်ကလျားဖြစ်နေတတ်တဲ့ နိုင်ငံပေါင်းစုသဟာယအဖွဲ့ ကွန်ဖက်ဒရေးရှင်းမျိုးလည်း မဟုတ်တဲ့ ပြည်ထောင်စုနဲ့ ပြည်နယ်တွေအကြားမှာ မျှတစွာအာဏာခွဲဝေတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

**၄။ အလုပ်သမားရေးရာမူဝါဒ**

လူ့ဘောင်သစ်ပါတီအနေနဲ့ အလုပ်သမားထုအကျိုးစီးပွားအတွက် အလုပ်သမားရေးရာမူဝါဒများကို ရှင်းလင်းပြတ်သားစွာ ချမှတ်ထားပါတယ်။ အဲဒါတွေကတော့-

(၁) အလုပ်သမားထုအကျိုးစီးပွားကို ကိုယ်စားပြုမည့် တစ်ခုတည်းသော ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်ကြီးတစ်ခု တစ်စုတစ်စည်းတည်း ဖွဲ့စည်းပေါ်ပေါက်လာရေး၊
(၂) အလုပ်ချိန် ၈ နာရီစနစ်ကို လက်တွေ့အမှန်တကယ်အပြည့်အဝ ကျင့်သုံးရေး၊
(၃) ပုဂ္ဂလိကလုပ်ငန်းများအပါအဝင် လုပ်ငန်းအားလုံးတွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ နှစ်ရက်ကို အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ပြဋ္ဌာန်းရေး၊
(၄) ပြောင်းလဲနေတတ်သော ကုန်ဈေးနှုန်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် အနိမ့်ဆုံးလုပ်ခသတ်မှတ်ချက်များကို အခြေအနေအရ မကြာခဏ ပြောင်းလဲသတ်မှတ်ပေးရေး၊
(၅) အလုပ်သမားစစ်စစ်များဖြင့်သာ ဖွဲ့စည်းထားသော အလုပ်သမားသမဂ္ဂများကို အလုပ်သမားများမှ လျှို့ဝှက်မဲပေးစနစ်ဖြင့် အဆင့်ဆင့် ရွေးကောက်တင်မြှောက်ဖွဲ့စည်းရေး၊
(၆) အလုပ်သမားအားလုံး အငြိမ်းစားလစာ ခံစားခွင့်ရရှိရေး၊
(၇) အလုပ်သမားများနှင့် အငြိမ်းစား အလုပ်သမားဟောင်းများအတွက် နိုင်ငံတော်မှ အခမဲ့လူမှုဖူလုံရေး၊ အခမဲ့ကျန်းမာရေးနှင့် အခမဲ့ပညာရေး အစီအစဉ်များကို ထိရောက်စွာ ချမှတ်ဆောင်ရွက်ရေးတို့ပဲ ဖြစ်ပါတယ်။

**၅။ တောင်သူလယ်သမားအရေးမူဝါဒ**

လူ့ဘောင်သစ်ပါတီဟာ တောင်သူလယ်သမားထုရဲ့ အကျိုးစီးပွားအတွက် တောင်သူလယ်သမားရေးရာ မူဝါဒများကို ရှင်းလင်းပြတ်သားစွာ ချမှတ်ထားပါတယ်။ အဲဒီမူဝါဒတွေကတော့-

(၁) လယ်သမားထု အကျိုးစီးပွားကို ကိုယ်စားပြုမယ့် တစ်ခုတည်းသော ဗမာနိုင်ငံလုံးဆိုင်ရာ လယ်သမားသမဂ္ဂများအဖွဲ့ချုပ်ကြီးတစ်ခု တစ်စုတစ်စည်းတည်း ဖွဲ့စည်းပေါ်ပေါက်လာစေရေး၊
(၂) တောင်သူလယ်သမားစစ်စစ်များဖြင့်သာ ဖွဲ့စည်းထားသော တောင်သူလယ်သမားသမဂ္ဂများကို တောင်သူလယ်သမားများကိုယ်တိုင် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းရေး၊
(၃) တောင်သူလယ်သမားများအတွက် မြေယာပိုင်ဆိုင်ခွင့်နှင့် မြေယာအာမခံချက်များရရှိရေး၊ လွတ်လပ်စွာ စိုက်ပျိုးရောင်းချ-ကူးသန်းရောင်းဝယ်ခွင့် ရရှိရေးနှင့် အစိုးရထံမှ လိုအပ်သောချေးငွေများ ရရှိရေး၊
(၄) စစ်မှန်သော မြေယာပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို ထိရောက်မှန်ကန် မြန်ဆန်စွာပြုလုပ်ပေးရေး၊
(၅) တောင်သူလယ်သမားများက မိမိဆန္ဒအလျောက် ထူထောင်ဖွဲ့စည်းထားသော ကျေးလက်သမဝါယမအသင်းများကို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းစုများနှင့်ထပ်တူ အခွင့်အရေးပေးရေးနှင့် ခွဲခြားဆက်ဆံမှု မပြုစေရေး၊
(၆) ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို သီးခြားဌာနတစ်ခုအဖြစ် ဖွဲ့စည်းထူထောင်ထားရှိရေး၊
(၇) တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူလူထုအတွက် နိုင်ငံတော်မှ အခမဲ့လူမှုဖူလုံရေး၊ ကျန်းမာရေးနှင့် ပညာရေးအစီအစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ပဲ ဖြစ်ပါတယ်။

**၆။ အမျိုးသမီးရေးရာမူဝါဒ**

လူ့ဘောင်သစ်ပါတီအနေနဲ့ အမျိုးသမီးထုရဲ့ အကျိုးစီးပွားအတွက် အမျိုးသမီးရေးရာမူဝါဒများကို ရှင်းလင်းပြတ်သားစွာ ချမှတ်ထားပါတယ်။ အဲဒီမူဝါဒတွေကတော့ -

(၁) အမျိုးသမီးထုအကျိုးစီးပွားကို ကိုယ်စားပြုမယ့် တစ်ခုတည်းသော ဗမာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးသမဂ္ဂများအဖွဲ့ချုပ်ကြီးတစ်ခု တစ်စုတစ်စည်းတည်း ဖွဲ့စည်းပေါ်ပေါက်လာစေရေး၊
(၂) အမျိုးသမီးသမဂ္ဂများကို အမျိုးသမီးများကိုယ်တိုင် လျှို့ဝှက်မဲပေးစနစ်ဖြင့် အဆင့်ဆင့်ရွေးကောက်တင်မြှောက် ရွေးချယ်ဖွဲ့စည်းရေး၊
(၃) အမျိုးသမီးများအတွက် လိင်မှုရေးရာကိစ္စများတွင် ထိရောက်ပြတ်သားစွာ အကာအကွယ်ပေးရေး၊
(၄) အမျိုးသမီးများကို လိင်မှုရေးရာအရ အမြတ်ထုတ်အသုံးချနေသော ဒုစရိုက်ညစ်ညမ်းလုပ်ငန်းများကို ထိထိရောက်ရောက်တားဆီးပိတ်ပင်ရေး၊
(၅) အမျိုးသမီးရေးရာဝန်ကြီးဌာနကို သီးခြားဌာနအဖြစ် ထားရှိကာ စီမံဆောင်ရွက်စေရေး၊
(၆) အမျိုးသမီးများအား လူမှောင်ခိုကူးမှုများကို နိုင်ငံတော်အဆင့် စီမံချက်များချမှတ်ကာ တားဆီးဖြိုခွင်းရေး၊
(၇) အမျိုးသမီးများ၏ စွမ်းဆောင်ရည်များ မြင့်မားလာစေရန် နိုင်ငံတော်မှ စနစ်တကျ စီမံချက်များချမှတ်ဆောင်ရွက်ရေးနှင့် အမျိုးသမီးများအား လူမှုဖူလုံရေးနှင့် ပညာရေး၊ ကျန်းမာရေးခံစားခွင့်များအား ထိရောက်စွာ ဆောင်ရွက်အကောင်အထည်ဖော်ရေးတို့ပဲ ဖြစ်ပါတယ်။

**(၇) စီးပွားရေးမူဝါဒ**

လူ့ဘောင်သစ်ပါတီအနေနဲ့ ပြည်သူတို့အတွက် လူမှုဖူလုံရေး၊ ပညာရေးနဲ့ ကျန်းမာရေးအသုံးစရိတ်တွေကို ထိထိရောက်ရောက်တိုးမြှင့်သုံးစွဲနိုင်ရန်အတွက် နိုင်ငံတော်ရဲ့ အသုံးစရိတ်တွေထဲမှာ မလိုအပ်တဲ့ ပလွှားမှုတွေ၊ ကြွားဝါမှုတွေ၊ ဝါဒဖြန့်ချိမှုတွေ၊ ဂုဏ်တုဂုဏ်ပြိုင် အလုပ်တွေနဲ့ စပ်လျဉ်းနေတဲ့ အသုံးစရိတ်တွေကို လျှော့ချဖျက်သိမ်းသွားမှာ ဖြစ်ပါတယ်။

လူ့ဘောင်သစ်ပါတီဟာ နိုင်ငံပိုင်၊ ဒေသပိုင်၊ သမဝါယမပိုင်၊ လူမှုအစုအဖွဲ့ ကွန်မြူနစ်တီပိုင်နဲ့ ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်သွားမှာ ဖြစ်ပါတယ်။ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများ၊ အခြေခံအထည်အလိပ်လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ စွမ်းအင်လုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများ၊ ပြန်ကြားရေးနှင့် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကို တိုးတက်ဖွံ့ဖြိုးရန် စီးပွားရေးပညာရှင်များနဲ့ ဆွေးနွေးပွဲများလုပ်ဆောင်ပြီး ခေတ်နှင့်အညီ ဖော်ဆောင်လုပ်ကိုင်သွားမှာ ဖြစ်သလို အမျိုးသားလုပ်ငန်းရှင်ကြီးများနှင့်လည်း တိုင်းပြည်စီးပွားဖွံ့ဖြိုးရေးအတွက် လက်တွဲလုပ်ကိုင်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ လူမှုဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းတွေအတွက် အသုံးစရိတ်များ တိုးမြှင့်သုံးစွဲနိုင်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများ၊ စားသောက်ဆိုင်နှင့် အဖျော်ယမကာလုပ်ငန်းများ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးလုပ်ငန်းများ၊ ရွှေ၊ ငွေ၊ ရေနံ၊ သစ်တော၊ သဘာဝသယံဇာတနှင့် ကျောက်မျက်ရတနာလုပ်ငန်းများ၊ သစ်တောထွက်လုပ်ငန်းများတို့ကို ထိထိရောက်ရောက် အခွန်ကောက်ခံသွားမှာဖြစ်ပါတယ်။

ဆက်သွယ်ရေးလုပ်ငန်းများ၊ ပို့ဆောင်ရေးလုပ်ငန်းများ၊ ဘဏ်နှင့် ငွေကြေးဈေးကွက်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဈေးကွက် စတော့ရှယ်ယာအိတ်ချိန်းလုပ်ငန်းများ၊ အိမ်ခြံမြေလုပ်ငန်းများကို အမြတ်ခွန်အလယ်အလတ်အဆင့် သတ်မှတ်ပြီး ကောက်ခံသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့တိုင်းပြည်ရဲ့ ပကတိအခြေအနေတွေနဲ့ လိုက်လျောညီထွေမှုရှိတဲ့၊ သက်ဆိုင်ဆက်စပ်မှုရှိတဲ့၊ အခြားတိုးတက်ဖွံ့ဖြိုးနေတဲ့ တိုင်းပြည်များရဲ့ မူဝါဒများ၊ လုပ်ငန်းများကိုသာ အစိတ်အပိုင်းတစ်ခုချင်းအလိုက် ထည့်သွင်းစဉ်းစားလေ့လာသုံးသပ်ပြီး ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။

ဒီတော့ လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ ဒဂုံမြို့သစ်အရှေ့ပိုင်း ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မြေမှာ ကျွန်တော် ဦးညိုထွန်းကိုယ်တိုင် လူ့ဘောင်သစ်ပါတီကို ကိုယ်စားပြုပြီး ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ အမှတ်တံဆိပ်ကတော့ အဖြူရောင်နောက်ခံပေါ်က အနီရောင်စက်ဝိုင်းအတွင်းမှာ ရွှေဝါရောင်ကြယ်လေးလုံးအပေါ်ကနေ အနီရောင်ခွပ်ဒေါင်း ဖြတ်သန်းနေတဲ့ အထိမ်းအမှတ်တံဆိပ်ဖြစ်ပါတယ်။

လူထုအသံ အမှန်ဖြစ်စေဖို့ လူ့ဘောင်သစ်ပါတီကို မဲပေးကြပါစို့။

ပြည်သူလူထုအပေါင်း ကျန်းမာချမ်းသာကြပါစေခင်ဗျာ. . .

ကြေးမုံ



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်၌ ထိတွေ့မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်အနီး၌ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တစ်ဖက်နိုင်ငံဘက်ခြမ်းမှ တောင်ကုန်းများတွင် နေရာယူထားသည့် အနက်ရောင်ဝတ်စုံဝတ် လက်နက်ကိုင်အဖွဲ့တို့ ဖေဖော်ဝါရီ ၁၆ ရက် ညနေပိုင်းက ထိတွေ့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

### ပြန်လည်ပစ်ခတ်


မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ် မိုင်တိုင် ၅၆ နှင့် ၅၇ အကြား၌ နယ်စပ်ခြံစည်းရိုး ကင်းလှည့်လမ်းပြုပြင်ရေးအဖွဲ့ကို နယ်မြေလုံခြုံရေးဆောင်ရွက်ပေးနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၃ နာရီခန့်က တစ်ဖက်နိုင်ငံဘက်ခြမ်းမှ တောင်ကုန်းတွင် အသင့်နေရာယူထားသော လက်နက်ကိုင်အဖွဲ့ ခန့်မှန်းအင်အား ၃၀ ခန့်မှ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်သဖြင့် နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

### လက်နက်ငယ်ထိမှန်

ထိတွေ့မှုဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး လက်နက်ငယ်ထိမှန်ဒဏ်ရာရ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

အနက်ရောင်ဝတ်စုံဝတ် သောင်းကျန်းသူအချို့က လက်နက်ငယ်ဖြင့် ပစ်ခတ်၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်၌ ထိတွေ့မှုဖြစ်ပွားခဲ့သည့် တည်နေရာပြမြေပုံ




| ရည်ညွှန်းချက် | |
|---|---|
| → → → → | မိမိတပ်ချီတက်ရာလမ်းကြောင်း |
| ၃၀ | ရန်သူ |

## မောင်တောမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မောင်တောမြို့နယ် ကျီးကန်းပြင်အလယ်ရွာနေ လူနေထိုင်ခြင်းမရှိသော ဟူဆောင်းအာမက်၏ ဓနိမိုး၊ ထရံကာ မြေစိုက်နေအိမ်တစ်လုံး ယမန်နေ့ ညနေ ၆ နာရီ မိနစ် ၅၀ တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အိမ်ရှင် ဟူဆောင်းအာမက်သည် ကျီးကန်းပြင်တောင်ရွာသို့ သွားရောက်နေထိုင်လျက်ရှိကြောင်း သိရှိရပြီး မီးလောင်မှုနှင့်ပတ်သက်၍ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်တွင် နေအိမ် ၁၄ လုံး မီးလောင်မှုဖြစ်ပွား

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် အကွက်အမှတ် ညည/၄၂၊ ၅၅ လမ်းနှင့် ၅၄ လမ်းကြား၊ ရန်ပြေလမ်းနှင့် ရန်နိုင်လမ်းကြား၌ ယနေ့မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်က ဖုန်းအားသွင်းရာမှ အပူလွန်ကဲပြီး နေအိမ် ၁၄ လုံး မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖုန်းထက်နိုင်မြင့်၊ ရဲမှူးဝင်းနိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦးတို့က ကြီးကြပ်၍ မီးငြိမ်းသတ်ယာဉ် အစီး ၃၀၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ သန္ဓေမီးသတ် ၇၀၊ အရန်မီးသတ် ၁၂၀၊ ရဲတပ်ဖွဲ့ဝင် ၃၉ ဦးနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။



မီးလောင်မှုကြောင့် ပျဉ်ထောင်ပျဉ်ခင်းသွပ်မိုး အိမ်နှစ်လုံး၊ နှစ်ထပ်ထရံကာ သွပ်မိုးအိမ်ကိုးလုံး၊ မြေစိုက်ထရံကာ သွပ်မိုးအိမ်သုံးလုံး စုစုပေါင်း နေအိမ် ၁၄ လုံး မီးလောင်ကျွမ်းခဲ့ပြီး အိမ်ထောင်စု ၁၈ စုမှ အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၅၇ ဦး စုစုပေါင်း ၉၉ ဦး မီးဘေးသင့်ခဲ့ကာ ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

အဆိုပါ မီးစတင်လောင်ကျွမ်းသောနေအိမ်မှ ဒေါ်ခင်ရင်ကို ပြည်ကြီးတံခွန်မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိပြီး မီးဘေးသင့်အိမ်ထောင်စုများအား ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်ရှိ ဝေပုလ္လဒီပါအေးမြဓမ္မာရုံ၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိကြောင်းသိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# မြဝတီမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက်က မြဝတီမြို့ အမှတ်(၁)ရပ်ကွက် ဂန္ဓမာလမ်း ဆီးဂဲလ်ဂိတ်တွင် စက်ဘီးစီးလာသူ မခင်မမအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ သိမ်းဆည်းရမိပြီး ဆက်လက်ဖော်ထုတ်ရာ စိတ်ကြွရူးသွပ်ဆေးပြားများကို ရောင်းချခိုင်းသူ ဆန်းဝင်းအား မြဝတီမြို့ အမှတ်(၅) ရပ်ကွက် မြို့ပတ်လမ်းတွင် မော်တော်ယာဉ်ဖြင့်တွေ့ရှိပြီး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၊ ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ၎င်းကျည်သုံးတောင့်၊ မြန်မာငွေကျပ် တစ်သိန်းတို့နှင့်အတူ သိမ်းဆည်းရမိသည်။ သတင်းကွင်းဆက်အရ ဆက်လက်ဖော်ထုတ်ရာ မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ချစ်ကြည်ရေးလမ်း ရင်ခွင်နန်းတော်ဟိုတယ်အနီး၌ ကိုစိုင်းအား ဆိုင်ကယ်ဖြင့်တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်ဖော်ထုတ်ချက်အရ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ကမ္ဘာသစ်ကား တာယာဆိုင်အနီးတွင် ဆိုင်ကယ်ဖြင့်ရောက်ရှိလာသူ မနန်းခမ်းကျင်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ သိမ်းဆည်းရမိသည်။

စစ်ဆေးဖော်ထုတ်ချက်အရ မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဂန္ဓာရုံကျောင်းလမ်းရှိ အခလိန်း၏ နေအိမ်ကိုရှာဖွေရန် ဝင်ရောက်စဉ် သေနတ်ဖြင့်ပစ်ခတ်၍ ပူးပေါင်းအဖွဲ့မှ ပြန်လည်ပစ်ခတ်လုံးထွေးဖမ်းဆီးပြီး နေအိမ်ကိုရှာဖွေရာ အခလိန်း၊ ၎င်း၏ဇနီး မထွေးလှ၊ မင်းဇော်(ခ)မင်းဇော်ထွန်းနှင့် ကျော်အဲစိုး(ခ)အပုလေးတို့အား တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၊ ပွိုင့် ၂၂ ခြောက်လုံးပြူးသေနတ် တစ်လက်၊ ၎င်းကျည် ငါးတောင့်၊ ကျည်ခွံ တစ်ခု၊ လုပ်သေနတ်တစ်လက်၊ ၎င်းကျည် နှစ်တောင့်၊ ပွိုင့် ၂၂ ကျည် ခြောက်တောင့်၊ ၉၁ အမျိုးအစား လက်ပစ်ဗုံးတစ်လုံးနှင့် မော်တော်ယာဉ်နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇၈၄၀၀နှင့် လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ ၎င်းတို့ ရှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# စစ်တွေမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းကိုးသောင်းကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စစ်တွေမြို့နယ် အုန်းတောကြီးကျေးရွာရှိ နေအိမ်တစ်လုံးမှ ဖေဖော်ဝါရီ ၁၆ ရက် ညပိုင်းက စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းကိုးသောင်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အုန်းတောကြီးကျေးရွာနေ ဟာရူလာမီနှင့် ရှောင်ချီဒါဘေခေါင်၏ အိမ်သို့ တစ်ရွာတည်းနေ ဇာရီတူဆောင်းမှ ပီနံအိတ်တစ်ထုပ် သယ်ဆောင်လာကြောင်း သတင်းအရ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၆ ရက် ည ၇ နာရီခန့်က သွားရောက်စစ်ဆေးရာ အိမ်ပိုင်ရှင် ရှောင်ချီဒါဘေခေါင်မှာ ထွက်ပြေးသွားခဲ့ပြီး အိမ်တွင်တွေ့ရှိသည့် ပီနံအိတ်အား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ကာလတန်ဖိုး ငွေကျပ်သိန်း ၅၉၀၀ ခန့်ရှိ WY စိတ်ကြွဆေးပြား ၁၉၆၁၈၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဟာရူလာမီ၊ ဇာရီတူဆောင်းနှင့် ရှောင်ချီဒါဘေခေါင်တို့ သုံးဦးအား ဖမ်းဆီးရမိရေးနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပွဲခင်းအတွင်း မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ဗန်းမောက် ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ပင့်စင်တဲကျေးရွာအုပ်စု လယ်ကျင်းကျေးရွာ ဘုန်းတော်ကြီးပျံ ဈာပနပွဲအတွင်း မူးယစ်ဆေးဝါးများကို ဖေဖော်ဝါရီ ၁၇ ရက် ည ၁၀ နာရီ ၁၅ မိနစ်က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မြို့မရဲစခန်းမှူးရုံးမှ ရဲအုပ်မင်းကိုလွင်နှင့်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူးတို့ ပူးပေါင်းအဖွဲ့တို့နှင့်အတူ ဗန်းမောက်မြို့နယ် ပင့်စင်တဲကျေးရွာအုပ်စု လယ်ကျင်းကျေးရွာ ဘုန်းတော်ကြီးပျံ ဈာပနပွဲခင်းအတွင်း လုံခြုံရေးဆောင်ရွက်နေစဉ် မသင်္ကာသူ ပြည်သိန်းနှင့် တင်ထွန်းဦး ဝန်းသိုမြို့နယ်နေသူတို့အား စစ်ဆေးရှာဖွေခဲ့ရာ ပြည်သိန်း၏ခါးတွင်ပတ်ထားသော အိတ်အတွင်းမှ Love is flower စာတန်းပါ ဆပ်ပြာခွက်အတွင်း ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူ။ ဝါ စပ်ကျားအမှုန့် အလေးချိန် ၁၁ ဂရမ်ခန့်ပါ ဆပ်ပြာခွက်တစ်ခွက်၊ တင်ထွန်းဦး ဝတ်ဆင်ထားသော ဂျာကင်အင်္ကျီအတွင်းထည့်ထားလျက် PARACETAMOL စာတန်းပါ အဖြူရောင်ကော်ဘူးအတွင်း ဘိန်းဖြူယူဆရသော ဖြူ။ ဝါ စပ်ကျားအမှုန့် အလေးချိန် ၄ ဂရမ်ခန့်ပါတစ်ဘူး၊ အဖြူရောင်ကော်ဘူးအတွင်း ထည့်ထားသည့် ဘိန်းဖြူဟု ယူဆရသော ဖြူ ဝါ စပ်ကျားအမှုန့် အလေးချိန် နှစ်ဂရမ်ခန့်ပါ တစ်ဘူး၊ CELOROFOS စာတန်းပါ အဖြူရောင်ကော်ဘူးအတွင်း ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသော ဖြူ ဝါ စပ်ကျားအမှုန့် အလေးချိန် ၁ ဒသမ ၅ ဂရမ်ခန့်ပါ တစ်ဘူး စုစုပေါင်း ၁၈ ဒသမ ၅ ဂရမ် (ကာလတန်ဖိုး ၁၈၅၀၀၀၀) အား ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်သိန်းနှင့်တင်ထွန်းဦး တို့အား ဗန်းမောက်မြို့နယ်ရဲစခန်းမှ မယ(ပ)၃/၂၀၁၇၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်စွာ (ဗန်းမောက်)**

# ၂၀၁၆ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ဓာတ်ပုံပြိုင်ပွဲမှ ဆုရရှိကြသူများအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

၂၀၁၆ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ဓာတ်ပုံပြိုင်ပွဲဆုရရှိကြသူများနှင့် အတက်ကြွဆုံးလှုပ်ရှားပါဝင်ခဲ့ကြသည့် မြို့နယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက နေပြည်တော်၊ ရုံး (၃၁) စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တစ်နိုင်ငံလုံးအားကစားကဏ္ဍကို ပြန်လည်မြှင့်တင်နိုင်ရေးအတွက် စာသင်ကျောင်းများတွင် စတင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ အားကစားကဏ္ဍ၏ အဓိကကျမှုကို သင်ရိုးညွှန်းတမ်းများ ပြဋ္ဌာန်းပေးရန် လိုအပ်ကြောင်း၊ တာဝန်ခံ ကျောင်းအုပ် ဆရာကြီး/ဆရာမကြီးများကလည်း အားကစားပြုလုပ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အသိပညာဗဟုသုတအနေဖြင့် ကျောင်းသား/သူများနားလည်အောင် သင်ကြားပေးရန် အထူးအရေးကြီးပါကြောင်း၊ ကျောင်းသားအားကစားပွဲတော်ကိုလည်း (၂)နှစ် (သို့မဟုတ်) (၃)နှစ်တစ်ကြိမ် ပုံမှန်ကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်က ပြိုင်ဆိုင်မှုပြင်းထန်ပြီး အောင်မြင်မှုရရှိခဲ့သော မြန်မာ့အားကစားတိုးတက်ရေးတွင် အထောက်အကူပြုခဲ့သော တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို အောင်မြင်စွာပြန်လည် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြိုင်ပွဲတွင် ဆုရရှိသော ပညာရှင်များအနေဖြင့် အားကစားလိုက်စားခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ပြည်သူများ ပိုမိုသိရှိနိုင်အောင် ထပ်မံရေးသား ဖော်ပြပေးကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေး၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်၊ ကရင်ပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းတို့က ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများတွင် အတက်ကြွဆုံးပါဝင်လှုပ်ရှားခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး တတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ်၊ ပထမဆုရရှိသော မန္တလေးတိုင်းဒေသကြီးနှင့် ၂၀၁၆ ခုနှစ်အတွင်း အားကစားပြိုင်ပွဲတိုင်းတွင် အောင်မြင်မှုအမြင့်မားဆုံးဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးတို့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။




ထို့နောက် (၃၁) ကြိမ်မြောက် Rio Olympic Games သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာအားကစားသမား ရဲထွန်းနောင် (သေနတ်ပစ်)၊ ဆန်းနိုင် (ပြေးခုန်ပစ်)၊ ဆွေလီမြင့် (ပြေးခုန်ပစ်)၊ သင့်မြတ် (ရေကူး)၊ အိအိသက် (ရေကူး)၊ ရန်နိုင်စိုး (ဂျူဒို)၊ စန်းယုထွေး (မြားပစ်)တို့အား အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီမှ ချီးမြှင့်သည့် Lapel Pins များအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(နိုင်လင်းကြည်)**



# ဂွါဒီယိုလာအား ဘာစီလိုနာသို့ ပြန်လာစေလိုသော်လည်း မန်စီးတီး၌သာ ဆက်ရှိမည်ဟု ဂွါဒီယိုလာပြောကြား

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်း၏ တိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် နည်းပြဂွါဒီယိုလာအား ဘာစီလိုနာအသင်းသို့ ပြန်လာစေလိုသော်လည်း နည်းပြဂွါဒီယိုလာကမူ လက်ရှိကလပ် မန်စီးတီးအသင်း၌သာ ဆက်ရှိမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

နည်းပြဂွါဒီယိုလာကမူ ဘာစီလိုနာအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒမရှိခဲ့သည့်အပြင် အနာဂတ်မသေချာဖြစ်နေသည့် နည်းပြဟင်းနရစ်နေရာတွင် အစားထိုးရန်အတွက် နည်းပြဟောင်းက ဘာစီလိုနာ စပိန်မြေသို့ ပြောင်းရွှေ့မည်မဟုတ်ကြောင်း မန်စီးတီးအသင်းက ပြောကြားခဲ့သည်။

နည်းပြဟင်းနရစ်မှာမူ ဘာစီလိုနာအသင်းက ပီအက်စ်ဂျီအသင်းအား လေးဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ဘာစီလိုနာနည်းပြအဖြစ် ဆက်ရှိရန်မသေချာဖြစ်နေသည့် နည်းပြတစ်ဦးဖြစ်သည်။

နည်းပြဂွါဒီယိုလာသည် ဘာစီလိုနာအသင်းနှင့်အတူ စပိန်လာလီဂါဖလားကို ၂၀၀၈-၂၀၀၉ ဘောလုံးရာသီ၊ ၂၀၀၉-၂၀၁၀ ဘောလုံးရာသီ၊ ၂၀၁၀-၂၀၁၁ ဘောလုံးရာသီတို့တွင် ဆုဖလားဆွတ်ခူးနိုင်ခဲ့သည့်နည်းပြတစ်ဦးဖြစ်ပြီး ၂၀၀၈-၂၀၀၉၊ ၂၀၁၁-၂၀၁၂ ဘောလုံးရာသီတွင် စပိန်ကိုပါဒယ်ရေးဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၀၉ ခုနှစ်၊ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင်မူ စပိန်စူပါဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ ၂၀၀၈-၂၀၀၉ နှင့် ၂၀၁၀-၂၀၁၁ ဘောလုံးရာသီတွင်မူ ချန်ပီယံလိဂ်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၀၉ နှင့် ၂၀၁၁ တွင် ဥရောပစူပါဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ ၂၀၀၉ နှင့် ၂၀၁၁ တွင်မူ ကမ္ဘာ့ကလပ်အသင်းများကမ္ဘာ့ဖလားကိုပါ ဆွတ်ခူးထားနိုင်ခဲ့သူဖြစ်သည်။

**(ငွေကြယ်)**

## ကော်စတာ၏ ချယ်လ်ဆီးအနာဂတ်အတွက် နည်းပြကွန်တီ ကိုင်တွယ်ဖြေရှင်းမည်

ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီသည် ချယ်လ်ဆီးအသင်းအတွက် အားထားရသည့်ကစားသမားတစ်ဦးဖြစ်သည့် တိုက်စစ်မှူးကော်စတာအတွက် ချယ်လ်ဆီးအသင်းတွင်ဆက်ရှိရေးနှင့် စပ်လျဉ်း၍ ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း လူသိရှင်ကြား ပြောကြားလိုက်သည်။

တိုက်စစ်မှူးကော်စတာသည် ချယ်လ်ဆီးအသင်းတွင် ကာလကြာရှည်ဆက်ရှိရန်အတွက် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် သဘောတူညီထားသူဖြစ်ပြီး လာမည့်နွေရာသီအပြောင်းအရွှေ့ကာလမပိတ်မီအချိန်အတွင်း ချယ်လ်ဆီး အသင်းမှထွက်ခွာရန်လည်း စီစဉ်နေသူဖြစ်သည်။

တိုက်စစ်မှူးကော်စတာအား ငွေကြေးပုံအောကာ သုံးစွဲနိုင်စွမ်းရှိသည့် တရုတ်ကလပ်အသင်းများကခေါ်ယူရန် ပြီးခဲ့သည့်ဇန်နဝါရီလကတည်းက စီစဉ်လျက်ရှိသော်လည်း ကော်စတာအနေဖြင့် ယခင်ကစားခဲ့ဖူးသည့် စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန်လည်း စီစဉ်ထားခဲ့သူဖြစ်သည်။

လက်ရှိတွင်လည်း တိုက်စစ်မှူးကော်စတာသည် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်သွင်းဂိုး ၁၅ ဂိုးအထိ သွင်းယူထားခဲ့ခြင်းကြောင့် ပရီမီ ယာလိဂ် ထိပ်တန်းဂိုးသွင်းရှင်တစ်ဦးအဖြစ်လည်း မှတ်တမ်းဝင်လျက်ရှိသူ တစ်ဦး ဖြစ်သည်။

ထို့ကြောင့် နည်းပြကွန်တီအနေဖြင့် ကော်စတာအား ချယ်လ်ဆီးတွင် ဆက်ရှိစေလိုပြီး ကော်စတာ၏ ချယ်လ်ဆီးအနာဂတ်နှင့် စပ်လျဉ်း၍လည်း ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**

# မန်ယူအသင်းခေါင်းဆောင် ရွန်းနီအား တရုတ်စူပါလိဂ်အပြောင်းအရွှေ့မပိတ်မီ ရောင်းမည်



ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် တရုတ်စူပါလိဂ်ပြိုင်ပွဲ၏ အပြောင်းအရွှေ့ရာသီ ပိတ်မည့် ဖေဖော်ဝါရီ ၂၈ ရက်မတိုင်မီကာလအတွင်း အသင်းခေါင်းဆောင် ရွန်းနီအား ရောင်းချသွားမည်ဖြစ်ကြောင်း မန်ယူအသင်းနည်းပြ မော်ရင်ဟိုက ပြောကြားလိုက်သည်။

တရုတ်စူပါလိဂ်ကလပ်အသင်းများသည် မန်ယူအသင်းနှင့် အင်္ဂလန်အသင်းတို့၏ အသင်းခေါင်းဆောင် ရွန်းနီအား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိပြီး လက်ရှိတွင် တရုတ်ကလပ်အသင်းများအတွက် ရွန်းနီအားလိုချင်ပါက အပြောင်းအရွှေ့မပိတ်မီ ရောင်းချမည်ဖြစ်ကြောင်း မော်ရင်ဟိုက ကြေညာလိုက်ခြင်းဖြစ်သည်။

တိုက်စစ်မှူးရွန်းနီကမူ အက်ဖ်အေဖလားပဥ္စမအဆင့်တွင် ဘလက်ဘန်းအသင်းနှင့် ကစားရမည့်ပွဲစဉ်အထိ မန်ယူအသင်း၌ ဆက်ရှိနေချင်ကြောင်း နည်းပြမော်ရင်ဟိုအား တိုက်တွန်းထားကြောင်းသိရသည်။

တိုက်စစ်မှူး ရွန်းနီသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလလယ်ကတည်းက မန်ယူအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးခဲ့သည့်ကစားသမားတစ်ဦးဖြစ်ပြီး လာမည့် ၁၀ ရက်အတွင်း ၎င်း၏ အနာဂတ်အတွက် ဆုံးဖြတ်လိမ့်မည်ဟုလည်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

တိုက်စစ်မှူးရွန်းနီသည် လက်ရှိတွင် လုပ်ခလစာပေါင် ၃၀၀၀၀၀ ရရှိလျက်ရှိပြီး တရုတ်ကလပ်အသင်းများအနေဖြင့် ရွန်းနီအား ခေါ်ယူလိုပါက ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းပေးရမည်ဟု မန်ယူအသင်းက ဆိုထားသည်။

**(ငွေကြယ်)**

# ကောလာဟလတွေကြားက ဟောလီဝုဒ်ကြယ်ပွင့်များ

**ယခုသတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလီဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေထဲက ဂရမ်မီဆုပေးပွဲကြီးအပြီး ပေါ်ထွက်လာခဲ့တဲ့ စိတ်ဝင်စားစရာ အကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်အတွက် ရွေးချယ်ဖော်ပြလိုက်ပါတယ်။**

## အချစ်တွေများစွာရှိနေသေးတာပါ




ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပခဲ့တဲ့ ဂရမ်မီဆုပေးပွဲကြီးရဲ့ ကော်ဇောနီပေါ် လျှောက်လှမ်းလာခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့် ဂျနီဖာလိုပက်ဇ်က လတ်တလောမှာ သူနဲ့ ချစ်သူအဖြစ်လက်တွဲနေတဲ့ ရက်ပ်တေးသံရှင်ဒရိတ်ခ်ကို သူ့အနေနဲ့ အလွန်ပင်ချစ်ခင်ကြောင်း မီဒီယာတွေနဲ့တွေ့ဆုံစဉ်ဖွင့်ဟလာခဲ့ကြောင်း ယူအက်စ်နယူးစ်ဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် (၄၇)နှစ်ရှိပြီဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်နဲ့ ဒရိတ်ခ်တို့နှစ်ဦးဟာ မကြာသေးမီကလည်း တေးသီချင်းတစ်ပုဒ်ကို အတူထုတ်လွှင့်ခဲ့တာကြောင့် သူတို့နှစ်ဦးအကြားက ရင်းနှီးလွန်းတဲ့ဆက်ဆံရေးဟာ အလုပ်ကြောင့်လား၊ ကိုယ်ရေးကိုယ်တာကြောင့်လား ဝေဖန်ရခက်နေပေမယ့် ဂျနီဖာလိုပက်ဇ်ကတော့ ဂရမ်မီဆုပေးပွဲမတိုင်မီ မီဒီယာတွေနဲ့ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာတော့ ဒရိတ်ခ်နဲ့ သူ့ရဲ့လတ်တလောဆက်ဆံရေးနဲ့ပတ်သက်ပြီး နှစ်ဦးဟာ အတူအလည်အပတ်ထွက်ကြကြောင်း၊ ပျော်စရာအချိန်တွေကို အတူဖန်တီးခဲ့ကြကြောင်း၊ ဒရိတ်ခ်ဟာ အံ့ဩဖွယ်အမျိုးသားတစ်ဦးဖြစ်ကြောင်းနဲ့ သူ့ဆီမှာ ဒရိတ်ခ်အတွက် အချစ်တွေများစွာရှိနေသေးကြောင်း ဖြေကြားခဲ့ပါတယ်။

ဒါပေမယ့် ဂျနီဖာလိုပက်ဇ်ဟာ နှစ်ဦးသားဆက်ဆံရေးကို အသေးစိတ်ပြောကြားခဲ့ခြင်းမရှိခဲ့ပါဘူး။ အချို့သောဟောလိဝုဒ်မီဒီယာတွေက ဂျနီဖာလိုပက်ဇ်နဲ့ ဒရိတ်ခ်တို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် နှစ်လခန့်လက်တွဲခဲ့ပြီးတဲ့နောက် လတ်တလောမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ဖော်ပြခဲ့ကြပါတယ်။ ယခုနှစ်ရဲ့ ဂရမ်မီဆုပေးပွဲကြီးကိုလည်း အတူတက်ရောက်လာခဲ့ခြင်းမရှိဘဲ ဂျနီဖာလိုပက်ဇ်အနေနဲ့လည်း လတ်တလောမှာ အနုပညာလုပ်ငန်းတွေအပေါ်မှာသာအာရုံပိုမိုစိုက်လာကာ မီဒီယာတွေနဲ့ ဂရမ်မီဆုပေးပွဲမှာ တွေ့ဆုံစဉ်မှာလည်း သူ့ရဲ့အနုပညာလှုပ်ရှားမှုတွေနဲ့ပတ်သက်ပြီး ပိုမိုဖွင့်ဟခဲ့တာဖြစ်ကြောင်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

## ဂရမ်မီဆုကို နှစ်ပိုင်းပိုင်းလိုက်သောအခါ



ပြီးခဲ့တဲ့ တနင်္ဂနွေညပိုင်းက ကျင်းပခဲ့တဲ့ ဟောလိဝုဒ်ရဲ့ တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ ဂရမ်မီဆုပေးပွဲကြီးမှာ တစ်နှစ်တာအတွက်အကောင်းဆုံး တေးအယ်လ်ဘမ်ဆုကို ဆွတ်ခူးသွားနိုင်ခဲ့တဲ့ ဗြိတိန်ပေါ့ပ်ကြယ်ပွင့် အဒဲလ်က အဆိုပါထူးချွန်ဆုကိုလက်ခံရယူမှုအပြီး အမှတ်တရစကားပြောနေစဉ်မှာ ထူးချွန်ဆုရဲ့ရုပ်တုကို နှစ်ပိုင်းပိုင်းခဲ့ပါတယ်။

အဆိုပါဆုအတွက် ဘီယွန်ဆေးကသာ အမှန်တကယ်ထိုက်တန်ပါကြောင်း ဆိုခဲ့ပြီးတဲ့နောက် ယခုလို နှစ်ပိုင်းပိုင်းလိုက်တဲ့အတွက် ပရိသတ်တွေက အံ့အားသင့်ခဲ့ကြကာ အဒဲလ်ဟာ ထူးချွန်ဆုတစ်ပိုင်းကို ဘီယွန်းဆေးကို ပေးအပ်လိမ့်မယ်လို့လည်း ထင်ခဲ့ကြပါတယ်။ ဒါပေမယ့်တကယ့် လက်တွေ့မှာတော့ မပေးဖြစ်ခဲ့ပါဘူး။

သူ့ရဲ့ "25" တေးအယ်လ်ဘမ်အတွက် အကောင်းဆုံးတေးအယ်လ်ဘမ်ဆုကို ဆွတ်ခူးသွားနိုင်ခဲ့တဲ့ အဒဲလ်က "ကျွန်မဒီဆုကို တကယ်ဆိုလက်တောင်မခံဝံ့ပါဘူး။ ကျွန်မအနေနဲ့အရိုးသားဆုံးပြောရမယ်ဆိုရင် ဘီယွန်းဆေးရဲ့တေးအယ်လ်ဘမ် Lemonade ဟာ တကယ်ကိုအမှတ်တရရှိတဲ့တေးအယ်လ်ဘမ်တစ်ခုဖြစ်ပြီး လူတွေမမြင်နိုင်တဲ့ လောကကြီးရဲ့အခြားတစ်ဖက်ကို လှစ်ဟပြနိုင်ခဲ့တဲ့တေးအယ်လ်ဘမ်လည်းဖြစ်ပါတယ်။ ဒီမှာရှိနေကြတဲ့ ဂီတပညာရှင်အားလုံးက ဘီယွန်းဆေးကိုလေးစားကြပါတယ်။ ဘီယွန်းဆေးကသာ ကျွန်မတို့အတွက် အလင်းရောင်နဲ့တူသူပါ" လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဒါ့အပြင်အဒဲလ်က ဂရမ်မီဆုပေးပွဲကြီးအပြီးမှာ သူကိုယ်တိုင်ကလည်း ယခုနှစ်ရဲ့ အကောင်းဆုံးတေးအယ်လ်ဘမ်ဆုအတွက် မဲပေးခဲ့ရာမှာ ဘီယွန်းဆေးရဲ့တေးအယ်လ်ဘမ်"Lemonade"ကိုသာ မဲပေးခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။

## ဂရမ်မီအမှတ်တရမှ ဂရမ်မီအမှတ်တရသို့

ယခုနှစ်ရဲ့ (၅၉)ကြိမ်မြောက်ဂရမ်မီဆုပေးပွဲကြီးမှာ "Twenty One Pilots" တေးဂီတအဖွဲ့ဝင်နှစ်ဦးဟာ ထူးချွန်ဆုကိုလက်ခံရယူခဲ့ချိန်မှာ သူတို့ရဲ့ ဘောင်းဘီရှည်တွေကို ချွတ်ပစ်ခဲ့ကာ အတွင်းခံဘောင်းဘီလေးတွေနဲ့ဆုကိုလက်ခံခဲ့ပါတယ်။ ဒီလိုလုပ်ခဲ့ရခြင်းဟာ လွန်ခဲ့တဲ့နှစ်အတော်ကြာက ရှိခဲ့တဲ့ သူတို့နှစ်ဦးရဲ့ ဂရမ်မီဆုပေးပွဲနဲ့ပတ်သက်နေခဲ့တဲ့ အမှတ်တရ ဖြစ်ရပ်တစ်ခုကြောင့်ဖြစ်တယ်လို့ အဆိုပါတေးဂီတအဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့ပါတယ်။

"Twenty One Pilots "တေးဂီတအဖွဲ့ဟာ သူတို့ရဲ့ကျော်ကြားခဲ့တဲ့ တေးသီချင်း "Stressed Out" အတွက် ယခုနှစ်ဂရမ်မီဆုပေးပွဲကြီးမှာ အကောင်းဆုံးပေါ့ပ်စုံတွဲဖျော်ဖြေတင်ဆက်မှုဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပြီး အဖွဲ့ဝင်တွေရဲ့ ထူးဆန်းတဲ့ ဆုလက်ခံရယူပုံကြောင့်ဂရမ်မီပရိသတ်တွေအနေနဲ့ အံ့အားသင့်ခဲ့ရပြီး အချို့ကလည်း အဆိုပါတေးသံရှင်တွေဟာ တမင်စတန့်ထွင်ဖန်တီးတာဖြစ်ကြောင်း ထင်ခဲ့ကြပေမယ့် ကာယကံရှင်တွေဖြစ်ကြတဲ့ "Twenty One Pilots "ရဲ့အဖွဲ့ဝင်နှစ်ဦးဖြစ်တဲ့ တိုင်လာဂျိုးဇက်နဲ့ ဂျို့ရှ်ဒန်တို့ကတော့ သူတို့ရဲ့လုပ်ရပ်ဟာအဓိပ္ပာယ်ရှိကြောင်းနဲ့ သူတို့ရဲ့အခြားသော ဂရမ်မီဆုပေးပွဲနဲ့ပတ်သက်တဲ့ အမှတ်တရတစ်ခုကြောင့်ဖြစ်ကြောင်း ထူးချွန်ဆုအတွက်အမှတ်တရစကားပြောကြားစဉ်မှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

အဆိုပါတေးဂီတအဖွဲ့ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ တိုင်လာက "ဒီဖြစ်ရပ်ဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်အကြာက အိုဟိုင်းအိုးပြည်နယ်မှာနေထိုင်ခဲ့စဉ်က စတင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်နဲ့ ဂျို့ရှ်ဟာ ယခုလိုဂီတနဲ့အသက်မမွေးမီအချိန်က ဂရမ်မီဆုပေးပွဲကိုစောင့်ကြည့်ဖြစ်ပါတယ်။ တစ်နှစ်မှာ



ဂရမ်မီ ဆုပေးပွဲကိုကြည့်ဖို့ ကျွန်တော်က ဂျို့ရှ်ကိုလှမ်းခေါ်လိုက်ပါတယ်။ အဲဒီနောက် ကျွန်တော်တို့နှစ်ဦးဂရမ်မီဆုပေးပွဲကို အတူကြည့်နေကြရင်း သတိထားမိလိုက်တာက ကျွန်တော်တို့နှစ်ဦးစလုံး အတွင်းခံဘောင်းဘီလေးတွေကိုသာ ဝတ်ဆင်ထားတာတွေ့လိုက်ရပါတယ်။ အဲဒီအချိန်မှာ ဂျို့ရှ်က ငါတို့တွေ ဂရမ်မီဆုပေးပွဲကိုတက်ခွင့်ရခဲ့ရင်၊ ဆုရခဲ့ရင် ဒီလိုလေးတွေဝတ်ပြီး ဆုယူသင့်တယ်နော်လို့ပြောကြားခဲ့ပါတယ်"လို့ သူတို့ရဲ့ ဆုလက်ခံရယူခဲ့ပုံနဲ့ပတ်သက်ပြီး အတိတ်ကရှိခဲ့တဲ့ အမှတ်တရကို ရင်ဖွင့်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ် ဂရမ်မီဆုပေးပွဲမှာရရှိခဲ့တဲ့ ထူးချွန်ဆုဟာ " Twenty One Pilots "အဖွဲ့ဝင်တွေအတွက် ဂီတသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်ရရှိခဲ့တဲ့ ဂရမ်မီဆုလည်းဖြစ်ကြောင်း သိရပါတယ်။

# တေးယွန်၏တေးဗီဒီယိုသစ် စတင်ထုတ်လွှင့်

ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ တေးယွန်ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်မှာပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ရဲ့တေးဗီဒီယိုကို လတ်တလောမှာ စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တောင်ကိုရီယားအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls Generation"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယွန်ဟာ သူ့ရဲ့ဂီတသက်တမ်းတစ်လျှောက် ပထမဆုံးသောတစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို မကြာမီထုတ်လွှင့်သွားနိုင်ရန်စီစဉ်လျက်ရှိပြီး ယင်းတေးအယ်လ်ဘမ်အတွက် အကြိုတေးဗီဒီယိုဖြစ်တဲ့ "I Got You"ကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၈ရက်မှာ စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။

" I Got You "တေးဗီဒီယိုအရ တေးယွန်ရဲ့ပထမဆုံးသောတစ်ကိုယ်တော်တေးအယ်လ်ဘမ်ဟာ ယခင်ပရိသတ်တွေတွေ့မြင်ခံစားခဲ့ရပြီးဖြစ်တဲ့ တေးယွန်ရဲ့တေးသီချင်းတွေရဲ့ စိတ်ကူးစိတ်သန်းနဲ့ တေးဂီတပုံစံတွေနဲ့မတူဘဲ အနည်းငယ်ကွာခြားနိုင်ကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် တေးယွန်ရဲ့ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ တစ်ကိုယ်တော်တေးသီချင်းတွေဖြစ်ကြတဲ့ "I"နဲ့ "11:11"တို့နဲ့မတူတဲ့ တေးယွန်ရဲ့ သီဆိုဟန်တွေကိုလည်း အဆိုပါ တေးဗီဒီယိုမှာ တွေ့မြင်ကြရမှာဖြစ်ကြောင်း သိရပါတယ်။




# အရိုးရောဂါခံစားနေရပေမယ့် စစ်မှုထမ်းမယ့် ယိုအာအင်





တောင်ကိုရီးယား သရုပ်ဆောင်မင်းသားတစ်ဦးဖြစ်တဲ့ ယိုအာအင်က သူဟာ အရိုးရောဂါကို ခံစားနေရကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့တဲ့အပေါ် အချို့သော မီဒီယာတွေက မင်းသားဟာ စစ်မှုထမ်းရက် နီးလာပြီဖြစ်တဲ့အတွက် သူ့ရဲ့ စစ်မှုထမ်းရမယ့်ရက်တွေကို ရွှေ့လိုတာကြောင့် အခုလို ရောဂါဝေဒနာကိုအကြောင်းပြခဲ့တာဖြစ်ကြောင်း ဝေဖန်သံတွေပေါ်ထွက်လာခဲ့ပြီးနောက် ယိုအာအင်က သူဟာ စစ်မှုထမ်းရမှာကိုရှောင်ရှားနေမှာ မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ ဟန်ဟင်းနီးပါးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။


ယခင်ကလည်း ယိုအာအင်ဟာ ပုခုံးမှာ ဒဏ်ရာရရှိခဲ့တဲ့အတွက် စစ်မှုထမ်းရက်တွေကို ရွှေ့ဆိုင်းခဲ့ရတာဖြစ်ပါတယ်။ယခုတစ်ကြိမ်မှာလည်း အရိုးတွင်း အကျိတ်တည်တဲ့ဝေဒနာကို ခံစားနေရပြီး လေးကြိမ်မြောက်စမ်းသပ်မှုကို လာမယ့်မတ်လအတွင်း ပြုလုပ်ရမှာဖြစ်ပါတယ်။ လတ်တလောမှာ အသက် (၃၂)နှစ်ရှိပြီဖြစ်တဲ့ ယိုအာအင်ဟာ စစ်မှုထမ်းမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပေမယ့် လတ်တလောအချိန်အထိတော့ သူ့ရဲ့စစ်မှုထမ်းရမယ့်အချိန်အတိအကျကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးပါဘူး။ ယိုအာအင်ရဲ့ဖျော်ဖြေရေးအေဂျင်စီကလည်း မင်းသားဟာ လတ်တလောမှာ အရိုးတွင်းအကျိတ်တည်တဲ့ဝေဒနာကိုခံစားနေရကြောင်းနဲ့ နောက်ထပ်စမ်းသပ်မှုအတွက် စောင့်ဆိုင်းနေကြောင်း အတည်ပြုပြောကြားခဲ့ပါတယ်။ ဒါပေမယ့် စစ်မှုထမ်းရမယ့်ကိစ္စနဲ့ပတ်သက်ပြီး ဖွင့်ဟခဲ့ခြင်းမရှိကြောင်း သိရပါတယ်။


အချို့သော မီဒီယာတွေကတော့ ယိုအာအင်ဟာ လူမှုရေးလုပ်ငန်းတွေဆောင်ရွက်ခြင်းဖြင့်သာ စစ်မှုထမ်းရမယ့်တာဝန်ကိုကုန်ဆုံးစေနိုင်ဖွယ်ရှိကြောင်းလည်း ဝေဖန်သံတွေပေါ်ထွက်ခဲ့ကြောင်း သိရပါတယ်။













# စားသောက်ကုန်လုပ်ငန်းများ အရည်အသွေးမြင့် ထုတ်လုပ်ရေး အလုပ်ရုံဆွေးနွေးပွဲ မန္တလေး၌ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် AESAN-JAPAN Centre တို့ပူးပေါင်း၍ Dialogue on Food Chain in Myanmar စားသောက်ကုန်လုပ်ငန်းများ အရည်အသွေးမြင့်ထုတ်လုပ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၄ လမ်းနှင့် ၇၈ လမ်းထောင့် ရတနာပုံစူပါစင်တာစတုတ္ထထပ်ရှိမန္တလေး တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင် များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးတို့က ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စားသောက်ကုန်များ အရည်အသွေးမြင့်ထုတ်လုပ်ရေး ဆောင်ရွက်သင့်သည်များ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး ပံ့ပိုးကူညီပေးနေမှုများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံ နာဂါဆာကီတက္ကသိုလ်မှ ပါမောက္ခ Mr. Daisuke Matsushinau”Japanese technologiesfor food value chain in Myanmar” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ JMA,Senior Consultant Mr.Shinichiro Nomotou”Quality Control Managemant ကိုလည်းကောင်း ဆွေးနွေးကြသည်။

မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ မန္တလေး တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင် များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းနှင့် အမှုဆောင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ မန္တလေး တိုင်းဒေသကြီး စားသောက်ကုန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ စားသောက်ကုန်လုပ်ငန်းရှင် များ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**



# အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင် ဖန်တီးမှုဖိုရမ်ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**စစ်တွေ ဖေဖော်ဝါရီ ၁၈**

ရခိုင်ပြည်နယ် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ဖန်တီးမှုဆိုင်ရာ ဖိုရမ်ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ (၂) ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် အသက်မွေးဝမ်း ကျောင်းဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ဖန်တီးမှုဆိုင်ရာဖိုရမ် ကျင်းပနိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း က ဖိုရမ်ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်း ကော်မတီများဖွဲ့စည်း တာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း၊ ကော်မတီဝင်အနေဖြင့် ပြည်နယ်တွင်း ဒေသထွက်ကုန်များ ဖြစ်သော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊ ရေထွက်ပစ္စည်းများ၊ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာထုတ်ကုန်များ ပြသထားနိုင်ရေး ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးပွဲတွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှု ဆိုင်ရာ ဈေးကွက်အလားအလာကောင်းများရရှိရေး အတွက် ပြည်ပမှပညာရှင်များ ဖိတ်ခေါ်ဆွေးနွေးနိုင်ရေး ဆောင်ရွက်သွားကြရန်၊ ဆွေးနွေးပွဲသို့ရခိုင်ပြည်အတွင်း ရှိ မြို့နယ်များမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်း လုပ်ကိုင်သူများ တက်ရောက်နိုင်ရေးနှင့် INGO၊ NGO များနှင့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံများမှ ကောင်စစ် ဝန်များ တက်ရောက်နိုင်ရေး ဖိတ်ကြားသွားကြရန် ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များက ဖိုရမ်ကျင်းပနိုင်ရေးအတွက် လက်ရှိစီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းမ ျားအား ဆွေးနွေးတင်ပြကြရာ ဦးစီးကော်မတီဥက္ကဋ္ဌက ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ပေးခဲ့သည်။

အစည်းအဝေးသို့ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာ ရေးဝန်ကြီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် စစ်တွေ မြို့ပေါ်မှ ကုန်သည်ကြီးများ တက်ရောက်ကြသည်။

အဆိုပါဖိုရမ်အား ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းခြံဝင်း အတွင်းတွင် မတ် ၂ ရက်မှ ၃ ရက် အထိ ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တောဆင်ရိုင်းကာကွယ်ရေးနှင့် ဆင်မုဆိုးဖော်ထုတ်ရေး ကြီးကြပ်စစ်ဆေးရေးအဖွဲ့ ကွင်းဆင်းဆောင်ရွက်

**တိုက်ကြီး ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံဒေသ၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းမှစတင်၍ တောဆင်ရိုင်းများ သတ်ဖြတ်မှုကာကွယ်ရေးနှင့် ဆင်မုဆိုးဖော်ထုတ်ရေးကြီး ကြပ်စစ်ဆေးရေးအဖွဲ့သည် ဆင်သတ်ဖြတ်ခံရသော သစ်တောနယ်မြေအတွင်းရှိ ကျေးရွာများ၊ တဲတိုက်များ သို့ ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးလုပ် ငန်းများဆောင်ရွက်ခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင် ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း၊ သစ်တောဦးစီးအရာရှိ ဦးဇော်သက်နှင့် တောအုပ်များ၊ ရဲတပ်ဖွဲ့ဝင်များပါဝင်သော အဖွဲ့သည် တဘူးလှဆည်ရေဝပ်ဧရိယာအတွင်းရှိ ဝါးဖြူ မြောင်၊ သပြေပင်ဆိပ်နယ်မြေတို့သို့ သွားရောက်ပြီး နေထိုင် ကြသော တဲတိုက်များသို့ လူစိမ်းဝင်ရောက်မှုစစ်ဆေးခြင်း၊ တဲတိုက်များတွင် နေထိုင်သူဒေသခံများကို တောဆင်ရိုင်း များသတ်ဖြတ်မှု ကာကွယ်ရေးနှင့် ဆင်မုဆိုးဖော်ထုတ်ရေး ပညာပေးဟောပြောခြင်းများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ သည်။

ဥက္ကံမြို့ ချောင်းစောက်ကျေးရွာ ဥက္ကံချောင်ဘေးတွင် တောဆင်ရိုင်းတစ်ကောင်အသတ်ခံရပြီး ရဲတပ်ဖွဲ့ဝင်များ နှင့် သစ်တောဝန်ထမ်းများ ပူးပေါင်းဖော်ထုတ်ခဲ့ရာ ဆင် သတ်မုဆိုးများ ဖမ်းဆီးရမိခဲ့သည်။ ထို့နောက် သစ်တော နယ်မြေအတွင်းရှိ နေထိုင်ကြသော ဒေသခံများတောဆင် ရိုင်းများနှင့် ပဋိပက္ခမဖြစ်ရေး ဆောင်ရန်ရှောင်ရန်အချက် များ ဆွေးခဲ့ကြကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး



**ကျောက်တံခါး ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်တွင် အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင် ၇၀၀ မှ အထူးကုရောဂါများကုသမှုဌာနကြီး ဌာနမှူး အရိုးခွဲစိတ်ပါရဂူ ဗိုလ်မှူးကြီးအောင်မင်းဦးစီးသည့် ဆေးဝန်ထမ်းတပ်ဖွဲ့သည် ဒေသခံပြည်သူများအား ဆေးကုသခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီက ဆောင်ရွက်ပေးခဲ့ကြသည်။

ဆေးဝန်ထမ်းတပ်ဖွဲ့တွင် အရိုးအကြောပါရဂူ၊ နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူ၊ မျက်စိပါရဂူ၊ သားဖွားနှင့် မီးယပ်ပါရဂူ၊ သွားဘက်ဆိုင်ရာပါရဂူ၊ ကလေးပါရဂူ၊ အထွေထွေရောဂါကုပါရဂူများက လာရောက်ကုသပေးကြသည်။ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ကျောက်တံခါးဒေသနှင့် ဖဒိုဒေသအတွင်းရှိ စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အခမဲ့ကုသဆောင်ရွက်ပေးခဲ့ကြသည်။ ဆက်လက်၍ ပဲနွယ်ကုန်းဒေသနှင့် တောကျွဲအင်းဒေသတို့ကို ပဲနွယ်ကုန်းမြို့ တပ်ဦးကျောင်းတိုက်၌ ဆက်လက်၍ အခမဲ့ကုသဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်သာမြို့နယ်၌ လိုင်စိတ်ကြွဆေးများ ရောင်းချမှုရှိ–မရှိ ကွင်းဆင်းစစ်ဆေး

**တောင်သာ ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာ မြို့နယ်တွင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ် ရေးကော်မတီဝင်များက မြို့ နယ်အတွင်းရှိ အများ ပြည်သူတို့၏ ကျန်းမာရေးအတွက် လက်လီလက် ကားရောင်းချပေးနေသော ဆေးဆိုင်ကြီးများတွင် တရားမဝင်တင်သွင်းထားသော ဆေးဝါးအတုများ နှင့် လိင်စိတ်ကြွဆေးများ ရောင်းချခြင်းရှိ-မရှိကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက စစ်ဆေး ခဲ့သည်။

အဆိုပါ အစားအသောက်နှင့်ဆေးဝါးကြီးကြပ် ရေးကော်မတီဝင်များက တောင်သာမြို့ပေါ်ရပ် ကွက်များရှိ ဆေးဆိုင်များနှင့် စည်ပင်သာယာဈေး အပြင်ရှိ ဆေးဆိုင်များကို စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာတွင် တောင်သာမြို့မစခန်း မှူး ဒုရဲမှူးအေးထွန်းမောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးအောင်မြင့်မြတ်၊ မြို့နယ်ကျန်းမာရေး၊ မြို့နယ် စည်ပင်သာယာရေး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက တောင်သာမြို့ပေါ်ရပ်ကွက်များရှိ ဆေးဆိုင်များ ဖြစ်သော မြတ်သုခဆေးဆိုင်၊ အေးမေတ္တာဆေးဆိုင်၊ မုဒိတာဆေးဆိုင်၊ ခူဝံဆေးဆိုင်၊ မြရတနာဆေးဆိုင်၊ စိုးစံဆေးဆိုင်နှင့် ထွဏ်းဆေးဆိုင်တို့ကိုစစ်ဆေးရာ တရားမဝင်တင်သွင်းထားသော ဆေးဝါးအတုများ နှင့် လိင်စိတ်ကြွဆေးများ ရောင်းချခြင်းမရှိကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## သီးထပ်သီးညှပ်စိုက်ပျိုးသော ကုလားပဲများဖြစ်ထွန်း

**အမရပူရ ဖေဖော်ဝါရီ ၁၈**

အမရပူရမြို့နယ်တွင် မိုးစပါးရိတ်သိမ်းခါနီးအချိန်တွင် ကုလားပဲများကို ရေကြမ်း ပက်ကြဲကာ စိုက်ပျိုးကြသည်။ စပါးစိုက်ပျိုးပြီး ကုလားပဲစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာ ကိုပါ ပြုပြင်ပြီးဖြစ်သည့်အတွက် နှစ်စဉ်စိုက်ပျိုးလေ့ရှိသည်။

စပါးစိုက်တောင်သူများမှာ မိုးစပါးရိတ်သိမ်းခါနီးအချိန် စပါးခင်းအတွင်း နောက် ဆုံးစပါး အောင်ရေသွင်းကြသည်။ အောင်ရေသွင်းသည့်အချိန် ရေခန်းပြီး မစို မခြောက်ကာလတွင် စပါးခင်းအတွင်း ကုလားပဲမျိုးစေ့များကို ပက်ကြဲကာ သီးထပ် သီးညှပ်အဖြစ် စိုက်ပျိုးကြသည်။

ရေအစိုဓာတ်နှင့် ကုလားပဲပင်များ အပင်ပေါက်ပြီး အနည်းငယ်ကြီးသည့်အချိန် နှင့် လယ်ရိတ်သည့်အချိန်မှာ ချိန်သားကိုက်ဖြစ်နေတတ်သည်။ လယ်ရိတ်သိမ်း ပြီးသည်နှင့် ကုလားပဲပင်များ နှင်းရည်သောက်ကာ ကြီးထွားလာတတ်သည်။ လယ်ရိတ်အပြီး စပါးခင်းအတွင်း ကုလားပဲစိုက်ပျိုးခြင်းဖြင့် မြေပြုပြင်ပြီးဖြစ်သလို သီးထပ်သီးညှပ်အဖြစ် ကုလားပဲရရှိအောင် ပြုလုပ်ကြသည်။

စတင်စိုက်ပျိုးစဉ်က ကုလားပဲမျိုးစေ့တစ်ပြည် ငွေကျပ် ၃၂၀၀ ဖြင့် ဝယ်ယူစိုက် ပျိုးခဲ့ကြသည်။ ယခုနှစ်တွင် စပါးရိတ်သိမ်းခါနီးကာလတွင် ရေကြမ်းပက်ကြဲခဲ့သည့် ကုလားပဲခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ယခုနှစ်တွင် ကုလားပဲဈေး ကောင်းမွန်မည်ဟု ခန့်မှန်းလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**



ရထားရဲတပ်ဖွဲ့အမှတ် (၁၃) တပ်ခွဲ ရန်ကုန်ရထားရဲစခန်းမှူး ဒုရဲမှူး သန်းဇော်သည် မြန်မာ့မီးရထားတာဝန်ကျဝန်ထမ်းများနှင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၃ နာရီက ရန်ကုန်ဘူတာကြီး အမှတ် ၁ စင်္ကြံခရီးသည်များနားနေဆောင်အတွင်း၌ ခရီးသွားပြည်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ အရေးပေါ်အကူအညီတောင်းခံနိုင်ရန်အတွက် ရထားရဲတပ်ဖွဲ့ဝင်များ၏ ဖုန်းနံပါတ်များဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၁၁၈)

# ဟန်လင်းဒေသမှ တစ်ရက် ဆားပိသာချိန် ၈၀ မှ ၁၁၀ ကြား ချက်လုပ် ဖြန့်ဖြူးလျက်ရှိ



**ဝက်လက် ဖေဖော်ဝါရီ ၁၈**

တောင်မြောက် ပေ ၁၀၀၀၀ ခန့်နှင့် အရှေ့အနောက် ပေ ၃၅၀၀ ခန့်ရှိသော ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟန်လင်းဒေသ ဆားမြေယာပေါ်တွင် နှစ်စဉ် မိုးလွတ်သော ပွင့်လင်းကာလ ဆားချက်ရာသီတွင် ဆားချက်တောင်သူ ၆၅ ဦးမှ ဆားချက်လျက်ရှိရာ တစ်ရက်လျှင် ဆားပိသာချိန် ၈၀ မှ ၁၁၀ ကြားရရှိအောင် ချက်လုပ်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"ဆားချက်ထုတ်လုပ်နိုင်ဖို့ စပါးခွံအသုံးပြုရတဲ့ ဆားချက်ဖိုနဲ့ ထင်းအသုံးပြုရတဲ့ ဆားချက်ဖိုဆိုပြီး နှစ်မျိုးရှိပါတယ်။ ထင်းအသုံးပြုတဲ့ ဆားချက်ဖိုမှာ ပဲစင်းငုံရိုးတွေ၊ ထန်းလက်ခြောက်နဲ့ အုန်းလက်ခြောက်တွေကိုအသုံးပြုပါတယ်။ တစ်နေ့ကို မီးထိုးဆားချက်တာနဲ့ ဆားငန်ရည်ရွှက်အိုး အလုံး ၄၀ ဆားပွင့်ဖတ်ရအောင် ချက်တယ်ဆိုရင် ဆားဒယ် လေးဗွန်ကျအောင်လုပ်နိုင်သလို တစ်နေ့ဆားချက်တာကနေ ပိသာချိန် ၈၀ မှ ၁၁၀ အထိရအောင်ချက်လုပ်နိုင်ပါတယ်။ ဆားမြေတစ်ဧကမှ ထုတ်လုပ်ထွက်ရှိတဲ့ ဆားရည်တွေကို ဆားပွင့်ဖတ်ရအောင် ချက်ရင် လောင်စာအနေနဲ့ လှည်းအစီး ၄၀ ကနေ ၄၅ စီးအထိ အသုံးပြုကုန်ကျပါတယ်" ဟု ဟန်လင်းဒေသဆားချက်တောင်သူတစ်ဦးက ပြောသည်။

ဆားချက်ရာသီတွင် အိမ်သုံးဆား ပိသာ ၄၈၀၀ အထိ ထုတ်လုပ်နိုင်ပြီး ကာလပေါက်ဈေး တစ်ပိသာလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့်တွက်လျှင် ငွေကျပ် ၁၉၂၀၀၀၀ ရရှိမည်ဖြစ်ပြီး စပါးခွံလှည်းတစ်စီးတိုက်ကို ဆားချက်ရာတွင် ဆားဖတ်ပိသာချိန် ၁၀၀ ရရှိအောင် ချက်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ဆားငန်ရေထုတ်လုပ်ရရှိရန်အတွက် မြေပုံကား ၁၀ လုံးတည်ဆောက်၍ ဆားငန်ရည်စစ်ခံရပြီး တစ်နေ့နှင့်တစ်ည ဆားငန်ရည်ရွှက်အိုး နှစ်လုံးရရှိမည်ဖြစ်ရာ တစ်လအတွက် ဆားငန်ရည်ထုတ်လုပ်ရရှိမှုသည် ရွှက်အိုး အလုံး ၆၀၀ ရရှိမည်ဖြစ်ပြီး ဆားချက်ရာသီလေးလတာကာလအတွင်း ဆားမြေယာတစ်ဧကမှ ဆားငန်ရည်ရွှက်အိုး ၂၄၀၀ ရရှိအောင် စုဆောင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရာသီဥတုအချိန်အခါကိုလိုက်ပြီး ဆားအထွက်နှုန်းပြောင်းလဲလေ့ရှိ၍ မိုးခေါင်သည့်နှစ်တွင် ထွက်နှုန်း ပိုမိုများပြားကာ မိုးရေချိန်များလျှင် လျော့နည်းလေ့ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# နွေစပါးစိုက်ပျိုးရန် မနောသုခစပါးမျိုးအား စိုက်ပျိုးနည်းလေးမျိုးဖြင့် လက်တွေ့စမ်းသပ်စိုက်ပျိုး

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းသောင်းနှင့် ဝန်ထမ်းများသည် နွေစပါးစိုက်ပျိုးရန် မနောသုခမျိုးစပါးအားစိုက်ပျိုးနည်းလေးမျိုးဖြင့် လက်တွေ့စမ်းသပ် သရုပ်ပြခြင်းကို ပြည်ပန်းကျေးရွာ ကွင်းအမှတ်(၁၉၉) ဦးပိုင်အမှတ်(၇၉) တောင်သူဦးစိုးမြင့်၏စိုက်ခင်းတွင် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက ဒေသခံတောင်သူများဖြင့် လက်တွေ့စမ်းသပ်စိုက်ပျိုးခဲ့သည်။

ကျောက်ဆည်မြို့နယ်သည် နွေစပါး၊ မိုးစပါး၊ နှမ်းနှင့် အခြားကောက်ပဲသီးနှံများစိုက်ပျိုးရေးတွင် ဆည်မြောင်းရေဖူလုံစွာရရှိခြင်း၊ ရာသီဥတုကောင်းမွန်ခြင်းတို့ကြောင့် တောင်သူများစိုက်ပျိုးရေးတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ အဆိုပါစိုက်ခင်းတွင် နွေစပါးစိုက်ပျိုးရန်အတွက် ကုန်ကျစရိတ်သက်သာပြီး စပါးထွက်နှုန်းကောင်းမွန်ရေးအတွက် စပါးစိုက်ပျိုးနည်းလေးမျိုးဖြင့် မနောသုခမျိုးစပါးစိုက်ပျိုးရာတွင် အဆန်ကြဲပတ်၍စိုက်ပျိုးခြင်း၊ ပေါင်စနစ်ဖြင့်ပျိုးထောင်စိုက်ပျိုးခြင်း၊ စီတာစနစ်ဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်းနှင့် (SRI) နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းတို့ကို လက်တွေ့စမ်းသပ်စိုက်ပျိုးရာ နွေစပါးပေါ်ချိန်တွင် တစ်ဧက စပါးတင်း ၉၀ နှင့် ၁၀၀ ကြား ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်လွင်**

# မြစ်သားမြို့ဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်

**မြစ်သား ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းများကို မြစ်သားမြို့ စည်ပင်သာယာဈေးကြီးအတွင်း၌ ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်အဖွဲ့အစည်းများဖြစ်သော စည်ပင်သာယာရေးအဖွဲ့၊ ရဲတပ်ဖွဲ့၊ လျှပ်စစ်၊ စည်ပင်ကော်မတီ၊ ဈေးကော်မတီတို့ ပူးပေါင်းသော အဖွဲ့များက ဈေးကော်မတီရုံးတွင် မီးဘေးလုံခြုံရေးစီမံချက်ကိုစစ်ဆေးပြီး ဈေးအတွင်းရှိ ကားအဝင်အထွက်လမ်းများ၊ ရေစင်များ၊ ရေကန်များ၊ ရေပိုက်များနှင့် မီးသတ်ဆေးဘူးများ၊ ရေပုံး၊ သဲပုံး၊ မီးချိတ် မီးကပ်များကို စနစ်တကျထားရှိရေးအတွက် စစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ မီးလောင်လျှင် လျင်မြန်စွာ မီးငြှိမ်းသတ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြှိမ်းသတ်ရေးယာဉ်နှစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မီးငြှိမ်းသတ်ရေးယာဉ် တစ်စီးတို့က ပူးပေါင်းကာ လက်တွေ့မီးငြှိမ်းသတ်မှုကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ကျွန်းလှ၌ မွေးဘဏ်စနစ်ဖြင့်မီးလွတ်ဘဲများဖြန့်ဖြူး

**ကျွန်းလှ ဖေဖော်ဝါရီ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်နေပြည်သူများအား မွေးဘဏ်စနစ်ဖြင့် မီးလွတ်ဘဲများ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာက သဖန်းဆိပ်ဆည်အနီးတွင် ရှိပါတယ်။ ပိုက်ကာစနစ်ဖြင့် ဘဲမွေးမြူရန်ကောင်းသောရွာလည်းဖြစ်ပါတယ်။ ယခုလို ဘဲမျိုးများ ဖြန့်ဖြူးပေးပြီး တစ်နှစ်ပြည့်လျှင် ပေးထားသည့်အကောင်ရေ အရွယ်အစားအတိုင်း အခြားမွေးမည့်သူအား ပြန်လည်ဖြန့်ဝေခြင်းဖြင့် ဘဲမွေးမြူသူများလာမှာဖြစ်ပါတယ်" ဟု လွတ်တိုက်ကျေးရွာ ဘဲမွေးမြူရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသူက ပြောသည်။

အဆိုပါ ငွေကျပ် ၄၅ သိန်းတန်ဖိုးရှိ မီးလွတ်ဘဲအကောင်ရေ ၁၅၀၀ အား တစ်ဦးလျှင် အထီး ၁၀ ကောင်၊ အမ အကောင် ၄၀ ကို မွေးဘဏ်စနစ်ဖြင့် လွတ်တိုက်ကျေးရွာ၊ ဆွဲလှဲကျေးရွာတို့တွင် ဖေဖော်ဝါရီ ၁၃ ရက်က ဖြန့်ဖြူးပေးခဲ့ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာညွန့်သောင်းက ပြောသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



# ယခင်နှစ် ကြက်သွန်ဈေးကျဆင်းမှုကြောင့် ယခုနှစ်ကြက်သွန်နီစိုက်ပျိုးဧက လျော့နည်း

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ စီးပွားဖြစ်ကြက်သွန်စိုက်ပျိုးမှုကို ရေသွင်းစိုက်ပျိုးနိုင်သည့် ကျေးရွာအချို့တွင် လုပ်ကိုင်လျက်ရှိကြပြီး ယခင်နှစ်များက နှစ်စဉ်စိုက်ဧက ၇၅၀၊ ၈၀၀ ကျော်ခန့် ရှိခဲ့သော်လည်း ယခင်နှစ်ဈေးနှုန်းကျဆင်းမှုကြောင့် ယခုနှစ်တွင် ကြက်သွန်စိုက်ဧက လျော့နည်းမှုများရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် စိတ္တိန်းကျေးရွာ၊ ရေဆုံးကျေးရွာ၊ ဆုံကုန်းကျေးရွာ၊ လှိုင်သာကျေးရွာနှင့် မြင်သာတောင်ကျေးရွာ၊ လျှော်တောကျေးရွာ၊ ဆည်ရွာနှင့် ကန်ပတ်လည်ကျေးရွာများတွင် ချောင်းကြက်သွန်အဖြစ်ရေသွင်းစိုက်ပျိုးကြကြောင်း သိရပြီး ယခုနှစ်တွင် တစ်မြို့နယ်လုံးစိုက်ဧက ၆၅၄ ဧကရှိကြောင်း သိရသည်။

"မနှစ်က ဈေးမကောင်းတော့ ဒီနှစ်စိုက်ဧကနည်းသွားတယ်။ တောင်သူတွေလက်ထဲ ကြက်သွန်မရှိတော့မှ ဈေးကတက်သွားတာ။ တောင်သူလက်ထဲ ကုန်ရှိတုန်းဈေးကောင်းမရတော့ ကုန်ကျစရိတ်နဲ့ မကာမိဘူး။ ဒီအထဲ အလုပ်သမား ရှားပါးမှုကလည်းတစ်ကြောင်းပေါ့။ အဓိကက ရေတွင်းဖော်၊ ရေလောင်းတဲ့ အလုပ်သမား အရေးကြီးတာ။ အရင်နှစ်တွေကတော့ အလုပ်သမားနဲ့ အခင်းရှင်နဲ့ သုံးချိုးတစ်ချိုး မျှစားကြတယ်။ ခုနောက်ပိုင်း လုပ်မယ့်လူမရှိသလောက်ကို ရှားနေတာ။ အလုပ်သမားတွေက ဆက်သွယ်ရေး မြေကျင်းတူးတဲ့ နောက်ကို မိသားစုလိုက်ထွက်အလုပ်လုပ်ကြတာဆိုတော့ ရွာမှာ စိုက်ရေးပျိုးရေးက တော်တော်ခက်သွားပြီ" ဟု စိတ္တိန်းကျေးရွာမှ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။



စိတ္တိန်းကျေးရွာတွင် ကြက်သွန်နီကို ဒီဇင်ဘာဒုတိယပတ်ခန့်တွင် စတင်စိုက်ပျိုးကြပြီး ဧပြီလပထမပတ်ခန့်တွင် ရိတ်သိမ်းဖော်ယူလေ့ရှိကြောင်း သိရသည်။

ကြက်သွန်မျိုးကို ကိုယ်တိုင်ပျိုးထောင်စိုက်ပျိုးလေ့ရှိကြသော်လည်း အချို့မှာ ဝယ်ယူစိုက်ပျိုးကြရပြီး မျိုးတစ်ပြည်လျှင်ငွေကျပ် တစ်သိန်းပေးရကြောင်း သိရသည်။ ကြက်သွန်စိုက်တဲ့နည်းစနစ်ကတော့ သီတင်းကျွတ်လပြည့်ကျော်ရင် ပျိုးစထောင်ကြတာပဲ။ ပျိုးထောင်ထားတုန်းမှာ ကိုယ်စိုက်မယ့်အကွက်ကို ထယ်ရေးပြင်တာ၊ မြေဆွေးချတာတို့ လုပ်ထားရတယ်။ ပြီးရင်တော့ တုံးကြမ်းတယ်ခေါ်တဲ့ မြေညှိပေးရတာပါ။ သဲမြေပြင်ညီသွားပြီဆိုမှ ကိုယ်စိုက်ချင်တဲ့ ပေါင်အနေအထားအတိုင်း ပေါက်ပြားတစ်သွားနစ်အောင် ကြောင်းဆွဲပြီး ပေါင်တင်လိုက်ပါတယ်။ အမှန်က အချိန်နဲ့လုပ်အားကို ခိုလိုက်တာပါ။ ပြီးရင်တော့ ပျိုးပင်သက် (၅၅) ရက်လောက်ရရင် ရွှေ့စိုက်လို့ရပါပြီ။ မြေပြင်တဲ့အချိန်က နွားရှည်းငှားခကုန်တယ်။ ပျိုးပင်ရွှေ့စိုက်ပြီးပြီဆိုကတည်းက နုတ်သိမ်းချိန်အထိ အလုပ်သမားခတွေ၊ ပိုးသတ်ဆေး၊ အားဆေးတွေ၊ မြေဆီတွေကုန်ကျစရိတ်တောက်လျှောက်ထွက်တော့တာပဲ " ဟု ကြက်သွန်စိုက်ပျိုးမှုအနေအထားနှင့် ပတ်သက်၍ ၎င်းက ဆက်လက်ရှင်းပြသည်။

အဆိုပါ ကြက်သွန်ခင်းကို ရွှေ့ပြောင်းစိုက်ပျိုးပြီးချိန်မှစ၍ တစ်နေ့လျှင် ရေနှစ်ကြိမ်လောင်းပေးရပြီး လိုအပ်သည့် အပင်အားတိုးဆေး၊ အရွက်အားတိုးဆေး၊ မှိုသတ်ဆေးများကို လိုအပ်သလိုပက်ဖျန်းပေးရကြောင်းနှင့် တစ်ဧကအတွက် စုစုပေါင်းကုန်ကျစရိတ်မှာ လေးသိန်းခွဲမှ ငါးသိန်းခန့်အထိရှိကြောင်း သိရပြီး တစ်ဧကအထွက်နှုန်းမှာလည်း ပျမ်းမျှအားဖြင့် ပိသာချိန် ၃၀၀၀ ကျော်ခန့်ထွက်ရှိကြောင်းသိရသည်။ စိတ္တိန်းကျေးရွာတွင် ယမန်နှစ်ကစိုက်ဧက ၄၀၀ ကျော်ခန့် စိုက်ပျိုးခဲ့ကြသော်လည်း၊ တောင်သူများလက်တွင် ဈေးကောင်းမရရှိခဲ့သဖြင့် ယခုနှစ်တွင် စိုက်ဧက ၂၇၈ ဧကသာရှိခဲ့ပြီး စိုက်ပျိုးမှု ထက်ဝက်နီးပါး လျော့နည်းခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# အညာနွေဦးရောက်မန်းရွှေစက်တော်ဘုရားပွဲတော်လာရောက်ကြဖို့ဖိတ်ခေါ်

ကျော်ကျော်(မလှိုင်)

ရာသီက နှင်းနှင့်မြူတို့ လုံးထွေးသတ်ပုတ်သည့်ကြား အရောင်စုံသစ်ရွက်တို့ ကြွေကျရလေ့ရှိသောရာသီ ဥတုက အညာမြေဟုဆိုငြားသော မကွေးတိုင်းဒေသကြီး အနောက်ခြမ်း ရခိုင်ရိုးမ၏ အရှေ့ဖျားဆုံး တောင်စွယ်များ အခြေမန်းချောင်းရစ်ခွေထားသည့် နေရာတောင်တန်းများ ပတ်လည်ကာရံထားသည့်ကြား အညာအငွေ့အသက်နှင့် စမ်းရေစီးသံတို့ ရောယှက်ထားခြင်းက စာရေးသူတို့လို ဘုရားဖူးများအတွက် မြူဆွယ်နိုင်လွန်းသည်ထက် မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာနှစ်ဆူတည်ရှိနေခြင်းက ဗုဒ္ဓဘာသာဝင်များစွာတို့၏ ဖူးရောက်လိုမှုကို ပိုမိုနှိုးဆော်နိုင်လေ့ရှိသည်။ ထိုနေရာ၌ မန်းချောင်း၏ ယာဘက် သစ္စဗန္ဓတောင်တော်ပေါ်တွင်တည်ရှိသော အထက်စက်တော်ရာနှင့် ထိုတောင်တော်၏အခြေ မန်းချောင်းဝဲဘက်ကမ်းတွင်တည်ရှိသော အောက်စက်တော်ရာတို့ကြောင့် မန်းရွှေစက်တော်ဟု ခေါ်တွင်လေ့ရှိကြောင်း ဒေသခံများကပြောကြသည်။ ထိုဘုရားပွဲတော်ကြီးကိုနှစ်စဉ်တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ စည်းကားသိုက်မြိုက်စွာ ရက်ရှည်ကျင်းပလေ့ရှိသည်။ ရွှေစက်တော်ဘုရားပွဲတော်စတင်ဖွင့်လှစ်သည်နေ့ရက်တိုင် အောက်ခြေတော်ရာကို စတင်ဖွင့်လှစ်အပူဇော်ခံလေ့ရှိကြသည်။ အောက်ခြေတော်ရာသည် မန်းချောင်း၏ဝဲဘက် ချောင်းကမ်းနဖူးတွင်တည်ရှိသောကြောင့်မိုးရာသီတွင် နှစ်စဉ်နီးပါး ခြေတော်ရာပေါ်သို့ ချောင်းရေများဖုံးလွှမ်းလေ့ရှိကြောင်းလည်း သိရသည်။ ထို့ကြောင့် နှစ်စဉ် ၁ ရက်နေ့ ပွဲတော်ပိတ်ပွဲနှင့်အတူ အောက်ခြေတော်ရာအား ဖုံးအုပ်ထားလေ့ရှိသည်။ ယခင်က အောက်ခြေတော်ရာ သံအုပ်ဆောင်ဖြင့်ဖုံးအုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှစ၍ အလင်းပေါက်ဖန်အုပ်ဆောင်းဖြင့် အစားထိုးဖုံးအုပ်ခဲ့သည်။

ထိုအလင်းပေါက်ဖန်အုပ်ဆောင်းဖြင့် အစားထိုးရသည့်ရည်ရွယ်ချက်မှာ ပွဲတော်ချိန်ပြင်ပလာရောက်ကြသော ဘုရားဖူးများအနေဖြင့် ခြေတော်ရာအား မြင်တွေ့ဖူးမြော်နိုင်ရန်ဖြစ်ကြောင်း သိရသည်။

သို့သော် ၂၀၁၅ ခုနှစ် မိုးရာသီအကုန်ကစတင်၍ အလင်းပေါက်ဖန်အုပ်ဆောင်းအတွင်း ပေါင်းပင်၊ မြက်ပင်ငယ်များပေါက်နေခဲ့သောကြောင့်ခြေတော်ရာအား ထိခိုက်မိမည်ကို စိုးရိမ်သူများလည်းရှိနေသည်ဟု သိရသည်။ ရွှေစက်တော်သည် မကွေးတိုင်းဒေသကြီး မင်းဘူး-စကုမြို့နယ်အတွင်း၌တည်ရှိပြီး ငဖဲမြို့နှင့် အနီးဆုံးဖြစ်သည်။ ထိုပွဲတော်သို့ ရန်ကုန်၊ မန္တလေး၊ ပဲခူးနှင့် ရှမ်းပြည်နယ်တို့မှ လာရောက်ကြသော ဘုရားဖူးအများစုသည် မကွေးမြို့မှတစ်ဆင့် လာရောက်လေ့ရှိကြသည်။ မကွေးမြို့မှ ဧရာဝတီ တံတား မကွေးကိုဖြတ်၍ မင်းဘူးမြို့မှတစ်ဆင့် သွားရောက်ကြသည်။ မင်းဘူးမြို့မှ မင်းဘူး-အမ်းကားလမ်းသို့လိုက်ပါ၍ လေးပင်ကျေးရွာအလွန်တွင် ရွှေစက်တော်လမ်းခွဲအတိုင်း ငါးမိုင်ခန့်အကွာ ပုသိမ်-မုံရွာကားလမ်းနှင့်ဆုံမိသည်။ ပုသိမ်-မုံရွာကားလမ်းမှ မုံရွာဘက်သို့ လိုက်ပါပြီး ခုနှစ်မိုင်အကွာတွင် ရွှေစက်တော်သို့ သွားရောက်သည့် သုံးမိုင်လမ်းဆုံသို့ရောက်ရှိပြီး ပွဲတော်ချိန်၌ သွားသည့်လမ်းသို့ စတင်ရောက်ရှိလေသည်။ မိုးတွင်းကာလနှင့် ပွဲတော်ပြင်ပအချိန်များတွင် ရွှေစက်တော်သို့ သွားလိုကြသည့် ဘုရားဖူးများအနေဖြင့် ပုသိမ်-မုံရွာလမ်းနှင့် လေးပင်ကျေးရွာလမ်းဆုံမှ ပုသိမ်ဘက်သို့လိုက်ကာ ငါးမိုင်လမ်းခွဲမှတစ်ဆင့် သွားရောက်နိုင်လေသည်။



ဓာတ်ပုံ - အင်တာနက်

ရွှေစက်တော်ပွဲတော်သို့ ဧရာဝတီတိုင်းဒေသကြီးမှ လာရောက်လိုကြသူများနှင့် ရန်ကုန်-ပြည် မြို့များကလာရောက်ကြသူများမှာ တချို့က ပုသိမ်-မုံရွာကားလမ်းမှ တစ်ဆင့်လာရောက်လေ့ရှိကြသည်။ ရခိုင်ပြည်နယ်မှ လာရောက်ကြသည့် ဘုရားဖူးများမှာ မင်းဘူး-အမ်းကားလမ်းဘက်ကနေ လာရောက်လေ့ရှိကြကြောင်း သိရသည်။ ယခုနှစ်တွင် မင်းဘူးခရိုင်မှ သက်ဆိုင်ရာတာဝန်ရှိသူများကရွှေစက်တော်ပွဲတော်အတွင်းမှာ နှစ်စဉ်ချပေးနေကျဥာနဆိုင်ရာတဲကျောင်းတွေကိုလည်း မချပေးတော့တာဟာလည်း ထူးခြားနေလေသည်။ ယခင်နှစ်များက ဥာနဆိုင်ရာအတွက်ဆိုပြီး တဲကျောင်းများချပေးခဲ့သော်လည်း အဆင့်ဆင့်ပြန်လည်ရောင်းစားမှုများကြောင့်ဟုယခုနှစ်တွင် မချပေးတာဟု ဒေသခံများကဆိုသည်။

“အနယ်နယ်အရပ်ရပ်ကလာရောက်ကြသည့် ဘုရားဖူးများအစည်ကားဆုံးအချိန်ဆိုရင် တဲကျောင်းခတွေဟာ အဆမတန်ဈေးကြီးကုန်ပါတယ်။ အခုနှစ်မှာတော့ အစိုးရအပြောင်းအလဲဖြစ်ခဲ့တာကြောင့် ဘုရားဖူးပြည်သူတွေအတွက် ပြန်ကြည့်တဲ့အနေဖြင့် ပွဲတော်အတွင်း မတော်လောဘဆန်စွာ ဘယ်သူသေသေငတေမာပြီးရောဆိုသော စီးပွားရေးလုပ်ငန်းရှင်များကို ထိထိရောက်ရောက်ကိုင်တွယ်စေချင်ပါတယ်” ဟု ရွှေစက်တော်ပွဲတော်အတွင်း နှစ်စဉ်ဈေးရောင်းချနေသူများက ပြောသည်။

ရွှေစက်တော်ဘုရားဝန်းကျင်၌ ရွှေစက်တော်ဘေးမဲ့တောနှင့် ဘေးမဲ့ကာကွယ်တောဧရိယာများဖြစ်သည့် ရွှေစက်တော်ဘေးမဲ့တောသည် မင်းဘူး-ငဖဲ-စေတုတ္တရာ-ပွင့်ဖြူမြို့နယ်လေးခု ထိစပ်ပါဝင်နေပြီး ကမ္ဘာ့ရှားပါး စာရင်းဝင် ရွှေသမင်၊ ကြယ်လိပ်၊ ဆွေ့၊ နဖားကြူး စသည့် ငှက်များပါ ရှင်သန်ကျက်စားလျက်ရှိသည်။ ယင်းအပြင် ယင်းဘေးမဲ့တောဧရိယာအတွင်း ချင်းလူမျိုးတို့၏ သဘာဝအတိုင်း နေထိုင်မှုဓလေ့စရိုက်များနှင့် Dry Zone Economic စနစ်ကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။ ရွှေစက်တော်ဘုရားပွဲတော်တွင်း အောက်ခြေတော်ရာအနီးတွင် သစ်တောဦးစီးဌာနကနေ ရွှေသမင်နှင့် ကြယ်လိပ်များကို နှစ်စဉ်ဘုရားဖူးများအား ပြခန်းဖြင့်ပြသထားလေ့ရှိသည်။ ၂၀၁၄ ခုနှစ်မှစတင်၍ ရွှေစက်တော်ပွဲတော်သို့ သုံးမိုင်လမ်းမှ အဝင်လှေတင်တံတားအနီး၌ ရွှေသမင်များအား ဆာဖာရီဥယျာဉ်ဖြင့် ပြသထားလေ့ရှိပြီး ဘုရားဖူးပြည်သူများ စိတ်ဝင်စားမှု ယခုနှစ်တွင် ပိုမိုမြင့်တက်လျက်ရှိကြောင်း အဆိုပါဥယျာဉ်သို့ လာရောက်ကြသည့်သူများက ဆိုသည်။

ရွှေစက်တော်ဘုရားပွဲတော်သို့ လာရောက်ကြသည့် ပြည်သူအများစုသည် မကွေးမြသလွန်စေတီတော်၊ မင်းဘူးမြို့မှ နဂါးပွက်တောင်၊ စက္ကတဲဘုရားနှင့် ပွင့်ဖြူမြို့နယ်ရှိ ကျောင်းတော်ရာစေတီတော် စသည့်ဘုရားများကို ဖူးမြော်လေ့ရှိကြသည်။ ရွှေစက်တော်ဘုရားပွဲတော်သို့ နေရာဒေသအနှံ့ ဘုရားဖူးလာရောက်ဖူးမြော်လျက်ရှိသကဲ့သို့ ထိုသူတို့ကိုမှီခို၍ စီးပွားရှာသူများလည်းပွဲတော်ချိန်၌ လာရောက်တတ်ကြသည်။ ဘုရားပွဲတော်ချိန်သို့ရောက်ရှိသည်နှင့် အနယ်နယ်အရပ်ရပ်မှ (၁၂) ပွဲဈေးသည်များ လာရောက်ရောင်းဝယ်တတ်ကြသကဲ့သို့ အဆိုပါဒေသများသည် နွေရာသီ၌ စိုက်ပျိုးရေးကို မလုပ်ကိုင်နိုင်သဖြင့် ရက်ရှည်ကျင်းပသော ရွှေစက်တော်ပွဲတော်သို့ မိမိတို့ဒေသထွက်ရှိသော အစားအစာပစ္စည်းနှင့် အဝတ်အထည်စသည်များ လာရောက်ရောင်းဝယ်ကြသည့်အတွက် နှစ်စဉ်ပွဲတော်ချိန်၌ ကြက်ပျံမကျစည်းကားသိုက်မြိုက်လျက်ရှိပေသည်။

ဘုရားပွဲတော်ချိန်တွင် လုပ်ငန်းမျိုးစုံရှိကြသည့် ပွဲတော်မတိုင်မီ တဲကျောင်းနှင့် ဆိုင်ခန်းများ ဆောက်လုပ်ရန် သစ်ဝါးခုတ်ခြင်း၊ သက်ငယ်ရက်ခြင်းလုပ်ငန်းများအစ ပွဲတော်ချိန်တွင် ရေနွေး၊ အကြော်၊ ထမင်း၊ ဟင်းများ ရောင်းချခြင်း၊ အဝတ်အငှားလျှော်ခြင်း၊ တဲကျောင်းများတည်းရန် ဘုရားဖူးများအား ခေါ်ပေးသည့် ပွဲစား (ဝါ) ဧည့်ကြိုခြင်း၊ နှိပ်နင်းပေးခြင်းစသည့် လုပ်ငန်မျိုးစုံရှိကြလေသည်။

ဘုရားဖူးများမှာ တဲကျောင်းနှင့် ကပ်လျက်ချောင်းများတွင် ရေချိုး၊ ရေစီးဘောကွင်းများနှင့် ရေချိုးရသည်ကို ပျော်ရွှင်ရပေသည်။ ပေါက်နှင့် လက်ပံတို့က ရဲရဲတောက်ပွင့်ပြုရန် အားပျိုးနေချိန်တွင် သစ်ပင်အများစုက ရင့်ရော်စရွက်ဖတ်များကိုသူတို့ ခန္ဓာကိုမှ ခွာချစပြုနေချိန် ဆောင်းအကုန် နွေအကူးရာသီ ထိုသို့သော အငွေ့အသက်များ ထုံမွှမ်းလာချိန်တွင် အနောက်ရိုးမ၏ တောင်စွယ်များအလယ် (သစ္စာဗန္ဓ) တောင်တော်ဝန်းကျင်၌ မန်းချောင်းက နဂါးတစ်ကောင်ကဲ့သို့ ရစ်ပတ်ထားသည်ကြားမှ ပွဲတော်တစ်ခုကရှုန်းကြွသက်ဝင်လာလေ့ရှိသည်။ ထိုပွဲတော်သည် ရွှေစက်တော်ပွဲတော်ပင်။ အမှန်တကယ်တော့ ဘုရားပွဲတော်တစ်ခုဆိုခြင်းထက် တောတောင်ရေမြေသဘာဝများက ဆွဲဆောင်မှု အားကောင်းလှသည်ထက် မြတ်ဗုဒ္ဓ၏ ခြေတော်ရာနှစ်ဆူကို ဦးခိုက်ဖူးမြော်ရခြင်းက ဘုရားဖူးပြည်သူများအနေဖြင့် ရင်အစုံကို အေးမြမှုတို့က လွှမ်းခြုံလေ့ရှိသည်။ ယင်းကြောင့် နွေဦးရာသီရောက် မန်းရွှေစက်တော်ဘုရားပွဲတော်ကို လာရောက်ကြဖို့ ဘုရားဖူးပြည်သူများအား ဖိတ်ခေါ်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# စေတနာထားလုပ်ဆောင်ခြင်းဖြင့်ကိုယ်တိုင်၏တန်ဖိုးကိုမြှင့်တင်ပါ

သရက်တန်းစိုးရွှေ(စိတ်ပညာ)

တစ်နေ့ချင်းဆီ ဖြတ်သန်းသွားလုပ်ကိုင်ရသည့် ဘဝခရီးတွင် တိုးတက်ရေးအတွက် တစ်ခုသာလျှင် လုပ်ပေးစေချင်လှသည်။ ထိုတစ်ခုတည်းသော အရာမှာ မိမိလုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းကြီးကြီးငယ်ငယ် စေတနာထားကာ လုပ်ဆောင်ပေးရေးပင်ဖြစ်သည်။ စေတနာကောင်လျှင် ကံကောင်းသည်ဟုဆိုထားသည်။ လက်ရှိကာလ ကြုံတွေ့နေရသော လူငယ်အများစု၏ စိတ်အဆောက်အအုံ စိတ်ခံယူမှုတွင် စေတနာ ထားခြင်းထက် မိမိအလုပ်ထက် အခြားအလုပ်သည်သာ အကောင်းဟုမှတ်တွေးနေခြင်းသာလျှင်ဖြစ်သည်။

လူငယ်တို့၏ စိတ်အဆောက်အအုံနှင့် စိတ်ခံယူမှုတွင် မိမိကိုယ်ကိုယ် တန်ဖိုးထားမှုရှိစေရေး အလေးပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ပတ်ဝန်းကျင်သည် အကောင်းဆုံးသောသင်ကြားသည့်ဆရာဟုဆိုထားသည်။ ပတ်ဝန်းကျင်လွှမ်းမိုးမှုများ ခံယူထားရသည့် လူ့အသိုင်းအဝိုင်းတွင် စိတ်ထားကောင်းခံယူမှု ကောင်းတို့လွှမ်းမိုးဖို့လိုအပ်လှပေသည်။ ကူးဆက်လာသော အနောက်တိုင်းယဉ်ကျေးမှုအကြား လွယ်လွယ်အတုယူ အတုခိုးမှုများကို တွေ့မြင်နေရပေသည်။ ပညာသင်ကြားသည့်အရွယ်တွင်ပင် နိုင်ငံတကာမှ မဆုတ်မနစ် ပညာသင်ယူပုံ အသုံးချပုံကိုစံထားသင်ယူခြင်းထက် ချစ်မှုရေးရာ ကွက်ကွက်ကလေးကိုသာ အတုယူနေသည်ကိုမြင်တွေ့နေရသည်မှာ စိတ်မကောင်းဖွယ်ရာပင်ဖြစ်နေပေသည်။

တစ်နေ့မှာ တစ်ခုတည်းလုပ်ကိုင်ပါက ထိုတစ်ခုတည်းကို စေတနာထား လုပ်ဆောင်ရပေမည်။ တစ်နေ့ချင်းဆီ ချီတက်ဖြတ်သန်းသွားလာမှုတွင် မိမိစိတ်ကို နေ့စဉ်ခွန်အားပေးဖြတ်သန်းသွားသင့်လှပေသည်။ လူအများစုပေါင်းနေထိုင်မှုအတွင်း ကိုယ်တိုင်၏ အစွမ်းအစကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် ဝန်းကျင်ကိုအလှဆင်သင့်လှပေသည်။ တစ်မိနစ်ချင်းဆီ တစ်နာရီချင်းဆီဖြတ်သန်းရုန်းကန်မှုအတွင်း စေတနာထား လုပ်ဆောင်ခြင်းဖြင့် မိမိသမိုင်းကိုကောင်းအောင်ရေးထိုးသင့်လှပေသည်။ မိမိလုပ်ငန်းတန်ဖိုးကို နားလည်ကာ တန်ဖိုးထားသင့်လှပေသည်။

ကြုံလာသော နေ့သစ်တိုင်းတွင် အကောင်းဆုံးလုပ်ကိုင်နေထိုင်ရှင်သန်ရပေမည်။ နေ့သစ်တိုင်းကို တန်ဖိုးထား အသုံးချသင့်လှပေသည်။ နေ့သစ်တိုင်းကို အကောင်းဆုံး ခံယူနေထိုင်သင့်လှပေသည်။ ဖြစ်လေ့ဖြစ်ထရှိသော အနိမ့်အမြင့်အတက်အကျ စိတ်ဓာတ်ကျမှု စိတ်ဆင်းရဲမှုများကို တစ်ဆင့်ချင်းကျော်လွှားကာ စိတ်ခွန်အားများကို တိုးတက်အောင်စွမ်းဆောင်ရပေမည်။ နံနက်ခင်း အာရုံကျင်း၍ အလင်းရောင်ပေါ်လာပါပြီလား အကောင်းဆုံးနေထိုင် ရုန်းကန်ရှင်သန်ရပေမည်။ စိတ်ပိုင်းဆိုင်ရာ တိုးတက်ရေးအတွက် စိတ်ခွန်အားပေးစာပေများကို ဖတ်ရှုရင်း နှလုံးသားအဟာရကို ဖြည့်စွမ်းပေးရပေမည်။ ကိုယ်တိုင်လုပ်ကိုင်သောလုပ်ငန်းကို စေတနာထားလုပ်ဆောင်ရင်း မိမိပတ်ဝန်းကျင် မိမိတိုင်းပြည် မိမိလူမျိုးဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားသင့်လှပေသည်။ တစ်ဦးတည်း တစ်ယောက်တည်း နေထိုင်သည်ဖြစ်နေပါစေ. . . မိမိဂုဏ်သိက္ခာကို မြှင့်တင်ရေး တစ်နေ့မှာ တစ်ခုတည်းသာ လုပ်ပေးဖို့ လိုအပ်လှပေသည်။ ထိုတစ်ခုတည်းသောအလုပ်မှာ မိမိလုပ်ကိုင် ဆောင်ရွက်သည့် လုပ်ငန်းမှန်သမျှကို စေတနာထား တန်ဖိုးထား လုပ်ကိုင်ပေးရန်သာလျှင် အကောင်းဆုံးဖြစ်ပါကြောင်း။

# သမိုင်းဝင်မြို့ပင်လုံမှ သမိုင်းတွင်မည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့

မိုးလွင်ဦး(လွိုင်လင်)



၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။ ပြည်ထောင်စုနေ့သည်ကား အမိမြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးကြီးရရှိရန် သန္ဓေတည် မွေးဖွားခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ တိုင်းရင်းသားခေါင်းဆောင်များ စည်းလုံးညီညွတ်မှုအားနှင့် ပြည်မတောင်တန်း ပူးပေါင်းရေး ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည့် နေ့ထူးနေ့မြတ်ကြီးပင် ဖြစ်သည်။

**အမည်နာမထင်ရှား**

တောင်ပတ်လည်ဝန်းရံ၍ နှင်းငွေ့တွေကြားမှ ထင်းရှူးတောတန်း၊ ချယ်ရီပန်းများပွင့်လန်းရာ ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လုံမြို့လေးသည် အေးချမ်းသာယာပြီး တိုင်းရင်းသားပေါင်းစုံနေထိုင်သည့် မြို့လေးတစ်မြို့ဖြစ်သည်။ ပင်လုံမြို့လေးကို မရောက်ဖူးကြပေမယ့် မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာအမည်နာမတစ်ခု ထင်ရှားမှုကြောင့် သိရှိရင်းနှီးပြီးသား မြို့တစ်မြို့ဖြစ်သည်ကို ဧကန်မလွဲ ဖြစ်ပေလိမ့်မည်။

ပင်လုံမြို့ရှိတိုင်းရင်းသားများမှာ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး တိုင်းရင်းသားများ အချင်းချင်းဖေးမကူညီရိုင်းပင်းပြီး အေးအတူပူအမျှ အတူတကွ နေထိုင်ကြသည်။ ဘာသာ သာသနာထွန်းကားရာ နေရာဒေသဖြစ်သည်။ နှစ်စဉ်ဖေဖော်ဝါရီလ (၁၂) ရက်နေ့ရောက်လေတိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ တိုင်းရင်းသားခေါင်းဆောင်များ စည်းလုံးညီညွတ်မှုအားနှင့် ပြည်မတောင်တန်း ပူးပေါင်းရေး ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည့် နေ့ထူးနေ့မြတ်ကြီးတွင် အစဉ်အလာမပျက် ပြည်ထောင်စုနေ့အခမ်းအနားကို ကျင်းပလာခဲ့သည်။

**ထူးထူးခြားခြား သမိုင်းတင်**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) နေ့သည် နှစ် (၇၀) မြောက်ပြည်ထောင်စုနေ့ဖြစ်သည်။ ယခုနှစ်တွင် ပင်လုံပြည်ထောင်စုနေ့ အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်တက်ရောက်၍ မိန့်ခွန်းပြောကြားခြင်း၊ တိုင်းရင်းသားများနှင့် (Peace Talk) ငြိမ်းချမ်းရေးစကားဝိုင်းများ ဆွေးနွေးပြောကြားခြင်းတို့ကို ချီးမြှင့်ပေးမှုကြောင့် နှစ်ပေါင်း (၇၀)ကြာမှ ထူးထူးခြားခြားဖြင့် သမိုင်းတင်လောက်အောင် စည်စည်ကားကား ကျင်းပနိုင်ခဲ့ပါသည်။

တောင်ပေါ်ဒေသ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးသဖြင့် လွိုင်လင်မြို့နှင့် ပင်လုံမြို့တို့တွင် အောက်တိုဘာလမှ ဖေဖော်ဝါရီလကုန်အထိ ဆောင်းတွင်း၏ အအေးဒဏ်ကို ခံစားရမြဲပင်ဖြစ်သည်။ ဆောင်းတွင်း၏အအေးဓာတ်ကို အံတုကာ မြန်မာနိုင်ငံ လွတ်လပ်ရေးရယူရန် အခြေခံအုတ်မြစ်ဖြစ်သည့် ဖေဖော်ဝါရီလ (၁၂)ရက် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရာ ပင်လုံပြည်ထောင်စုကျောက်တိုင်သို့ အရောင်အသွေးစုံလင်လှသည် တိုင်းရင်းသားပေါင်းစုံ ဝတ်စုံများ၊ ရိုးရာတီးဝိုင်းအဖွဲ့များက အိုးစည်ဗုံမောင်းတီး၍ ချီတက်လာသည့်မြင်ကွင်းသည် အထူးပင်ပျော်ရွှင်ကြည်နူးဖွယ်ရာမြင်ကွင်းတစ်ခု၊ ဘယ်တော့မှ မေ့မရနိုင်သည့် မြင်ကွင်းကို မြင်တွေ့ခံစားခဲ့ရသည်။

တိုင်းရင်းသားပေါင်းစုံဟုဆိုရာတွင် ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားမျိုးနွယ်များ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအပြင် မြန်မာပြည်အရပ်ရပ်မှ တိုင်းရင်းသားများပါ တက်ရောက်လာကြခြင်းဖြစ်သည်။ ထို့အပြင် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးကြသည့် ကိုယ်စားလှယ် (၂၃) ဦး၏ မိသားစုဝင်များ ဆွေမျိုးများပါ တက်ရောက်ခြင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်လာခြင်းကြောင့် ပိုမိုစည်ကားလျက်ရှိသည်။

**အပြုံးပန်းများပွင့်လန်း**

ဖေဖော်ဝါရီလ (၁၂)ရက်နေ့ နံနက် (၁၀) နာရီခန့်တွင် အခမ်းအနားကျင်းပသည့် ပင်လုံပြည်ထောင်စုကျောက်တိုင်သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရောက်ရှိလာရာ ကျောက်တိုင်ဝင်းအပြင်ဘက်တွင် နေရာယူထားကြသည့် များပြားလှသော

> မြန်မာနိုင်ငံ လွတ်လပ်ရေးရယူရန် အခြေခံအုတ်မြစ်ဖြစ်သည့် ဖေဖော်ဝါရီလ (၁၂)ရက် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရာ ပင်လုံပြည်ထောင်စုကျောက်တိုင်သို့ အရောင်အသွေးစုံလင်လှသည် တိုင်းရင်းသားပေါင်းစုံ ဝတ်စုံများ၊ ရိုးရာ တီးဝိုင်းအဖွဲ့များက အိုးစည်ဗုံမောင်းတီး၍ ချီတက်လာသည့်မြင်ကွင်းသည် အထူးပင်ပျော်ရွှင်ကြည်နူးဖွယ်ရာမြင်ကွင်းတစ်ခု၊ ဘယ်တော့မှ မေ့မရနိုင်သည့် မြင်ကွင်း . . .

လူအုပ်ကြီး က 'အမေစုကျန်းမာပါစေ၊ အသက်ရာကျော်ရှည်ပါစေ' ဟု သံပြိုင်ပြောဆိုကြပြီး လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ကြိုဆိုနေသည့် မြင်ကွင်းသည်လည်း ရင်သပ်ရှုမောဖွယ်ရာ အပြုံးပန်းများ အပြိုင်အဆိုင်ပွင့်လန်းနေသည်ကိုတွေ့ခဲ့ရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပင်လုံကျောက်တိုင်ကွင်းအတွင်းသို့ ဝင်ရောက်လာစဉ် ကွင်းအတွင်း အသင့်ဝင်ရောက် နေရာယူထားကြသည့် အကြီးအကဲများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ တက္ကသိုလ်ကျောင်းသူကျောင်းသားများက မတ်တပ်ရပ်ကြိုဆိုကြသည်။ ယင်းနောက် သတ်မှတ်အစီအစဉ်များဖြစ်သည့် နိုင်ငံတော်အလံအားအလေးပြုခြင်း၊ ကျဆုံးလေပြီးသောခေါင်းဆောင်များနှင့် ရဲဘော်အပေါင်းအားအလေးပြုခြင်း၊ နိုင်ငံတော်သီချင်းစုပေါင်း၍ သံပြိုင်သီဆိုခြင်း၊ တိုင်းရင်းသူတစ်ဦးက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းဖတ်ကြားခြင်း၊ ပင်လုံစာချုပ်ပါ အချက်ရှစ်ချက်အား တိုင်းရင်းသူများက ဖတ်ကြားခြင်းများဆောင်ရွက်ပြီးနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးကြသည့် ကိုယ်စားလှယ်(၂၃)ဦး၏ မိသားစုဝင်များ၊ ဆွေမျိုးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ပင်လုံပြည်ထောင်စုကျောက်တိုင်ရှေ့ ရင်ပြင်တွင် အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကူးသည်။ ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားများသည် (၂၁) ရာစုပင်လုံညီလာခံ ငြိမ်းချမ်းရေးစကားဝိုင်း (PeaceTalk ) အစီအစဉ်ကို ပြုလုပ်သည်။

**အနှစ်သာရပြည့်ဝသည့် ပြောကြားချက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ မိန့်ခွန်းနှင့် ငြိမ်းချမ်းရေးစကားဝိုင်း (PeaceTalk)မှ ပြောကြားချက်များသည် စာရေးသူနှင့် ပြည်သူများအတွက် ခွန်အားဖြစ်စေပြီး လေးစားမြတ်နိုးတန်ဖိုးထားရမည့် အနှစ်သာရပြည့်ဝသည့် ပြောကြားချက်များပင်ဖြစ်သည်။ အဆိုပါပြောကြားချက်များသည် ဖေဖော်ဝါရီလ (၁၃) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။ ၂၀၁၇ ခုနှစ် နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားများ၏ ငြိမ်းချမ်းရေးစကားဝိုင်း (PeaceTalk) အခမ်းအနားကို တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များက (၂၁) ရာစုပင်လုံညီလာခံ သီချင်းဖြင့် ကပြဖျော်ဖြေပြီး အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ် နှစ် (၇၀) မြောက်ပြည်ထောင်စုနေ့ အခမ်းအနားသည် နောင်နှစ်ပေါင်းများစွာအထိ သမိုင်းဝင်မြို့ပင်လုံမှ သမိုင်းတွင်ဦးမည်ဖြစ်ပါသည်။

**ထာဝရဂုဏ်ယူ**

ယခုနှစ် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည် ကိုယ်စားလှယ်များ၏ မိသားစုဝင်များလည်း တက်ရောက်လာကြရာ ဖေဖော်ဝါရီလ ၁၁ ရက် နံနက်ပိုင်းက ကိုယ်စားလှယ်များ၏ မိသားစုဝင်များက "မိမိတို့အား ဖိတ်ကြား၍ တက်ရောက်လာကြကြောင်း၊ မိမိတို့၏ အဖေ၊ အဘိုးများ၏ရုပ်ပုံများဖြင့် ပင်လုံကျောက်တိုင်တွင် ယခုကဲ့သို့ ဂုဏ်ပြုထားခြင်းကြောင့် ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ မိမိတို့၏ မိဘများအား ပြန်လည်ဆုံတွေ့ရသလိုဖြစ်မိပါကြောင်း၊ ထူးခြားသည့် ပန်းချီပုံများဖြင့် စီမံထား၍ အသက်ဝင်ရှိလှပါကြောင်း၊ ရင်ထဲတွင်ဖော်မပြတတ်အောင် ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ လာရောက်နိုင်အောင်စီစဉ်ပေးပါသော နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ရှမ်းပြည်နယ် ပင်လုံမြို့၌ ပင်လုံကျောက်တိုင်နှင့် ကိုယ်စားလှယ်များ၏ ရုပ်ပုံပါပန်းရုံများဖြင့် စီမံထားရှိသည်မှာ သတင်းစာ၊ ဂျာနယ်များတွင်မြင်တွေ့ရပါသော်လည်း မိမိတို့အနေဖြင့် ရောက်ဖူးချင်ခဲ့ပါသော်လည်း မရောက်ဖြစ်ခဲ့ပါကြောင်း၊ ယခုလို နိုင်ငံတော်အစီအစဉ်ဖြင့် ရောက်ရှိအောင်ဆောင်ရွက်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့၏ သားစဉ်မြေးဆက်များ ထာဝရဂုဏ်ယူနေရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကိုယ်စားလှယ်ကြီးများ၏မိသားစုဝင်အချင်းချင်း ယခင်က တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူး မမြင်ဖူးကြသော်လည်း ယခုလို ပင်လုံမြို့မှ မြင်တွေ့ကြသော်လည်း သွေးရင်းသားချင်း ညီရင်းအစ်ကို မောင်နှမ ဆွေမျိုးများဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်ကြီးများ၏ ရုပ်ပုံကို အသက်ဝင်အောင် ထုဆစ်ပုံဖော်ပေးပါသော အသိပညာရှင်၊ အတတ်ပညာရှင်၊ သုခုမပညာရှင်များကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ နောင်နှစ်များတွင်လည်း မိမိတို့အစီအစဉ်အဖြစ် လာရောက်နိုင်အောင် ကြိုးစားသွားမည်ကြောင်း" ရင်တွင်းစကားများကြားသိခဲ့ရသည်။


ချက်ချင်းပေါက်ငွေသားကံထူးရှင်ထဲမှ
သိန်း ၅၀၀ ကံထူးရှင် (၁)ဦး၊
သိန်း ၁၀၀ ကံထူးရှင် (၁)ဦး၊
၅ သိန်းဆုကံထူးရှင် (၂၇) ဦး၊
၁ သိန်း ဆုကံထူးရှင်(၂၇၂) ဦး ပေါ်ထွက်လာပါပြီ။
PREMIER®
COFFEE
ကျန်ရှိနေသေးသည့်ဆုမဲများ
အထူးဆုကြီး ငွေကျပ် သိန်း ၁၀၀၀(၁)ဆု၊
ငွေကျပ် သိန်း ၅၀၀ (၃)ဆု၊
ငွေကျပ်သိန်း ၁၀၀ (၁၇)ဆု၊
ငွေကျပ် ၅သိန်း (၁၅၉)ဆု၊
ငွေကျပ် ၁သိန်း (၁၉၉၉)ဆု၊
(၂)ထပ်ကွမ်း ငွေလမ်း ကံစမ်းမဲ
ငွေကျပ်သိန်း၁၀၀ဆု(၂၀)ဆု
အောက်ဖော်ပြပါပုံစံအတိုင်းကံစမ်းနိုင်ပါသည်၊
၁
ဖော်ပြပါနမူနာပုံစံအတိုင်းတွေ့ရှိပါက
၂
အထုပ်ဘယ်ဘက်တွင်ပါရှိသော နမူနာပုံစံအား ကြိုက်နှစ်သက်ရာစာရွက်အလွတ်တစ်ခုအပေါ် ပုံတွင်ပြထားသည့်အတိုင်းဖြည့်စွက်ပါ
၃
ဖြည့်စွက်ပြီးပါက အိတ်ခွံနှင့်အတူ ဖော်ပြပါပုံစံအတိုင်းပူးတွဲ၍
၄
စာအိတ်(၁)အိတ် ထဲသို့ဝင်ဆံ့သလောက်ထည့်နိုင်ပါသည် စာရွက်(၁)ရွက်နှင့်အိတ်ခွံ(၁)ခွံအား (၁)မဲအဖြစ် သတ်မှတ်ပါသည်။(ဥပမာ - စာအိတ်ထဲ (၆)ခုပါက (၆)မဲ သတ်မှတ်ပြီး/ (၁)ခုထဲပါပါက (၁)မဲဟုသတ်မှတ်ပါမည်)
၅
ဖော်ပြပါပုံအတိုင်းစာအိတ်ပေါ်တွင်ရေး၍
၆
POST
စာတိုက်သေတ္တာ
နီးစပ်ရာစာတိုက်ပုံး (သို့)စာတိုက်သို့ ပေးပို့ကံစမ်းနိုင်ပါသည်။
ကံစမ်းမဲကာလ(ဒီဇင်ဘာ ၂၀၁၆) မှ (ဧပြီ ၂၀၁၇) ထိ
ချက်ချင်းပေါက်ငွေသားကံစမ်းမဲအပြင်
ထပ်မံကံစမ်းနိုင်မယ့်
(၂) ထပ်ကွမ်းငွေလမ်း
ရန်ကုန်
(၁၁၀၉)၊ (၁၁၁၉)
မန္တလေး
(၁၀)၊ (၁၈)
နေပြည်တော်
(၁၁၉)
စာတိုက်ပုံး


ပရီမီယာရဲ့ (၂) ထပ်ကွမ်းငွေလမ်း
ပထမဆုံး
ကျပ်သိန်း (၅၀၀) ကံထူးရှင်
ပေါ်ထွက်လာပါပြီ
PREMIER COFFEE
အထူးဆုကြီး
သိန်း (1000) အပါအဝင်
သိန်းတစ်သောင်းတန်
(၂)ထပ်ကွမ်း ငွေလမ်းခင်းမယ့် အစီအစဉ်
ကျပ်သိန်း ၅၀၀
ဗိုလ်ကြီးအောင်ကိုလေး
၉/သပက(နိုင်)၀၃၄၁၅၄
မကွေးမြို့
ကျန်ရှိနေသေးသည့်ဆုမဲများ
အထူးဆုကြီး ငွေကျပ်သိန်း ၁၀၀၀ (၁)ဆု၊ ငွေကျပ် သိန်း ၅၀၀ (၃)ဆု၊
ငွေကျပ်သိန်း ၁၀၀ (၁၇)ဆု၊ ငွေကျပ် ၅သိန်း (၁၅၉)ဆု၊ ငွေကျပ် ၁သိန်း (၁၉၉၉)ဆု
ချက်ချင်းပေါက်ဆုမဲများကို မေလ၊ ၂၀၁၇ ခုနှစ်အထိ နောက်ဆုံးထား ထုတ်ပေးသွားပါမည်။
HOT LINE
09 73221967,
09 73121619

# (၁၂)နှစ်ပြည့် မင်္ဂလာဆုတောင်း

သားကြီး **ဦးကျော်ဒေဝ**နှင့် သမီး **ဒေါ်ခင်စန္ဒာလင်း**တို့၏ (၁၉-၂-၂၀၁၇) ရက်နေ့တွင် ပြည့်မြောက်သော မင်္ဂလာသက်တမ်း **(၁၂)နှစ်** ပြည့်မှသည် နှစ်ပေါင်းရာကျော်တိုင် သမီးကြီး **မဖြူသန့်ခင်**၊ သမီးလေး **မပြည့်မွန်ခင်** တို့နှင့်အတူ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ၍ ချစ်ခင်ကြင်နာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဘဝလက်တွဲ ခိုင်ခိုင်မြဲကာ ဆက်လက် လျှောက်လှမ်းနိုင်ပါစေ။

**"ငွေရတု၊ ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သက်ရာကျော် ရှည်ပါစေ"**

နှစ်ဖက်မိဘ ညီအစ်ကိုမောင်နှမ တူ၊ တူမများ
မြတ်လေးရဲ့ မိသားစု

STANDARD
your affordable quality
ECO LAMINATE FLOOR
8mm / 12mm
Weekend Promotion!
(Feb 17,18,19,20)
အထူးအခွင့်အရေး
99,000 ks
အနားကွပ် Skirting (အပြီးအစီး)



အရည်အသွေးနှင့် ဈေးနှုန်းမျိုးစုံစွာ ဝယ်ယူနိုင်သည်
☎ 09 4555 444 30, 09 4555 444 03
**အမှတ်** B1-012, **စည်းဥလလမ်းပေါ်၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်**

Rising Tide Travel & Tours ၏ အတာသကြင်္န်ခရီးစဉ်များ (UMTA)

| | | | |
|---|---|---|---|
| ကိုရီးယား | (၇ည/၈ရက်) | Apr 12 to 19 | ⇨USD 1850 |
| စင်္ကာပူ | (၄ည/၅ရက်) | Apr 13 to 17 | ⇨USD 850 |
| ဘန်ကောက်-ပတ္တရား-အယုဒ္ဓယ | (၅ည/၆ရက်) | Apr 12 to 17 | ⇨USD 650 |

| | | | |
|---|---|---|---|
| ဂျပန် | Apr 12 to 19 | ဗီယက်နမ် | Apr 12 to 15 |
| ဥရောပ(၃နိုင်ငံ) | Apr 12 to 22 | ထိုင်ဝမ် | Apr 13 to 18 |
| ဥရောပ(၆နိုင်ငံ) | Apr 9 to 22 | ဒူဘိုင်း-အဘူဒါဘီ | Apr 12 to 18 |
| အမေရိက | Apr 8 to 22 | တီဂျစ် | Apr 13 to 20 |

Early Bird Promotion USD 30 (Only Korea) (until feb 28)

ခရီးစဉ်အားလုံးအတွက် လေယာဉ်လက်မှတ်၊ ဗီဇာကြေး၊ ဝင်ကြေးများ၊ ကားခ၊ အစားအသောက်၊ ဟိုတယ်၊ Tour Leader၊ Guide နှင့်ပြည့်စုံသော ဝန်ဆောင်မှု။
No.103, 5th Floor, Room(5-B), Kyun Taw Road, Sanchaung Tsp., Yangon.
☎ 09 254 757 722, 09 312 500 70, 09 452 122 277
Hotline ✆ 09798335531, 09798335532
sales@risingtidetravels.com

Air Mandalay
Safety, Reliability & Comfort



အဲမန္တလေး လေကြောင်းလိုင်းမှ
အောက်ပါ ခရီးစဉ်များကို
နေ့စဉ် ပျံသန်းပြေးဆွဲ နေပါပြီ . . .
ရန်ကုန်မှ ...
မြစ်ကြီးနား
စစ်တွေ
တာချီလိတ်



လက်မှတ်များကို လက်မှတ်အရောင်းကိုယ်စားလှယ်များ နှင့်
online (airmandalay.com)မှလည်း တိုက်ရိုက်ဝယ်ယူနိုင်ပါပြီ။
We accept: MasterCard VISA MPU
Contact Us :
Tel: + 95 1 501 520, 525 488
Email : info@airmandalay.com
: http//facebook/airmandalay
www.airmandalay.com

ဗုဒ္ဓ ဓမ္မ သံဃ
SYP ဆေးရိုးမင် SYP
အုတ်ရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး
ကိုဆန်းနိုင် + မမိုးမိုးအေး
အမှတ်(၉/၆ဉ-B)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ တည်းကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 645757, 095408777, 095145162, 0973021997, 09455081166, 09-965145162


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံလူဝိုလာပမြို့နယ်မြေတိုင်းရပ်ကွက်အမှတ်(၁၀)မြေကွက်အမှတ်(၉၂၄/က)မြေကွက်တည်နေရာအမှတ်(၉၂၄/က)(၃၁)လမ်း(၁၀)ရပ်ကွက်ဒေါပုံလူဝိုလာပ... [illegible] ...ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


Yaung Chi Thit Lin Moving Service Co.,Ltd
YCT ရောင်ခြည်သစ် (လင်း)
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှု ကုမ္ပဏီ
(မြို့တွင်း / နယ်ဝေး)
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773

တက်လူ
အိမ်ပြောင်း/အိမ်ရွှေ့
ဈေးနှုန်းချိုသာစွာဖြင့်
မြို့တွင်း/နယ်ဝေး
အကောင်းဆုံး
ဝန်ဆောင်မှုပေးသည်
09 261111549
09 257962225

Queenswood
Beauty Spa
ဆံပင်ညှပ်(ကျား/မ)သင်တန်း
ကောက်၊ ညှပ်၊ ဖြောင့်၊ Colour ဆိုး
Digital ကောက်
...
Ph: 09 5177025

မူးလျှင်ရူ-မောလျှင်သောက်
ရွှေမန်းမြင်း အမှတ်တံဆိပ်
ပန်းပေါင်းစုံ သွေးဆေး
TMR000849(0516)
ရွှေမန်းတောင် အမှတ်တံဆိပ်
သွေးတိုးကျဆေးပြား
TMR012467(1116)
ဖြန့်ချိရေး - အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၀၄။

PUN HLAING SILOAM HOSPITALS
မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု
"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"
LIKE US ON facebook Pun Hlaing Siloam Hospitals



အရိုးရောဂါဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးတို့ကို
- မှန်ပြောင်းအသုံးပြု၍ ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသခြင်း
- Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း
- အခြားအရိုးရောဂါများကိုကုသခြင်း

ဖေဖော်ဝါရီလ (၂၃) ရက်နေ့မှ (၂၇) ရက်နေ့အထိ

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄ ၃၂၃၊ ၆၈၄ ၃၂၅၊ ၆၈၄ ၃၃၆၊ (၀၉) ၄၂၀၄၂၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၀၁၇ / မန္တလေး (၀၉) ၄၃၂၀ ၇၇၈၀
www.punhlaingsiloamhospitals.com

ဗိုက်ဆာလို့ဝင်စားရင်းသင့်ကားအောက်ပိုင်းကို အခမဲ့ စစ်ဆေးလိုက်ပါ.....သင့်ကားအောက်ပိုင်းကြံ့ခိုင်မှသင့်လိုရာခရီးကစိတ်ချရမှာပါ။

သုံးပန်လှ Food Villa
ကာဖီး နှင့် အဆာပြေ
မိသားစုရဲ့ ပုံမှန် ရရှိနေကျ အစားအစာများအပြင်
တရုတ်/ထိုင်း/တရုတ် အစားအစာများ၊ အကြော်အလှော်များ၊ မိသားစု ထမင်းဝိုင်းများ၊
Group Dinner တို့ကို Aircon ခန်းမ၊ အီးသန့်ခန်းများ၊ (လုံလောက်သောကားပါကင်) ဖြင့်
ဆိုင်ဖွင့်ချိန်မှ ဆိုင်ပိတ်ချိန်အထိ သက်သောင့်သက်သာ စားသုံးနိုင်ရန် စီစဉ်ပေးထားပါသည်။

မန်းအိုး 3D အလိုင်းမင်း
ကားအောက်ပိုင်း သီးသန့် ပြုပြင်ရေးလုပ်ငန်း (ဘဝမြင့်)
အီတလီနိုင်ငံ လုပ်စက်သစ်ကြီးများဖြင့် တာယာစား၊ ဘီးခါ၊
ဘယ်ညာဆွဲ၊ အောက်ပိုင်းအသံမြည်ခြင်းများအတွက် ကျွမ်းကျင်သော
ပညာရှင်များမှ ပြုပြင်ပေးနေပါပြီ။

အမှတ် – (၂၉/၃၃)၊လေးထောင့်ကန်လမ်းမကြီး၊ကျိုက်ဒေးယုံဘုရားလမ်းထောင့်၊ မေဒအိမ်ရာအနီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ – ၇၇၃ ၇၇၃ ၂၃၄ ၊ ၀၉ – ၇၇၃ ၇၇၃ ၀၁၂




အေးမြမှုသည် အရေးပါသလို သက်သောင့်သက်သာရှိမှုသည်လည်း အရေးပါလှပါသည်...
ပူပြင်းတဲ့နေ့တစ်နေ့အတွက် အိမ်ပြန်ရောက်ချိန် iAUTO-X နည်းပညာနှင့်ရေပန်းကဲ့သို့ အအေးဖြန့်ကျက်မှုကြောင့်ချက်ခြင်း အေးမြခြင်းကိုဖြစ်စေသဖြင့်စိတ်ချမ်းမြေ့ပျော်ရွှင်မှုကို ရရှိမှာဖြစ်ပါသည်။ အအေးနှုန်းပြောင်းလဲမှုမရှိဘဲ မြန်ဆန်အေးမြမှုကို ဖြစ်စေသောကြောင့်သက်သောင့်သက်သာရှိမှုကိုခံစားနိုင်ပါသည်။

အမြို့မြို့အနယ်နယ်ရှိအရောင်းကိုယ်စားလှယ်ဆိုင်များနှင့် စူပါမားကတ်များတွင် ပန်နာဆိုးနစ်၏ တရားဝင်အာမခံ ကဒ်ပြား ၁ နှစ် (ပစ္စည်း နှင့် လက်ခ အခမဲ့)ဖြင့်ဝယ်ယူရရှိနိုင်ပါသည်။

ရရှိနိုင်သောမော်ဒယ်လ်များ

| PREMIUM INVERTER | STANDARD INVERTER | DELUXE NON-INVERTER | STANDARD NON-INVERTER |
|---|---|---|---|
| CS-S10RKH (1.0 hp) | CS-PS9QKH (1.0 hp) | CS-C9RKH (1.0 hp) | CS-PC9QKH (1.0 hp) |
| CS-S13RKH (1.5 hp) | CS-PS12QKH (1.5 hp) | CS-C12RKH (1.5 hp) | CS-PC12QKH (1.5 hp) |
| CS-S18RKH (2.0 hp) | CS-PS18NKH (2.0 hp) | | CS-PC18QKH (2.0 hp) |

Panasonic Showroom Hot Line - Ygn (01) 8 604 657, (01) 205 032, (01) 252 464, (09) 45 504 551
- Mdy (02) 60 488, (02) 65 182, (09) 45 504 552 - Npt (067) 26 335, (09) 45 504 553


iAUTO-X INTELLIGENT . DYNAMIC . COOL.
ECONAVI 65% INVERTER COOL. ECO. TOGETHER.
nanoe-G

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

Khine ကိုရီးယား ဘာသာသင်တန်းကျောင်း
(ကျောင်းခွဲမရှိပါ)
ကိုရီးယားနိုင်ငံတွင် လစာသိန်း (၂၀)ဝန်းကျင်ဖြင့်အလုပ်လုပ်ရန်
- လုပ်ငန်းအတွေ့အကြုံ ပညာအရည်အချင်းမလိုပါ။
- E.P.S (TOPIK) စာမေးပွဲအောင်မြင်ရန်သာလိုပါသည်။
- စာမေးပွဲ Form တင်ခြင်း၊ ပတ်စပို့စ်လျှောက်ခြင်း၊ ဆေးစစ်ခြင်းအားလုံး ကျောင်းမှ စီစဉ်ပေးပါမည်။
- တစ်ကြိမ်တည်းဖြေဆိုအောင်မြင်ရန် အထူးတန်းခွဲများဖြင့် ထိရောက်စွာသင်ကြားပေးပါသည်။
- နယ်ကျောင်းသားများအဆောင်နေ/စား စီစဉ်ပေးမည်။
အမှတ် - (၁၁၁)၊၁၅လမ်း(အလယ်)၊၃-ထပ်၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
Ph : 09-73026940, 09-250641687 သင်တန်းဖွင့်မည့်ရက် - ၂၆-၂-၂၀၁၇
09-5162790

ဟန်းဂုု (HANGUK) ကိုရီးယားဘာသာစကားသင်တန်း
အထူးသင်တန်းကြေး (၁) သိန်းကျပ် (အမြဲတမ်း)EPS
စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ပြီးလစာ
(၁၅) သိန်းနှင့်အထက် ရရှိနိုင်မည့် အခွင့်အလမ်း
www.facebook.com/HANGUK Korean Languages Center
09-784899914,09-784899915

ပထမဦးဆုံး ဦးထွန်းဦး-ဒေါ်ဝင်းမာ
T.V (ရန်ကုန်)
ကားမောင်း–စက်ပြင်သင်တန်း
ဗညားဒလလမ်း၊ သိမ်ဖြူတင်းနစ်ကွင်းဘေး၊ မဆလာ စက်မှုတိုင်၊ ကားကတ်ဆက်တန်း
သိမ်ဖြူ- 09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
ဒဂုံ- 09-260111942, 09420066955
09-440051112, 09-44051113



H2O Decoration Group
ဝမ်းပြည့်ချက်စတီးထမင်းပေါင်းအိုး
- သံချေးမတက်သော စတီးပြားများ အသုံးပြုထားပါသည်။
- ထင်း၊ မီးသွေး၊ ဂက်(စ်)များဖြင့် အသုံးပြုနိုင်ပါသည်။
- ဘုန်းကြီးကျောင်း၊ တရားရိပ်သာ၊ ဆွမ်းလောင်း မဏ္ဍပ်များအား အထူးဈေးနှုန်းပေးပါမည်။
အရောင်းပြခန်း – အမှတ်(၁၈၇၃)၊ဘုရားလမ်း၊၇/အနောက်ရပ်ကွက်၊ ဝိနယာန်အောင်ဘုရားရှေ့၊သာကေတမြို့နယ်။
စက်ရုံ – အမှတ်(၄၆၁)၊ ပန်းလှိုင်လမ်းနှင့်သံလွင်လမ်းထောင့်၊တောင်ဒဂုံစက်မှုဇုန်(၂)။
09-5106917, 09-421090085

Super Cool
Air Con ရေခဲသေတ္တာ၊ အဝတ်လျှော်စက် တပ်ဆင်၊
ပြုပြင်၊ရောင်းဝယ်၊ လဲလှယ်ခြင်းလုပ်ငန်း (အိမ်အရောက်ဆိုင်ခွဲသို့)

| | | |
|---|---|---|
| (၁) | မ/ဒဂုံမြို့နယ် | –09-5418836, 09-49594626 |
| (၂) | ရန်ကင်းမြို့နယ် | –09-73187375, 09-400407575 |
| (၃) | သာကေတမြို့နယ် | –09-420305462, 09-254179565 |
| (၄) | ကြည့်မြင်တိုင်မြို့နယ် | –09-256155553, 09-33338211 |
| (၅) | မ/ဥက္ကလာမြို့နယ် | –09-450013581, 09-49316140 |
| (၆) | မန္တလေး | –09-49252181, 09444042912 |
| (၇) | လှိုင်မြို့နယ်၊ အင်းစိန်လမ်းမ | – 09-256223396, 09-47054581 |

Hot Line : 01-706356
မှတ်ချက် – Air Con Brand New အမျိုးမျိုးကို ကုမ္ပဏီမှုရင်းဈေးအတိုင်း အာမခံဖြင့် ရောင်းချပေးနေပါသည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၄၊ တသဆလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0317) / (ဆေးမှုန့်)TMR 000394(0317)
RE GD.
ကျွမ်းရှက်ပုံ ဆေးကောင်း
တွမ်းရှက်ပုံတိုင်းရင်းဆေးအား ဈေးသည် မြို့ရွာများသို့ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ ပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

RE GD
နူးနာ၊ ဝါးနာ၊ ကျိုးပေါင်းရောဂါ၊ ထုံကျင်ကိုက်ခဲအကြောဝေဒနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း
မူးမော၊ ရင်တုန်၊ ဇက်ကြောတက်လျှင် ရှူ
ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်
အမြို့မြို့ ဆေးဆိုင်းမှာ ရရှိနိုင်ပါသည်။
ဂမုန်းရှင်

KMD Institute (Since 1986)

NCC education

# First Year Diploma in Computing (UK)

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက်

- University of Washington, USA တွင် နှစ်ပေါင်း (၂၈) ကျော် သင်ကြားရေး အတွေ့အကြုံရှိသော Professor Dr. Rich C Hoo မှ နိုင်ငံတကာနည်းစနစ်များအတိုင်း သင်ကြားပေးပါမည်။
- ပထမနှစ် တက်ရောက်နေစဉ်အတွင်း Microsoft Professional Certificate ရယူနိုင်ရန် လေ့ကျင့်သင်ကြားပေးပါမည်။
- သင်တန်းပြီးဆုံးပါက အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိရန် On Job Training စီစဉ်ပေးပါမည်။
- CB BANK ဖြင့် သင်တန်းကြေး အရစ်ကျပေးသွင်းနိုင်ရန် စီစဉ်ပေးထားပါသည်။



Opening Date
27 February 2017
1:00PM - 5:00 PM
(Mon to Fri)



Route to International Degree
UNIVERSITY of GREENWICH
B.Sc(Hons)BIT (Final Year)
7 Modules / Duration: 12 months
NCC
Second Year Computing Diploma
8 Modules / Duration: 12 months
NCC
First Year Computing Diploma
8 Modules / Duration: 12 months
ISO

Call Now
09770867903

KMD (Myaynigone) : 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
01- 381776, 381035, 502233, 527436, 220555, 700895
www.facebook.com/KMDNCC

နယ်မှလာရောက်မည့် ကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးထားပါသည်။

SINCE 1909
YANGON GOLF CLUB

# YANGON GOLF CLUB

## Programme

## Annual At Home 2017

12 : 00 (Noon)............... Long Drive
One stick Tournament
Approach & Putt
Putting
Skittles
7 Holes Stableford (Hole No.1,2,3,4,5,8,9)
16 : 30 hr ............... Captain's Drive - in
E.C Members' Drive - in
17 : 00 hr ............... Prize Distribution
17: 30 hr ............... Entertainment
18 : 30 hr ............... Various kinds of foodstalls

The Captain
and
the members of the Council
request the pleasure of your company
at

Annual At Home 2017

of
Yangon Golf Club
to be held on
26 th, February, 2017, Sunday
please bring your family also
မိသားစုနှင့်အတူကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

Contact No. 09732 54835, 09 732 30678

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးသစ်နှင့် နည်းပညာဆိုင်ရာ စာကြည့်တိုက်ဖွင့်ပွဲကျင်းပ



မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးအတွင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

**ရန်ကုန်  ဖေဖော်ဝါရီ  ၁၈**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးသစ်ဖွင့်ပွဲနှင့် နည်းပညာဆိုင်ရာ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ သံတမန်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကများ၊ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များနှင့် အကြီးတန်းအင်ဂျင်နီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးသစ်ဖွင့်ပွဲကို ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ဒေါက်တာဝင်းမြင့်၊ ဥက္ကဋ္ဌ ဒေါက်တာချာလီသန်း၊ ပင်မအလှူရှင် ဦးရန်ဟော်၊ ဦးကိုကိုထွေးနှင့် ဦးနေအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဦးအုန်းမောင်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းတို့က ဖွင့်ပွဲအထိမ်းအမှတ်ခရေပင်များ စိုက်ပျိုးပေးကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❒

# Water Taxi ယခုနှစ် နှစ်လယ်ပိုင်းတွင် စတင်နိုင်ရန် လျာထား

ရန်ကုန်  ဖေဖော်ဝါရီ  ၁၈

**ရန်ကုန်မြို့ရှိ မြစ်ချောင်းများအတွင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်မည့် Water Taxi အတွက် အဆိုပြုထားသော ကုမ္ပဏီအပြီးသတ်တင်ဒါရွေးချယ်ခဲ့ပြီးဖြစ်၍ ယခုနှစ် နှစ်လယ်ပိုင်းခန့်တွင် စတင်ပြေးဆွဲနိုင်ရန် လျာထားကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။**

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪

# ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်းတွင်အနိုင်ရ



**ရှမ်းယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။**

**ရန်ကုန်  ဖေဖော်ဝါရီ  ၁၈**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၆ ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

**(တောင်ကြီးကွင်း)**

**ရှမ်းယူနိုက်တက် - တစ်ဂိုး**

**ဧရာဝတီ - ဂိုးမရှိ**

နာမည်ကြီး ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်းတွင် နိုင်ပွဲပြန်ရှာတွေ့ခဲ့ပြီး အမှတ်ပေးဇယား ဒုတိယနေရာအထိ တက်လှမ်းလာနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် တိုက်စစ်မှူး ခရစ္စတိုဖာ၏ ဂိုးဖြင့် အနိုင်ရခဲ့ပြီး အသင်းဟောင်း ဧရာဝတီကို ရှုံးပွဲတွေ့စေခဲ့သည့် ဂိုးလည်းဖြစ်ခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❖

## ဆန်းဒေးကာတွန်း



စာမျက်နှာ - ၁၆၊ ၁၇



ကြေးမုံ

ဖေဖော်ဝါရီ ၁၉၊ ၂၀၁၇ (တနင်္ဂနွေနေ့)

# ရှေ့ဆောင်လမ်းပြ



**မောင်ဝေ(ပဲနွယ်ကုန်း)**

လေကြောင်းအင်ဂျင်နီယာ(တတိယနှစ်)
မြန်မာလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်

"အခုခေတ်ကလေးငယ်တွေက အတော်ဆိုးတယ်ကွာ။ လူလေးတွေကသာ ငယ်ငယ်ရွယ်ရွယ်လေးတွေရှိသေးတာ။ လက်ကြားထဲမှာဆိုရင်လည်း ဆေးလိပ်တွေကို ညှပ်ထားသေးတယ်"

ဦးသာဒင်သည် ဆေးလိပ်ကို တစ်ရှိုက်ဖွာလိုက်သည်။ ဦးမောင်ပုသည် ခေါင်းတညိတ်ညိတ်။ သူတို့ရှေ့တွင် စားပွဲတစ်လုံး။ ထိုအပေါ်တွင် အရက်ပုလင်းနှင့် ဖန်ခွက်နှစ်ခွက်။ အမြည်းအဖြစ် ပဲကြီးလှော်။

"အရက်ဆိုရင်လည်း သောက်လိုက်တာဗျာ။ လူသာငယ်တယ်။ သောက်လိုက်တဲ့အရက် အသည်းနုနုလေးတွေတော့ မကြာခင်ပျက်စီးကုန်တော့မှာပဲ။ ကျုပ်ကတော့ဗျာ ကျုပ်သာ ပေချင်ပေမယ်။ တေချင်တေမယ်။ ဒါပေမယ့် ကျုပ်သားကတော့ ကျုပ်လိုလုပ်လို့မရဘူး။ ကျုပ်လို မဖြစ်စေရဘူး။ ကျုပ်သားဘဝ တိုးတက်စေရမယ်ဗျာ။ ပညာတတ်ကြီးဖြစ်ရမယ်။ သူဌေးကြီးဖြစ်ရမယ်"

ဦးသာဒင်သည် ဆေးလိပ်ကို တစ်ရှိုက်ဖွာလိုက်သည်။ ပုလင်းထဲမှအရည်များကို ဖန်ခွက်ထဲသို့ လောင်းထည့်လိုက်သည်။ ထိုဖန်ခွက်ကို လက်ဖြင့်ကိုင်၍ မော့သောက်လိုက်သည်။ ထို့နောက် လေတက်လိုက်သည်။ ဦးသာဒင်သား မောင်ဆိုးပေသည် အဖေလုပ်သည်ကို မျက်တောင်မခတ်ဘဲ ကြည့်နေသည်။ သားဖြစ်သူအတွက် အဖေလုပ်သည့် အရာများသည် အတုခိုးတတ်သည်ကို ဦးသာဒင်သိပါလေစ။

"ကျုပ်သားပေါ့ဗျ ခင်ဗျားသိလား။ ဒီကောင်က တကယ်ထွန်းပေါက်မယ့်ကောင်ကွ။ စကားကလည်း တတ်သလားမမေးနဲ့။ အတုအခိုးကလည်း မြန်တယ်။ ဒီကောင်က ကျောင်းတောင်မနေရသေးဘူး။ လာမယ့်နှစ်ဆိုရင်တော့ ကျောင်းထားလို့ရပြီ။ သူ့အစ်မ ဝလုံးရေးရင် သူကလည်း ဝလုံးလိုက်ရေးတာ။ ဝိုင်းချက်ဗျာ သူ့အစ်မလက်ရေးတောင် သူ့လောက်မဝိုင်းဘူး။ အဲဒီလောက်အထိ အတုအခိုးမြန်တယ်"

ဦးသာဒင်သည် ပုလင်းထဲမှ အရည်များကို ဖန်ခွက်ထဲသို့ လောင်းထည့်လိုက်ပြန်သည်။ ထို့နောက် ဖန်ခွက်ကို မြှောက်လိုက်သည်။ ပါးစပ်နားကို တေ့လိုက်သည်။ နှာခေါင်းဖြင့်နမ်းကြည့်ပြီး တစ်ချက်တည်းဖြင့် မော့ချလိုက်လေသည်။ ဤအချက်ကိုလည်း မောင်ဆိုးပေသည် သေချာမှတ်ထားလိုက်ပြန်သည်။

"ရွာထဲမှာရှိတဲ့လူတွေ တစ်ယောက်မှမကောင်းဘူး။ ကျုပ်ကလွဲရင် အကုန်လုံး သူခိုးကြမ်းပိုးတွေပဲ။ ကျုပ်က အရက်၊ ဆေးလိပ်သောက်တတ်ရုံ၊ လောင်းကစားလုပ်တတ်ရုံလေးပဲ။ အဲဒါကလွဲရင် ကျန်တာ အကုန်ကောင်းတယ်။ ရော့လေဗျာ ခင်ဗျားအလှည့်"ဟုဆိုကာ အရက်ခွက်ကို ဦးမောင်ပုရှေ့ ချပေးသည်။ ဦးမောင်ပုသည် တုံ့ဆိုင်း၍မနေဘဲ တစ်ချက်တည်း မော့လိုက်သည်။ ဦးမောင်ပုသည် အရက်ဝင်သွားသောကြောင့် ဇာတိပြလာ၏။ နှုတ်ဆိတ်နေရာမှ စကားသွက်လာ၏။

"ဟုတ်တယ် ဟုတ်တယ်။ ဦးသာဒင်ကောင်းတယ်ဆိုတာ ကျွန်တော် အကုန်သိတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်နဲ့ ပေါင်းလို့ပဲ။ ကျွန်တော်နဲ့ပေါင်းရင် အကုန်လူကောင်းပဲ"ဟူ၍ အာလေးလျှာလေးဖြင့် ထောက်ခံ၏။

ထိုစကားကို တဲထဲသို့ဝင်လာသော ဒေါ်ဘုတ်ဆုံ ကြား၏။ ထိုစကားကို ဒေါ်ဘုတ်ဆုံ ကြားသော် ဦးမောင်ပုကို မျက်စောင်းထိုး၏။

"အောင်မလေးတော် သူကိုယ်သူများ သူတော်ကောင်းများ မှတ်နေလားမသိဘူး။ သူနဲ့ပေါင်းတဲ့သူတွေများ ဘယ်မှာလာကောင်းမှာတုန်း။ သူကိုယ်တိုင်က မကောင်းမှုအပေါင်းတွေစုဆုံတဲ့ နေရာလားမှတ်ရတာ။ မကောင်းတာဆိုရင် လုပ်ချင်နေတာ လက်တွေယားနေတဲ့ သူက ဟွန်းပြောကိုမပြောချင်ဘူး"ဟူ၍ ပွစိပွစိရေရွတ်နေ၏။

"မပြောချင်ဘူး"ဆိုသည်မှာ ပြောချင်တာတွေ အများကြီးဟု ဆိုလိုသည်ထင်၏။ ဦးမောင်ပုသည် သူ့မိန်းမစောင်းပြောနေသည်ကို မကြားချင်ယောင်ဆောင်နေသည်ထင်၏။ ဒေါ်ဘုတ်ဆုံဘက်သို့ လှည့်ကြည့်သည်။ သို့သော် မည်သို့မျှ မပြောသေးပေ။ မျက်လုံးတစ်ဖက် မှိတ်ပြသည်။ ထိုမျက်လုံးတစ်ဖက် မှိတ်ပြခြင်းသည် "ငါ့ကို ဧည့်သည်ရှေ့မှာ အရှက်မခွဲနဲ့"ဟူသော အဓိပ္ပာယ်ဖြစ်ပေမည်။

"ဘာမျက်လုံးမှိတ်ပြနေတာလဲ ကိုမောင်ပု။ ရှင့်အကြောင်းကို အမှန်တိုင်းပြောနေတာ မဟုတ်တန်းတရားတွေ မပါဘူး။ ရှင့်ကိုယ်ရှင်လည်း ပြန်ကြည့်ဦး။ မိုးလင်းလာတာနဲ့ အရက်လေးတမြမြ။ ပြီးရင် လာတဲ့သူတွေနဲ့လေပေါ၊ အရက်သောက်။ မူးရင် ပါးစပ်ပိတ်မနေဘူး။ ကိုယ့်ဂုဏ်ကိုယ်ဖော်နေတာ အလုပ်လည်းမလုပ်ဘဲ ကျုပ်ထဘီနားခိုစားနေတဲ့သူက ဖင်ခေါင်းကျယ်မနေနဲ့"

ဦးမောင်ပုသည် ဦးသာဒင်ရှေ့တွင် မျက်နှာပျက်နေ၏။ ဒေါ်ဘုတ်ဆုံသည် ဤအကြောင်းကို ယခုမှပြောခြင်းမဟုတ်။ လင်မယားစကားများတိုင်း ဒေါ်ဘုတ်ဆုံ အနိုင်နှင့်ပိုင်းသောစကား။ ထိုစကားကို ပြောလိုက်ပါက ဦးမောင်ပုမှာ မည်သို့မျှမပြောနိုင်။ ပြောစရာစကား မရှိတော့ပေ။ သို့သော် လင်မယားနှစ်ယောက်ကြားတွင် ဖြစ်သောကြောင့် ဦးမောင်ပုအတွက် ကိစ္စမရှိသေး။ အနည်းဆုံးသားသမီးတွေသာ ကြားသောကြောင့်ဖြစ်သည်။ သူကိုယ်တိုင်က အပျင်းထူ၍ ပေါ့ပေါ့နေ ပေါ့ပေါ့စားဖြစ်သောကြောင့် နာတတ်မည်မဟုတ်။ သားသမီးတွေ အထင်သေးသည့် အကြည့်နှင့်ကြည့်သော် မျက်နှာလွှဲနေတတ်သည်။ မိန်းမလုပ်စာ ထိုင်စားသော ယောကျ်ားများသည် ထိုကဲ့သို့ အနှိမ်ခံရမည်ကို ဦးမောင်ပုသည်လည်း သိပေမည်။ သို့သော် အပြောအဆိုခံရခြင်းသည် အလုပ်လုပ်ရသည်ထက် ပိုသက်သာသည်ဟုထင်သောကြောင့် ထိုင်စားနေခြင်းလည်း ဖြစ်နိုင်သည်။

ဦးမောင်ပုသည် မည်သို့မျှပြန်လည်ချေပခြင်းမပြုသေး။ သို့သော် ဦးသာဒင်ရှေ့တွင် အသားယူစရာစကားမရှိသည့်အပြင် အပုပ်ချခံလိုက်ရသောကြောင့် မျက်နှာသည် ဆီးရွက်လောက်သာရှိတော့သည်ထင်၏။ အထက်ပါအကြောင်းအရာများအားလုံးကို မောင်ဆိုးပေသည် ရုပ်ရှင်ကြည့်သကဲ့သို့ သေချာစွာကြည့်နေသည်။

"အားကိုးရမလားလို့ ယောကျ်ားယူပါတယ်။ တကယ်တမ်းတော့ သူ့လုပ်စာ ထိုင်မစားရတဲ့အပြင် ကိုယ်ကတောင် လုပ်ကျွေးနေရတယ်။ အိမ်ထောင်မကျသေးခင်ကတော့ အလုပ်တွေ အားကြိုးမာန်တက်လုပ်နေတယ်ဆိုပြီး ကျုပ်မှာ အထင်ကြီးလိုက်ရတာ။ ဘယ်ဟုတ်မလဲ။ ဒင်းက ကျုပ်ရှေ့မှာဆိုတော့ ဟန်ဆောင်ပန်ဆောင်လုပ်နေတာ။ ကျုပ်ကသာ မသိတယ်။ တစ်ရွာလုံးသိတယ်။ တချို့လူတွေက ဒင်းအကြောင်းကိုလာပြောသားပဲ။ ကျုပ်တို့က ဒင်းကို မျက်စိမှိတ်ယုံခဲ့တာ။ မိဘတွေတားတဲ့ကြားက ရှင့်နောက်ကို ခိုးရာလိုက်ခဲ့တာ။ ခုတော့ သေနာစကားကို ယုံမိလို့ ဒုက္ခရောက်ရတာ။ အမေ့စကားကို နားထောင်ရင် ခုလိုဒုက္ခရောက်မှာမဟုတ်ဘူး"

ဦးမောင်ပုသည် အရက်ခွက်ကို စားပွဲပေါ်သို့ ဆောင့်ချလိုက်သည်။

"ဘာလဲ ဘုတ်ဆုံ။ နင်က နင့်အမေပေးစားတဲ့ ဂျပုချက်ကြီးကို တမ်းတနေတာလား။ အဲဒီကောင် ပုတိုနဲ့မရခဲ့လို့ နောင်တရနေတာပေါ့။ ဟုတ်လား"

"ဟုတ်တယ်ရှင် နောင်တရတယ်။ ရှင့်နောက် ခိုးရာမလိုက်ဘဲ မိဘစီစဉ်တဲ့အတိုင်း ခေါင်းညိတ်လိုက်ရင် ခုလိုမျိုး ရုန်းကန်ရမှာမဟုတ်တော့ဘူး။ ကျုပ်မှာတော့ မိုးတွင်းဆို ကောက်စိုက်ရတယ်။ စပါးရိတ်ရတယ်။ နွေဆို ပဲရိတ်ရတယ်။ ဒီဆိုင်လေးတောင် ချေးငှားပြီးထောင်ထားရတာ။ ရှင်က ဘာအလုပ်မှမလုပ်တဲ့အပြင် အရက်လေးတမြမြနဲ့။ ပေါ့ပေါ့နေ ပေါ့ပေါ့စားပဲ။ ရှင့်ကိုယူမိတဲ့ ကျုပ်ကိုယ်ကျုပ် အပြစ်တင်လို့မဆုံးနိုင်ဘူး။ ဒီဘဝတော့ ဝဋ်ရှိသရွေ့ ခံရဦးမှာပဲ။ ရှင်မြန်မြန်သေပါစေ ဆုတောင်းတယ်။ ရှင်သေမှပဲ နောက်ထပ် အားကိုးအားထားရှာလို့ရမှာ"

ထိုစကားသည် ဦးမောင်ပုကို အတော်စိတ်တိုသွားစေ၏။ ဦးသာဒင်သည် လင်မယားနှစ်ယောက်ကြားတွင် မည်သို့မျှမပြောသေး။ အရက်ပုလင်းထဲမှ အရက်များကိုသာ တစ်ခွက်ပြီးတစ်ခွက်သောက်နေ၏။ ခေါင်းသည်လည်း ယိုင်ထိုးနေ၏။ မောင်ဆိုးပေသည် ပျင်းလာသည်ထင်၏။ မြေကြီးပေါ်တွင် ထိုင်ချလိုက်သည်။ လူကြီးတွေစကားပြောနေသည်ကိုလည်း မျက်တောင်မခတ်ဘဲကြည့်နေပြန်သည်။

"ဘာလဲ။ နင်က ငါ့ကိုသေစေချင်တယ်ပေါ့။ နင် ဟိုကောင်နဲ့ ပြန်ပေါင်းထုပ်ချင်တယ်ပေါ့ဟုတ်လား။ ငါ တစ်ယောက်လုံးရှိသေးတာတောင် ဟိုအကောင်ကို တမ်းတနေသေးတယ်။ တောက်. . ."

"ဘာတောက်ခေါက်တာလဲ။ ရှင်က အရင်တုန်းက အမြီးတောင် မကုပ်ရဲတဲ့သူက အခုတော့ ကိုသာဒင် အားကိုးနဲ့ စွာနေတယ်ပေါ့လေ"

"ခွေးမ နင်တော့သေတော့မယ်။ လူကြားထဲမှာ ငါ့ကို အရှက်ခွဲတယ်ပေါ့လေ။ ကိုသာဒင်ပြန်သွားမှ နင်နဲ့ငါနဲ့ တွေ့ဦးမယ်"

"အခုတွေ့လည်း ရပါတယ်။ ကိုသာဒင်ပြန်သွားမှ လုပ်မနေပါနဲ့။ အလကား အားကိုးရှိလို့မာန်ထောင်နေတာ"

"ဟာ. . . ဒီမိန်းမ ပြောလေဆိုးလေပဲ။ နင့်ပါးစပ်ပိတ်မှာလား။ ငါလာပိတ်ပေးရမလား"ဟုဆိုကာ လက်ထဲက ဖန်ခွက်ကို ဆောင့်ချလိုက်သည်။ ဦးမောင်ပုသည် စိတ်အတော်တိုနေ၏။ အလွန်ရှက်၏။ မျက်နှာပူ၏။ သူသည်လည်း ရှက်တတ်ပေလိမ့်မည်။ မိန်းမလုပ်စာ ထိုင်စားသော သူသည်လည်း ဦးခေါင်းမမော့ရစေဦးတော့ ဦးခေါင်းငုံ့ချင်မည်မဟုတ်။ သူ့ဧည့်သည့်ရှေ့တွင် အရှက်ခွဲသော ဒေါ်ဘုတ်ဆုံကို ထရိုက်ချင်နေ၏။

သူသည် ရှက်သောစိတ်ကြောင့် ဒေါသဖြစ်ကာ ထရိုက်နေချင်သည်ကို ဒေါ်ဘုတ်ဆုံမသိသောကြောင့် သို့မဟုတ် သိလျက်နှင့် ပြောခြင်းလည်း ဖြစ်နိုင်ပေသည်။

"အောင်မလေးတော် သူခိုင်းတိုင်းလုပ်ရအောင် သူ့လုပ်စာ ထိုင်စားနေတာမှ မဟုတ်တာ။ ပိတ်ချင်းပိတ် သူပဲပိတ်ရမှာ ဒင်းကမှ ကျုပ်လုပ်စာထိုင်စားနေတာ"

ဦးမောင်ပုသည် ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် ပုဆိုးကို ပြင်ဝတ်သည်။ ဒေါ်ဘုတ်ဆုံကို ဒေါသပြည့်နေသော မျက်နှာဖြင့်ကြည့်သည်။ သူသည် သူ့ဆီသို့သွားရန် ခြေတစ်လှမ်းလှမ်းသည်။ သို့သော် မရွေ့။ လက်မောင်းကို ကိုင်ထားခြင်းခံရသည်။ သူနောက်သို့လှည့်ကြည့်သော် ဦးသာဒင်ကို တွေ့သည်။ ဦးသာဒင်သည် သူ့လက်မောင်းကို ကိုင်ထားသော်လည်း ခေါင်းသည် ရှေ့သို့စိုက်နေ၏။ အတော် ရေချိန်ကိုက်နေသည်။ ဦးမောင်ပုလက်မောင်းကို ကိုင်ဆွဲထားရင်း အရက်သမားတို့ထုံးစံအတိုင်း အာလေးလျှာလေးဖြင့် ဆိုသည်။

"ထိုင်စမ်းပါ မောင်ပုရာ။ မိန်းမတွေ ပွစိပွစိပြောတာကို စိတ်တိုမနေစမ်းပါနဲ့ကွာ။ ရော့ ဖန်ခွက် မင်းအလှည့်ပဲ။ သောက်ကွာ"

ဦးမောင်ပုသည် တန်းလျားပေါ်သို့ ထိုင်ချလိုက်သည်။ ဒေါ်ဘုတ်ဆုံသည်လည်း ပွစိပွစိပြောတုန်း။ သို့သော် ထိုနှစ်ယောက်သည် သေသောက်ကြူးနေသောကြောင့် သူဆူပူတာကို မကြားတော့။ လူ့လောကမှ ခဏကင်းလွတ်သွားလေပြီ။

မောင်ဆိုးပေသည် တစ်ယောက်တည်းဖြစ်သောကြောင့် ပျင်းလာ၏။ သူနှင့်ကစားရန် ကစားဖော်ကို တောင့်တနေပေမည်။ သူ့ဆန္ဒပြည့်သွားပေသည်။ ဒေါ်ဘုတ်ဆုံ၏ သားနှစ်ယောက်ဖြစ်သော တာတေနှင့် ချက်စူသည်လည်း ကျောင်းမှရောက်ချလာသည်။

ထိုမျောက်လောင်းနှစ်ကောင်သည် လွယ်အိတ်တွေကို ခေါင်းရင်းသို့ပစ်တင်ကာ တဲရှေ့က တာလမ်းပေါ်သို့ ရောက်သွားသည်။ ထိုနှစ်ကောင်ကိုမြင်သော် သူတို့အဖေ ဦးမောင်ပုသည် အတော်ရေချိန်ကိုက်နေသောအသံဖြင့် ဆုံးမလေသည်။

"ခွေးမသားနှစ်ကောင် ရောက်ရောက်ချင်း ဆော့ဖို့ပဲ အာရုံရှိတယ်။ သွားရေသွားချိုး။ ပြီးရင် စာကျက်။ မင်းတို့ကောင်တွေ ပညာရေးထွန်းပေါက်မှ ငါတို့လိုဘဝမျိုး မရောက်မှာ။ ဟေ့ကောင်နှစ်ကောင် ကြားလား"

ထိုစကားသည် ထိုနှစ်ကောင်အတွက် မည်သို့မျှ မထူးခြား။ ငြင်းဆန်ခြင်းလည်းမပြု။ လက်ခံခြင်းလည်း မပြု။

"ရပါလိမ့်မယ်။ အဖေကိုယ်တိုင်က မူးရူးနေပြီးတော့ သားသမီးတွေကိုများ ဆုံးမချင်နေသေးတယ်"ဟူ၍ ဒေါ်ဘုတ်ဆုံက ထေ့လိုက်၏။ မောင်ဆိုးပေသည် ကစားဖော်ရ၍ ထိုင်ရာမှထကာ လမ်းမကြီးပေါ်သို့ ရောက်သွားလေသည်။ ဦးမောင်ပုသည် သားနှစ်ယောက်ကို ဆုံးမခြင်းကို လက်လျှော့လိုက်ပြီး ထိုအရည်များကိုသာ သောက်နေလေသည်။

ဦးမောင်ပုနှင့် ဦးသာဒင်သည် လေပေးဖြောင့်နေ၏။ ထိုအချိန်တွင် ဒေါ်ဘုတ်ဆုံထံမှ "ဟဲ့ဟဲ့ မလုပ်ကြနဲ့လေ" ဟူသော အသံသည်လည်းကောင်း၊ တာလမ်းမကြီးပေါ်တွင် ကစားနေကြသောကလေးများထံမှ အသံများသည်လည်းကောင်း ကျယ်လောင်စွာပေါ်ထွက်လာသည်။

သို့သော် အရက်သမားနှစ်ယောက်သည် လေပေးဖြောင့်တုန်း။ ဒေါ်ဘုတ်ဆုံသည် ဝါးကွပ်ပျစ်ပေါ်မှ အောက်သို့ ဆင်းလိုက်သည်။ လေပေးဖြောင့်နေသော ထိုနှစ်ယောက်ကို ဒေါ်ဘုတ်ဆုံမြင်သော် စိတ်တိုသွားပေမည်။

"ရှင်တို့နှစ်ကောင်က လေပေါကောင်းတုန်း ဟိုမှာကလေးတွေ သတ်ပုတ်နေကြတယ်။ လာ ထတော့။ ကလေးတွေကို သွားခွဲဦး"ဟုဆိုကာ ဒေါ်ဘုတ်ဆုံသည် ပြေးထွက်သွား၏။ ဦးသာဒင်သည် ပုဆိုးကိုလည်း မနိုင်တော့ စလွယ်သိုင်း၏။ အောက်က ဘောင်းဘီတိုပါ၍သာ တော်တော့သည်။ ဦးမောင်ပုသည်လည်း ဒယီးဒယိုင်နှင့် ရှေ့ထွက်လေသည်။

ဒေါ်ဘုတ်ဆုံသည် သူ့သားငယ် ချက်စူကို ရိုက်နေ၏။ ဦးသာဒင်သည် ဆိုးပေကို နားရင်းတစ်ချက် အုပ်ချလိုက်ရာ အားပါသွားသောကြောင့် ရှေ့သို့ဟပ်ထိုးကျ၏။ မြေကြီးနှင့် ဆောင့်မိသောကြောင့် နာသွားသောနဖူးကိုပွတ်ရင်း တရှုံ့ရှုံ့ငို၏။ ပါးစပ်ကလည်းရေရွတ်ကာ သူ့ဖခင်ကိုတိုင်၏။

"သားက အရက် အဟင့် အဟင့် မူးတိုင်း အဟင့် ဆော့နေတာကို အဟင့် သူ ပုလင်း အဟင့် အဟင့် လာလုတာ အဟင့် အဟင့်"

ထိုစကားကြောင့် ဦးသာဒင် အမူးပြေသွား၏။ သူသည် ဒေါသထွက်လာကာ သူ့ရှေ့က ငိုနေသော ဆိုးပေကို ကန်ချလိုက်လေသည်။

"ဒီအသက်ဒီအရွယ်လေးနဲ့ အရက်သောက်တဲ့ ကစားနည်း ဆော့တယ်ပေါ့လေ။ ငါလုပ်လိုက်ရ သေတော့မယ်။ အရက်သောက်မှတော့ ဘာသောက်အသုံးကျတော့မှာလဲ။ နေပါဦး မင်းကိုတော့ ပြောရင်းဆိုရင်း ဒေါသက ထွက်လာပြီ။ ဘယ်မှာလဲတုတ်။ မှတ်လောက်အောင် တွယ်ပေးလိုက်မယ်"ဟုဆိုကာ တုတ်ရှာလေ၏။

တုတ်တွေ့၍ ရိုက်မည်ဆိုကာ ကောက်ကိုင်ပြီး ဆိုးပေကို ရှာသော် မရှိတော့ပေ။ ဆိုးပေကား ငို၍မှမဝမီ အဖေ့တုတ်ကိုကြောက်သောကြောင့် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင်ပြေးလေပြီ။ ။

# မေတ္တာဟင်းရည်

## မေဂျူးငယ်

ပူလောင်လွန်းလှသော နေအပူဒဏ်က "ဦးဘထူး" ကျောကုန်းကို မီးမြိုက်နေသယောင်။ ကျောကအပူထက် သား သမီးတွေ ဝမ်းတွင်းအပူမီးကသာ ပိုမိုပူလောင်နာကျင်စေသော အရာပါ။ တွန်းလှည်းလေးကို ခပ်မြန်မြန်တွန်းကာ နှုတ်မှ ခပ်ကျယ်ကျယ်လေးအော်လိုက်တယ်။

"ဘီယာဘူးခွံတွေ ဝယ်တယ်... ပုလင်းတွေဝယ်တယ်...စီဒီချပ်တွေဝယ်တယ်... သတင်းစာတွေ ဝယ်တယ်... စာအုပ်အဟောင်းတွေဝယ်တယ်..."

"ဦးလေးလာပါဦး"

"သတင်းစာ ဘယ်လိုဝယ်လဲ"

"တစ်ပိဿာ ၁၅၀ ပါသမီး"

"သတင်းစာကလည်း ယူရတာနဲ့ မကာမိပါဘူး။ ပြန်ရောင်းရင်ဘယ်လောက်မှလည်း မရဘူး"။

သတင်းစာထွက်ရောင်းသည့် ကောင်မလေးနှုတ်မှ တတွတ်တွတ်ရွတ်ကာ သတင်းစာတစ်ထပ်ပွေ့လာတယ်။

" ကလေးတွေ ကျောင်းသုံး ရေးစာအုပ်ကရော ဦးလေး"

"၅၀၀ ပါ သမီး"

" အိမ်မှာလည်းရှုပ်နေတာနဲ့ တစ်ခါထဲရောင်းလိုက်မယ် ဦးလေးရေ ဈေးတော့မနှိမ်နဲ့နော်"

"မနှိမ်ပါဘူး သမီးရယ်"

"ဦးဘထူး" သူ့တွန်းလှည်းလေးထဲ စာအုပ်လေးတွေ သတင်းစာတွေကောက်ထည့်ကာ ကျသင့်ငွေရှင်းပြီး ထွက်လာခဲ့တယ်။

"ရေသန့်ဘူးခွံတွေဝယ်တယ်... စာအုပ်အဟောင်းတွေ ဝယ်တယ်"

"ဦးဘထူး" အသံလေးက နေမင်းကြီးကို အန်တုကာ ထပ်မံပေါ်ထွက်လာပြန်တယ်။

"ကလောင် ကလောင်... ကလောင်"

"ဖေကြီးပြန်လာပြီဟေ့"

လက်တွန်းလှည်းထိပ်က ခေါင်းလောင်းလေးတီးလိုက်တော့သမီးကြီးအော်သံကြောင့် အငယ်ကောင်လေးနဲ့ အလတ်ကောင်လေးပါ ထွက်လာကာ သူလှည်းနားသို့ ပြေးကပ်လာကြတယ်။

"ဖေကြီးကလည်း ကြာလိုက်တာဗျာ၊ သားဗိုက်ဆာနေတာ အူတွေတောင်လိမ့်နေပြီ"

အငယ်ကောင်လေး ရုတ်တရက်ပြောလိုက်တဲ့ စကားသံက သူကျောပူခြင်းထက် ပိုပူလောင်စေတယ်။

"အေးပါ သားရယ် ဖေကြီးမင်းကြိုက်တဲ့ဝက်သားဟင်း ဝင်ဝယ်နေလို့ပါ"

"ဟေးးးးး ဒါမှဖေကြီးကွ"

အငယ်ကောင်က သူ့လက်ထဲက ဟင်းထုပ်လေးကို ဆွဲယူကာ အိမ်ထဲပြေးဝင်သွားတယ်။ အကြီးမက ကျွန်တော့်ကို လှမ်းမြင်ကတည်းက ထမင်းပွဲပြင်ပြီးနေပြီ။

"မကြီး အကိုလတ် ဟင်းတုံးက ပိုကြီးတယ်"

"အလတ်ကောင် လဲပေးလိုက်ပါဟယ်။ နင်ကထမင်းအများကြီး စားတာမဟုတ်ဘူး"။

"အလတ်ကောင် အငယ်ကောင်ကို မကျေမနပ်ကြည့်ကာ သူ့ပန်းကန်ထဲက ဟင်းတုံးကို လဲပေးလိုက်တယ်"။

သားသမီးတွေ စားနေတာကြည့်ပြီး ကျွန်တော့်ကျောက အပူဒဏ်က အေးမြစေတာအမှန်ပါ။

"ဟင်းကသုံးတုံးထဲ ဖေကြီးဘာနဲ့ စားမလဲဟင်"

"မကြီးကလည်း ဖေကြီးကအရည်ပဲကြိုက်တာလေ။ ဟင်းတုံးမှ မကြိုက်တာ။ ခါတိုင်းလည်း အရည်နဲ့ စားနေကြပဲ"

အငယ်ကောင်လေးက သူ့ဟင်းတုံးလေးခွဲပေးရမှာ စိုးသောကြောင့် ဖြေလိုက်သောစကားကြောင့် ကျွန်တော်ရယ်လိုက်မိတယ်။

"အေးပါကွာ ဖေကြီးက ဟင်းရည်ပဲကြိုက်တာပါ"

မပြည့်စုံတဲ့ ထမင်းဝိုင်းလေးဖြစ်နေပေမယ့် သားသမီးတွေပျော်ရွှင်စွာ မြိန်ရေယှက်ရေ စားနေတာမြင်ရတာနဲ့ ကျွန်တော်အလိုလို ဗိုက်ဝနေမိပါတယ်။

ထမင်းစားသောက်ပြီး လက်တွန်းလှည်းအတွင်းက စာအုပ်တစ်ထပ်ကိုထုတ်ကာ အိမ်ရှေ့ကွပ်ပျစ်လေးမှာ ထိုင်ကာ စာရွက်အလွတ်လေးများ-တစ်ရွက်ချင်းရှာကာ ဖြဲနေမိတယ်။

"ဖေကြီး ညနေစာ ဆန်မရှိတော့ဘူးနော်"

"အေးပါ သမီးလေးရယ်၊ ဒီပစ္စည်းလေးတွေရောင်းပြီး ညနေအပြန်တစ်ခါတည်း ဝယ်ခဲ့မယ်"

သမီးကြီးကို ပြန်ဖြေရင်း ဖြဲလက်စ စာအုပ်လေးတွေဘေးက စာရွက်အလွတ်လေးတွေ မြှောက်ပြလိုက်ပြီး ဝမ်းသာအားရ စကားဆိုလိုက်တယ်။

"ဒီမှာကြည့်ဦး။ သမီးကြီးစာရွက်လေးတွေက အချောသားတွေချည်းပဲ။ ညရောက်မှ ဖေကြီးစာအုပ်လုပ်ပြီး ချုပ်ပေးမယ်နော်။ သမီးကြီးကြိုက်တဲ့အဖုံးလေး ရွေးခဲ့ပေးဦး"။

"သမီး ဒီပန်းပွင့်ပန်းရောင်လေးနဲ့ အဖုံးယူမယ်ဖေကြီး"။

"အေး အေး သမီးကြီး"

သမီးကြီးပြောတဲ့ ကတ်ထူဖုံးလေးကို သပ်သပ်ဖယ်ထားလိုက်တယ်။

ကျွန်တော့်ရှေ့က ထွက်ခွါသွားတဲ့ သမီးကြီးကို ကြည့်ကာ အတွေးနယ်ချဲ့နေမိတယ်။ စာတော်သော သမီးကြီး အခမဲ့ပညာရေးစနစ်ကြောင့်သာ ကျောင်းဆက်နေခွင့်ရနေတာပါ။ သမီးကြီးအတွက် ရေးစာအုပ်လေးတွေကို ကျွန်တော်ဝယ်လာတဲ့ စာအုပ်အဟောင်းလေးတွေထဲက စာရွက်အလွတ်လေးတွေ ရှာဖွေပြီး ပြန်ချုပ်ပေးတယ်။ ခုဆိုသမီးကြီးက ရှစ်တန်းကျောင်းသူ ဖြစ်နေပြီ။

အရွယ်နဲ့မလိုက်အောင် အိမ်မှုကိစ္စတစ်ဖက် ကျောင်းစာတစ်ဖက်နဲ့ သမီးကြီးပင်ပန်းရှာပါတယ်။

"ဖေကြီး"

"ဟေ"

အနောက်ဘက်မှ အငယ်ကောင်အော်ခေါ်သံကြောင့် အတွေးစတွေ ပျောက်ကွယ်သွားမိတယ်။

"ဖေကြီး သားရေခဲချောင်းစားချင်တယ်"

"မနက်က ဖေကြီး မုန့်ဖိုးတစ်ရာစီ ပေးခဲ့တယ်လေ"

"ဟာဗျာ ဖေကြီးကလည်း အဲဒါမနက်က အကြော်ဝယ်စားလိုက်တယ်"

"သမီးကြီးရေ ဒီမှာ မောင်လေးရေခဲချောင်းစားချင်လို့တဲ့ ဖေကြီးအင်္ကျီအိတ်ကပ်ထဲက ငွေတစ်ရာယူပေးလိုက်ပါကွယ်"

"ဖေကြီး သားလည်းစားမယ်"

အငယ်ကောင် မုန့်ဖိုးရသွားတာမြင်တော့ အလတ်ကောင်ပါ ပြေးလာတယ်။

လိုချင်တာရတော့ ရေခဲချောင်းရောင်းတဲ့ ဆိုင်ဆီ ညီအစ်ကိုနှစ်ယောက် ပြေးသွားကြတယ်။

"သမီးကြီး" က သိတတ်ပါတယ်။ သူ့မောင်လေးတွေကို အစ်မကြီး အမိရာဆိုသလို အမြဲတမ်းအနစ်နာခံတတ်တယ်။ အိတ်ကပ်ထဲလည်း ငွေနှစ်ရာပဲရှိတာသူမြင်ရှာတယ်။

"သမီးကြီး ဖေကြီး ဒီပစ္စည်းတွေ သွားရောင်းဦးမယ်။ အပြန်ဆန်နဲ့ ဟင်းချက်စရာတစ်ခါတည်း ဝင်ဝယ်ခဲ့မယ်။ မောင်လေးတွေကို အပြင်ထွက်မဆော့ခိုင်းနဲ့တော့ ကြားလား"

"ဟုတ်ကဲ့ ဖေကြီး"

လက်တွန်းလှည်းလေးထဲ အရင်ရက်ကဝယ်ထားတဲ့ ပုလင်းခွံတွေ၊ ရေသန့်ဘူးတွေ အရင်ထဲ့လိုက်တယ်။ လိမ့်မကျအောင် အပေါ်ယံကအလေးချိန်ရှိတဲ့ စာအုပ်လေးတွေ ထပ်တင်လိုက်တယ်။ မို့မောက်နေတဲ့ လှည်းလေးကိုကြည့်ကာ တစ်ချက်ပြုံးလိုက်မိတယ်။

ဒီလောက်ဆို နောက်နေ့လိုက်ဝယ်ဖို့ အရင်းအနှီးလည်း ရလောက်ပြီ။

"ဖေကြီး ဒီမှာရေသန့်ဘူးလေးတွေ။ သမီးအသန့်ဆေးထားတယ်။ အားလုံးပေါင်း ဘူးငါးဆယ်နော်ဖေကြီး။ လမ်းထိပ်ကရေခဲရေဘူးရောင်းတဲ့ အန်တီကြီးက သမီး ကျောင်းသွားတုန်းက မှာလိုက်တယ်။ ဖေကြီးကို ရေသန့်ဘူးအသန့်တွေ ယူလာပေးပါဦးတဲ့"

"အေး...အေး... သမီးကြီးက တော်လိုက်တာကွယ်"

ရေသန့်ဘူးလေးတွေ၊ ဆပ်ပြာမှုန့်လေးနဲ့ သန့်စင်အောင် ဆေးပြီး ရေခဲဘူးရောင်းတဲ့ဆီ ပြန်သွင်းရင် အဟောင်း ဆိုင်မှာရောင်းတာထက် ပိုဈေးရတယ်။

သမီးကြီး ပိန်အိတ်လေးနဲ့ ထုပ်ထားတဲ့ ရေသန့်ဘူးအိတ်လေး လှည်းပေါ်ကောက်တင်ပြီး မနိုင်မနင်းတွန်းကာ "ဦးဘထူး" အဟောင်းဆိုင်လေးရှိရာသို့ တရွေ့ရွေ့သွားနေမိတယ်။

"ကြီးလှ" "ကြီးလှ" ကြီးလှ"

"အေး...အေး...မောင်ဘထူး"

"အထဲကို ပို့ပေးခဲ့နော်။ ပြီးရင်ပိုက်ဆံတစ်ခါတည်း ယူသွား"

"ဟုတ်ကဲ့ ကြီးလှ"

"ကြီးလှ" လှမ်းပေးတဲ့ ငွေတစ်ထောင်နှစ်ရာ့ငါးဆယ်ကို အိတ်ထဲကောက်ထည့်ကာ ခပ်သုတ်သုတ်လေးလှည်းလေးကို တွန်းကာထွက်လာခဲ့တယ်။

"ဦးဘထူး" ရုတ်တရက်ရှေ့တည့်တည့်မှလာနေတဲ့ ကားကြီးကို တွေ့လိုက်သောကြောင့် ဘေးသို့ကပ်ကာ ရှောင်လိုက်တယ်။

ခလွမ်...ခလွမ်...ခလွမ်...

စောင်းကျသွားသောလှည်းလေးထဲမှ ပုလင်းလေးများ တချို့တဝက်ကျကွဲကုန်ပြီး ကော်ဘူးခွံလေးများ လမ်းမထက် လွင့်စဉ်ကာ စာအုပ်လေးများပြန့်ကျဲလျက်။

လမ်းမထက်ပြန့်ကျဲနေသော ပစ္စည်းများကို ခပ်မြန်မြန်ကောက်နေမိတယ်။ တော်ပါသေးရဲ့ လူမထိခိုက်မိလို့ဟုတွေးကာ "ဘထူး" သက်ပြင်းလေးချလိုက်မိတယ်။

တစ်ခုမကျန် တွန်းလှည်းလေးထဲထိုးကြိတ်ထည့်ပြီး အဟောင်းဆိုင်လေးရှိရာသို့ "ဦးဘထူး"အားကုန်တွန်းနေမိတယ်။ ရှိသမျှခွန်အားကို အသုံးပြုကာ တွန်းနေမိပေမယ့် "ဦးဘထူး" သူ့အသက်ကိုပြန်တွက်ကြည့်မိတော့ ခြောက်ဆယ်နားပင် ကပ်နေပြီ။

ဒါပေမယ့် သားသမီးတွေအတွက် တွေးမိရုံနဲ့ အလိုလို ခွန်အားပြည့်လာသလိုခံစားလိုက်ရတယ်။ အဟောင်းဆိုင်လေးမှာ ပစ္စည်းများရောင်းပြီး အိမ်အတွက်လိုအပ်တဲ့ ဆန်နဲ့ ဟင်းချက်စရာဝယ်လိုက်တယ်။

"ဦးဘထူး" ပြန်လာမှ ချက်ပြုတ်စားသောက်ရမယ့် သားသမီးမျက်နှာလေးတွေ မြင်ယောင်ကာ လှည်းအခွံလေးကို ခပ်မြန်မြန်တွန်းလိုက်လာမိတယ်။

"ကလောင်" ကလောင် "ကလောင်"

အိမ်ရှေ့ရောက်တော့ လှည်းထိပ်မှခေါင်းလောင်းသံလေး ပေးလိုက်တယ်။ အိမ်ထဲတွင် တိတ်ဆိတ်နေသလို ဘာအသံမှမကြားရ။ "ဦးဘထူး" ထူပူကာ အိမ်ထဲအပြေးအလွှားဝင်ကာ လိုက်ရှာနေမိတယ်။

အိမ်တွင်အမြဲရှိနေတတ်သော သမီးကြီးပင်မတွေ့ရ။

"သမီးကြီး...အလတ်ကောင်...အငယ်ကောင်..."

"ဦးဘထူး" တကြော်ကြော် အော်ခေါ်နေပေမယ့် ပြန်ထူးသံမကြားရ။ နောက်ဖေးဘက်က အလေ့ကျပေါက်နေသော ကန်စွန်းခင်းအိုင်နား လိုက်ရှာလည်းမတွေ့ရ။

သားသမီးဇောကြောင့် "ဦးဘထူး" အတွေးတွေက ပေါင်းစုံနေတယ်။ ကလေးသူခိုးတွေနောက်များ ပါသွားလား။ သူတောင်းစား လုပ်ခိုင်းဖို့ဖမ်းသွားလား "ဦးဘထူး" အတွေးတွေဖရိုဖရဲ။

နောက်ဖေးဘက်မှ အိမ်ရှေ့ကိုထွက်လာတော့ "ဦးဘထူး" မြင်လိုက်ရတဲ့ မြင်ကွင်းက ကရုဏာဒေါသကို အတိုင်းအစမဲ့ ပြိုကျလာစေတယ်။

"ဖြောင်း...ဖြောင်း...ဖြောင်း..."

"ကဲဟယ်... ကဲဟယ်...မိဘကိုစိတ်ပူအောင်လုပ်ဦး"

နှုတ်မှပြောလည်းပြော "ဦးဘထူး" ထရံက ကြိမ်လုံးကိုယူကာ အိမ်ထဲသို့ ရီရီမောမောစကားပြောကာ အပူပင်မဲ့ ဝင်လာသော သားသမီးသုံးယောက်ကို ရိုက်နှက်လိုက်တယ်။

"ဟီး ဟီး ဟီး"

"အကြီးမ မောင်လေးတွေကို အပြင်မထွက်စေနဲ့လို့မှာခဲ့လား မမှာခဲ့ဘူးလား"

"မှာခဲ့ပါတယ် ဖေကြီး"

"ဘာလို့ စကားနားမထောင်ရတာလဲ"

"ဖေကြီး မကြီးမှာအပြစ်မရှိပါဘူး။ သားက ဗိုက်ဆာတယ်ပြောလို့ပါ။ မကြီးက မသွားဘူးပြောတာ သားက အတင်းသွားမယ်ပြောလို့ပါ"

"ကဲ အလတ်ကောင်ပြော၊ မင်းတို့ဘယ်ကပြန်လာတာလဲ"

"ဟိုဘက်လမ်းမှာ စတုဒိတာ ထမင်းနဲ့ ဟင်းလာကျွေးနေတယ်လို့ သားသူငယ်ချင်း "ဖိုးထူး" လာပြောလို့ပါ။ အငယ်ကောင်က ဗိုက်အရမ်းဆာနေပြီဆိုတာနဲ့ မကြီးကို ပူဆာလို့ ထမင်းသွားစားတာပါ"

အလတ်ကောင်အဖြေစကားက ကျွန်တော့်ရင်ကို ပူလောင်စေတယ်။ ကျဆင်းလာတဲ့ မျက်ရည်စက်လေးများကို ခပ်မြန်မြန်သုတ်လိုက်ရင်း သားသမီးသုံးယောက်လုံးကို "ဦးဘထူး" ရင်ခွင်ထဲပွေ့ဖက်ထားကာ ငိုရှိုက်နေမိတယ်။

"ဖေကြီးတောင်းပန်ပါတယ်။ သားတို့ သမီးတို့ရယ်"

"ဖေကြီးတောင်းပန်စရာ မလိုပါဘူး။ သားတို့ တောင်းပန်ရမှာ"

"မကြီး ဖေကြီးထမင်းဆာနေလောက်ပြီ၊ မြန်မြန်ချက်တော့လေ"

အငယ်ကောင် သတိပေးလိုက်တော့ အကြီးမ မျက်ရည်တွေ သုတ်ကာထသွားတယ်။ လှည်းလေးထဲက ဆန်ထုပ်လေးကိုပိုက်ကာ မီးဖိုထဲပြေးဝင်သွားတယ်။

အငယ်ကောင်လေးက သူ့လက်ထဲကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော အရာလေး "ဦးဘထူး"လက်လေးထဲ လာထည့်ပေးတယ်။

"ဘာလဲ အငယ်ကောင်"

"ဖေကြီးစားဖို့ အလှူအိမ်က "ဟင်းရည်"တောင်းလာတာပါ။ သူဌေးမကြီးက သဘောကောင်းတယ်သိလား ဖေကြီး၊ ဟင်းတုံးကြီးတစ်တုံးပါ ထည့်ပေးလိုက်တယ်။"

အငယ်ကောင်လေး ကမ်းပေးလိုက်သော ဟင်းထုပ်လေးက "ဦးဘထူး" နှလုံးသားတစ်ခုလုံးကို နွေးထွေးစေပါတယ်။ "ဦးဘထူး" မျက်ရည်များကြားမှ ပျော်ရွှင်နေမိတယ်။ သားသမီးတွေအားလုံး "ဦးဘထူး"ရဲ့ မေတ္တာဟင်းရည်လေးတန်ဖိုးကို အလေးအနက်ထားမှန်း သိလိုက်ရလို့ပါ။

## မရန်းသီးချိန်

❖ နွေဦးရယ်တဲ့ မှုန်ပြာရီ
လက်ပံနီဝေစည်ဖူးပါလို့
ထက်ယံဆီ တိမ်တွေလူးတယ်
ထူးတဲ့ရာသီ။

❖ မရန်းသီးချိန်
အရီးစန်းအိမ်အပင်ပေါ်သနဲ့
တို့တောတွင် ဘူးတွေကြီးပြန်ပေါ့
ဘူးသီးနဲ့ မရန်းချဉ်
တွဲဖက်လျှင်အလွန်ကောင်းတာမို့
အရီးအိမ်ဝင်တစ်ခါထောင်း
တောင်းယူခဲ့ပြီ။

❖ ငါးပိဖုတ်ကယ်နဲ့
ငရုတ်စိုတုတ်လျှိုကာ မီးကင်လို့
မရန်းသီးအစေ့နှင်
ငရုတ်ဆုံတွင်ထည့်ထောင်း။

❖ လယ်ကြွက်ကင်ဆီပြန်ချက်ရယ်နဲ့
မရန်းချဉ်မအီရန်အတွက်ပါကွဲ့
တမာရွက်မြှုပ်စရာအပြင်
ပဲဟင်းတွင် ဘူးသီးစွက်ပြန်တော့
အစပ်ငန်ချိုချဉ်ခါးရယ်နဲ့
တို့တောရွာအစာမရှားပါဘု
စားလို့အလွန်ကောင်း။

မောင်စိုးဝေ(မြို့သာ)

## လှသောနွေပန်းချီကား

မိန်ရာသီရဲ့ ဒီအချိန်ခါ
မြေနီလမ်းသာယာ။
ဥဩသံစာ သူဟစ်ကြွေး
နွေကြိုကဗျာတေး။
အရိပ်အေးတဲ့ ပညောင်ပင်
တို့ရွာဦးအဝင်။
ရေချမ်းစင်မှာ သောက်ရေဖြည့်
နေ့စဉ်ကုသိုလ်မွေ့။
မမေ့ပါနဲ့ လုံမငယ်
ကုသိုလ်ပြုဖို့ရှယ်။
ကျောင်းပိတ်ချိန်မယ် စာလည်းဖတ်
ဉာဏ်ပညာ ထက်မြက်။
မပျက်မကွက် စိုက်ပျိုးမောင်
အိမ်နောက် မီးဖိုချောင်။
ကြိုးစားရှက်ဆောင် ညီညာပြု
ငွေကို ချွေတာစု။
အားလပ်ရက်ခု တို့ပျော်ပျော်
မိတ်ဆုံစားစို့နော်။
အားလုံးဖိတ်ခေါ် ပျော်ပျော်ပါး
ဘုရားဖူးဖို့သွား
လှသော နွေပန်းချီကား ။ ။

မောင်ဥယျာဉ်(အရှေ့ပြင်)

# ယပ်တောင်လေးများ

## ရောင်နီသက်လွင် (ဘိုကလေး)



သူ့နာမည်က မခင်လှ။ ရပ်ကွက်ထဲကလူတွေ ခေါ်တာက သာရေးနာရေး မခင်လှတဲ့။ ဘာဖြစ်လို့ ဒီလိုခေါ်ရသလဲဆိုရင် ရပ်ကွက်ထဲက သာရေးနာရေးဆို သိသိမသိသိ မခင်လှက ရှေ့ဆုံးကပဲ။ ငွေအား မတတ်နိုင်တော့ လူအားပေ့ါ။ အဲဒီလို ကူညီတတ်တယ်လေ။ မခင်လှမှာ ထူးခြားတာက သူဝိုင်းလုပ်ကိုင်ပေးလို့ပြီးရင် အဲဒီအိမ်မှာ ဘယ်တော့မှ ထမင်းမစားဘူး။ မခင်လှ သူ့အိမ်ကိုပဲ ပြန်စားတတ်တယ်။ အင်း နောက်တစ်ခုထူးခြားတာက အလှူအိမ်တို့၊ နာရေးတို့ကနေကမ်းတတ်တဲ့ ယပ်တောင်ဆို မခင်လှ သူများထက်ပိုတောင်းယူတတ်တာပဲ။ ပလတ်စတစ်ယပ်တောင်ဆို မခင်လှ ပိုကြိုက်ပုံရတယ်။ အတူတူသွားတတ်တဲ့ သူငယ်ချင်း လုပ်ဖော်ကိုင်ဖက်တွေကတောင် မခင်လှနဲ့တွေ့ရင် သူတို့ရတဲ့ ယပ်တောင်လေးတွေကို ပေးတတ်ကြတယ်။ မခင်လှကလည်း ယပ်တောင်လေးတွေ များများရရင် ပျော်နေတတ်တယ်လေ။ ရောင်းစားတာလည်း မတွေ့ပါဘူး။ ယပ်တောင်နှစ်သက်သူ သက်သက်ပဲလို့ အားလုံးကထင်ထားကြတာပေ့ါ။

မခင်လှတို့မိသားစုက ရပ်ကွက်ထဲမှာ ဆင်းရဲပါတယ်။ သားသမီး ငါးယောက်ရှိတယ်။ မခင်လှ အမျိုးသားက ဆိုက်ကားနင်းတယ်။ စကားနည်းပြီး ရပ်ကွက်ထဲမှာ အတော်လေးကို အနေအေးဆေးပါတယ်။

သားအကြီးနှစ်ယောက်ကတော့ အိမ်ထောင်ကျသွားပြီး အိမ်ခွဲနေကြတယ်။ သမီးနှစ်ယောက်ကတော့ အပျိုပေါက် အရွယ်လေးတွေဖြစ်နေပြီ။ ကျောင်းမထားနိုင်တော့ ကျောင်းမနေတော့ဘဲ အထည်ချုပ်စက်ရုံမှာ အလုပ်ဆင်းလုပ်ရင်း မိဘကို တစ်ဖက်တစ်လမ်းကနေ ကူညီနေကြတာပါ။ အငယ်ဆုံးသားလေးတစ်ယောက်ကတော့ ကျောင်းတက်နေပါတယ်။ မခင်လှကတော့ အပြင်အလုပ်မရှိဘူး။ အိမ်မှာပဲ အိမ်မှုကိစ္စအကုန်လုပ်ပေးနေရတာပါ။ ရပ်ကွက်ထဲ သာရေးနာရေးရှိပြီဆိုရင် အိမ်အလုပ်တွေ လုပ်ပြီးတာနဲ့ အဲဒီအိမ်တွေမှာ ဝိုင်းကူလုပ်ပေးနေတတ်တော့တာပါပဲ။

အဲဒါကြောင့် မခင်လှဆို ရပ်ကွက်ထဲမှာ လူချစ်လူခင်ပေါတယ်။ ဒါပေမယ့် မခင်လှအိမ်ကိုတော့ မခင်လှအသိတွေ မိုးရာသီဆို အလည်အပတ်တော့ ဘယ်သူမှ သိပ်မရောက်တတ်ကြဘူး။

မခင်လှကလည်း မခေါ်တတ်သလို သူ့ယောကျ်ားက စကားနည်းပြီး ဖော်ဖော်ရွေရွေမရှိတာကလည်း တစ်ကြောင်း၊ မခင်လှတို့အိမ်လေးကလည်း ဝါးခနိနဲ့ ခပ်သေးသေးဆောက်ထားပြီး ခြံထဲမှာ အမြဲတမ်းရေဝပ်နေတော့ လမ်းနဲ့ အိမ်ကို ဝါးတံတားလေးနဲ့ ဖြစ်သလိုလေး ထိုးထားတယ်လေ။ အဲဒါကြောင့် သွားရလာရခက်တော့လည်း အပြင်ကသာနှုတ်ဆက်ပြီး အိမ်ထဲကို သိပ်ဝင်မလည်ကြတာပါ။

"မခင်လှရယ် ရှင်တို့အိမ်ကို လာလည်ချင်တယ်။ ဒါပေမယ့် အိမ်ရှေ့က ဝါးတံတားလေးကို မဖြတ်ရဲတာနဲ့ မလာဖြစ်တာနော်"

"ရပါတယ် အစ်မရယ်။ အစ်မ မလာတာလည်း ကောင်းပါတယ်။ အိမ်အလည်မခေါ်ချင်လို့ မဟုတ်ပါဘူး။ အိမ်ရှေ့တံတားမှာ ချော်လဲမှာစိုးလို့၊ ကျွန်မတောင် မနည်းလျှောက်နေရတာ။ ဒီမိုးတွင်းတော့ ပြင်ဖြစ်မယ်မထင်သေးပါဘူး အစ်မရယ်။ နွေလေးပေါက်လာမှ လာလည်ပါ အစ်မရယ်နော်"

မခင်လှကလည်း သူ့အိမ်ကို မိုးရာသီဆို ဧည့်သည် သိပ်ခေါ်ချင်ပုံမရဘူး။ အင်း ပွင့်လင်းရာသီလေး ရောက်လာရင်တော့ မခင်လှအိမ်ကို ရပ်ကွက်ထဲကအသိတွေ အဝင်အထွက်လေးလုပ်တတ်ကြတယ်။ အိမ်ရှေ့လမ်းလေး ခြောက်သွေ့သွားပြီး ဝင်လမ်းထွက်လမ်းသာသွားလို့လည်း ပါပါတယ်။

တစ်နေ့ ရပ်ကွက်ထဲက သာရေးနာရေးအသင်းလူကြီးရဲ့ ဇနီးလည်းဖြစ် ရပ်ကွက်အမျိုးသမီးအဖွဲ့ရဲ့ ခေါင်းဆောင်လည်းဖြစ်တဲ့ အန်တီသန်းတစ်ယောက် မခင်လှအိမ်ကို မရည်ရွယ်ဘဲ ဝင်လည်ဖြစ်တယ်လေ။ အန်တီသန်းဆိုတာလည်း ရပ်ကွက်ထဲမှာ တကယ်ဩဇာရှိတဲ့သူပါ။ တစ်ဖက်သားအပေါ် အလွန်ကူညီတတ်တဲ့သူတစ်ယောက်ပါ။ ငွေကြေးကလည်းအဆင်ပြေ။ ပင်ကိုစိတ်ရင်းက သဘောကောင်းတဲ့သူဆိုတော့ ရပ်ကွက်ထဲ လူမှုရေးလုပ်ငန်းတွေအတွက်ဆို ငွေအားဘယ်လောက်ပဲလိုလို အမြဲ သဒ္ဒါကြည်ဖြူရှိတတ်တယ်လေ။

နောက် အန်တီသန်းကလည်း မခင်လှဆို ပိုခင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရပ်ကွက်သာရေးနာရေးဆို မခင်လှက အန်တီသန်းလို ငွေအားမကူညီနိုင်ပေမယ့် လူအားလုပ်အားဒါနကတော့ အိမ်အလုပ်လေးအားရင်အားသလို ရောက်လာပြီး ကူညီတတ်တာကို အန်တီသန်းက သဘောကျမိတာလည်း ပါတယ်။

နောက်တစ်ခုက မခင်လှက အလုပ်မရွေးတတ်ဘူး။ နောက်ဆုံး အိုးခွက်ပန်းကန်ဆေးတဲ့အထိ လုပ်ပေးတတ်တာ။ လုပ်ပေးပြီးရင်လည်း အဲဒီလို အိမ်တွေကနေ ဘာမှမယူ၊ မစားတတ်ဘဲ သူ့အိမ်ကို ပြန်သွားတတ်တာတွေကြောင့် အန်တီသန်းက မခင်လှကို ပိုပြီးခင်မင်မိတာပါ။ အဲဒါတွေကြောင့်လည်း မခင်လှအိမ်ကို အလည်သွားမယ်လို့ စဉ်းစားထားတာ။ ဒီနေ့မှ မခင်လှတို့လမ်းထဲ ကိစ္စတစ်ခုနဲ့ လာရင်း မခင်လှတို့အိမ်နားရောက်မှ အမှတ်မထင် မိုးရွာလို့ မိုးခိုရအောင်ဆိုပြီး အိမ်ရှေ့ဝါးတံတားလေးအပေါ် မနည်းထိန်းလျှောက်ရင်း ခနိမိုး၊ ဝါးထရံကာ အိမ်သေးသေးလေးထဲကိုရောက်အောင် အပြေးဝင်လိုက်မိတယ်ဆိုရင်ပဲ အိမ်အနောက်ဘက်ကနေထွက်လာတဲ့ မခင်လှက အံ့ဩတဲ့မျက်နှာနဲ့

"ဟင် အန်တီသန်း၊ လာ လာ မိုးမိလာတယ်ထင်တယ်"လို့ပြောရင်း ကြိုးတန်းတစ်ခုပေါ်မှာ လှမ်းထားတဲ့ ဆေးအရောင်လွင့်နေတဲ့ တဘက်ကလေးတစ်ထည်ကို လှမ်းဆွဲပြီး အန်တီသန်းဆီ အပြေးရောက်လာတယ်။ အန်တီသန်းလည်း "ဟုတ်တယ် မခင်လှရေ။ အန်တီလည်း ဒီနားခဏဆိုပြီးထွက်လာတာ။ မိုးရွာမယ်လို့ မထင်တာနဲ့ ထီးလည်း မယူလာမိပါဘူးကွယ်"

"ဖြစ်တတ်ပါတယ် အန်တီသန်းရယ်။ လာ ကျွန်မ ခေါင်းကရေသုတ်ပေးမယ်။ တော်ကြာ မိုးမိတဲ့အရှိန်နဲ့ ဖျားနာနေပါဦးမယ်"ဆိုပြီး မခင်လှက အန်တီသန်း ခေါင်းကို ရေသုတ်မယ်ပြင်လိုက်တော့ အန်တီသန်းက အလိုက်သိတဲ့ မခင်လှကိုကြည့်လိုက်ရင်း အားနာသွားပုံနဲ့

"အို. . . မဟုတ်တာကွယ်။ ပေးပါ အန်တီဘာသာပဲ ရေသုတ်လိုက်ပါ့မယ် မခင်လှရယ်။ ပေးပေး"ဆိုပြီး မခင်လှလက်ထဲက တဘက်ကိုလှမ်းဆွဲပြီး ခေါင်းသုတ်နေတုန်း မခင်လှက ခေါင်းရင်းထောင့်မှာ ထောင်ထားတဲ့ဖျာလေးကို ယူခင်းလိုက်ပြီးမှ "ကဲ ဒါဆိုထိုင်ဦးနော် အန်တီသန်း။ ကျွန်မ ရေနွေးပူပူလေးလုပ်ပေးမယ်"ဆိုပြီး အိမ်အနောက်ဘက်ကို မခင်လှဝင်သွားတော့ အန်တီသန်းလည်း ခေါင်းကရေကိုသုတ်ရင်း မခင်လှ ခင်းပေးခဲ့တဲ့ဖျာပေါ် ထိုင်ချလိုက်ပြီးမှ အိမ်လေးရဲ့ပတ်ပတ်လည်ကို လိုက်ကြည့်နေရင်း စိတ်ထဲက

"အင်း. . . အိမ်လေးက အပြင်ကကြည့်တော့ ခတ်စုတ်စုတ်သေးသေးလေးဆိုပေမယ့် အိမ်ထဲမှာက ပစ္စည်းလေးတွေက သူ့နေရာနဲ့သူ စီစီရီရီ သန့်သန့်ရှင်းရှင်းလေးနဲ့ပါလား။ ဒါကိုကြည့်လိုက်ရင် မခင်လှက ဆင်းရဲတယ်ဆိုပေမယ့် စည်းကမ်းတကျနေတတ်တဲ့သူမှန်း သိသာနေတယ်လေ"လို့တွေးနေရင်း ရေနွေးခွက်လေးကိုင်ကာ မခင်လှ အနားရောက်လာတော့ အတွေးစလေးကို ဖြတ်လိုက်ရင်း

"ရပါတယ် မခင်လှရယ်။ အန်တီအတွက် အလုပ်များနေတော့မှာပဲကွယ်"

မခင်လှက "ရပါတယ် အန်တီရယ်။ ရော့ ရေနွေးလေး သောက်လိုက်နော်"

အန်တီသန်းလည်း ရေနွေးခွက်လေးလှမ်းယူပြီး ရေနွေးလည်းသောက် စကားလည်း ပြောနေမိတာပေ့ါ။ အပြင်မှာ မိုးကလည်းတော်တော်လေးကို ကောင်းနေတော့တာပါပဲ။ ဒီလိုနဲ့ ဘာရယ်မဟုတ် ရပ်ကွက်ထဲက အကြောင်းလေးတွေကို နှစ်ယောက်သားပြောနေရင်း "တောက်"ဆို အန်တီသန်းလက်ပေါ် မိုးရေစက်ကလေးတွေ ပြုတ်ကျလာတော့ ဒါမိုးယိုတာပဲဆိုပြီး အန်တီသန်းလည်း ခေါင်းမိုးကို မော့ကြည့်လိုက်မိရင်း တွေ့လိုက်ရတဲ့ မြင်ကွင်းက အန်တီသန်းကို တဒင်္ဂမင်သက်သွားစေတော့တာပါပဲ။ အန်တီသန်း အပေါ်ကိုမော့ကြည့်နေတော့ မခင်လှမျက်နှာတစ်မျိုးဖြစ်သွားသလိုပါပဲ။ တော်တော်လေးကို အပေါက်တွေများနေတဲ့ ခနိအမိုးပါ။ အသစ်ပြန်လဲသင့်တာ တော်တော်ကြာနေလောက်ပြီ။

တစ်အိမ်လုံးနီးနီး ခေါင်မိုးကအပေါက်တွေကို မိုးမယိုအောင် ဖာထားတာလေ။ ကာလာကိုစုံနေတော့တာပါပဲ။ အို မခင်လှရယ် ဖြစ်မှဖြစ်ရလေကွယ်။ အတော်လည်း စိတ်မကောင်းဖြစ်သွားမိပါတယ်။ အန်တီသန်းလည်း မခင်လှတစ်ယောက် ဘာလို့ ယပ်တောင်လေးတွေကို တကူးတက တောင်းယူရတယ်ဆိုတာ နားလည်သွားပြီး အဆင်မပြေတဲ့ ဆင်းရဲချို့တဲ့တဲ့ မခင်လှတို့ မိသားစုဘဝလေးကိုလည်း ပိုပြီးစာနာနားလည်သွားမိတယ်လေ။

ဒီအကြောင်းကို သူတစ်ယောက်သိပြီး ကျန်တဲ့သူတွေသိကုန်ရင် မခင်လှအတွက် ပြောစရာဖြစ်သွားနိုင်တယ်လေ။ ရိုးသားပြီး ဖြူစင်တဲ့ မခင်လှရဲ့စေတနာတွေ အရောင်ဆိုးခံရနိုင်တယ်။ ဒီတော့ အန်တီသန်းက မခင်လှကို ဘယ်လိုကူညီရမလဲဆိုတာ အိမ်အပြန်လမ်းတစ်လျှောက် စဉ်းစားနေခဲ့တယ်။

နောက်တစ်နေ့မနက်မှာ မခင်လှတို့အိမ်ရှေ့ကို အန်တီသန်းတစ်ယောက် အိမ်မိုးသွပ်ပြားအသစ်တွေကို လှည်းပေါ်တင်ပြီး လက်သမားနှစ်ယောက်နဲ့အတူ ရောက်လာတော့တာပါပဲ။ ။

## အလှထူးထူး သည်နွေဦး

ဥတုရာသီ တောကိုမှီလျက်
ရာသီမသိ ပန်းနှင့်ညှိဟု
ကဝိစကား အရှိသားမို့
မှတ်သားရှိသာ ကြည့်မိပါသည်
နွေဦးရောက်ကြောင်းသက်သေတည်။
ပွင့်ချပ်စုံညီ လက်ပံနီနှင့်
ရာသီပွင့်ပန်း အလှဆန်းသည့်
ပေါက်ပန်းနီနီ ကံ့ရာသီဝယ်
စုံညီပွင့်ကြ ထူးတင့်လှ၍
နွေဦးရောက်ကြောင်း သိရသည်။
ပွင့်ပန်းစုံညီ ပင်ယံဆီမှ
စုံညီတေးသွား သီဆိုထွားလျက်
ပျော်ပါးငှက်ကျေး သံစုံတေးနှင့်
နွေးထွေးကြိုဆို နွေနန်းပျိုဝယ်
ထိုထိုငှက်ကျေး ဖော်ပြုပေး။
ငှက်ကျေးခွန်းဆို ဆီးလို့ကြိုသည့်
နွေပျိုနိဒါန်း အလှဆန်းကြောင်း
ပက်ဖျန်းကလောင် စာတစ်ဖောင်နှင့်
မြင်အောင်ပြရေး ပြုစုပေးလည်း
ချရေးမကုန် အလှစုံ။
ရဂုံနွေဦး အလှထူးကို
ပွင့်ဖူးလက်ပံ ပေါက်လဲရံလျက်
ကာရန်ကဗျာ အလင်္ကာဖြင့်
ဖွဲ့ရာရေးပြ ရှိနေကြလည်း
နွေ၏အလှ မကုန်ပေ။

**သိန်းအောင်ကျော်(မြို့သာ)**

## ပန်းတို့ဒဏ္ဍာရီ

- ❍ နှင်းဆီဝါ
  ရန်ကာဖို့ဆူးများ။
  သူ့အသွင်ထူးတယ်
  တကယ်ရဲရင့်ပြတ်သား။
- ❍ စံပယ်ဖြူရယ်
  အလွယ်မယိမ်းပါနဲ့လား။
  ပန်ချင်သူများတယ်
  ရင်ဝယ်မြတ်နိုးသူ့ရှူးပါတော့လား။
- ❍ ပန်းခရေရယ်
  အလွယ်မကြွေပါနဲ့လား။
  ချူချင်သူများတယ်
  ရည်ရွယ်သူပန်ပါတော့လား။
- ❍ ပိတောက်ဝါဝါ
  တွယ်တာသူပေါမျာ။
  သစ္စာရှိစွာပွင့်ပါကွယ်
  အလွယ်တကူမပွင့်ပါနဲ့လား။
- ❍ တော်ဝင်သဇင်ရယ်
  တကယ်ဂုဏ်မြင့်မား။
  တော်ရုံလူမခူးဝံ့ရဲ
  မြင့်မြဲမြဲပွင့်ကာကြွား။ ။

**မဒီ(လှိုင်)**
B.A(အရှေ့တိုင်းပညာ)၊ ဒဂုံတက္ကသိုလ်

# ဘဝကိုဖျက်ဆီးတတ်သော အရက်

## ဘုဏ်းနွယ် (ဟသ်ာမြေ)

"အရက်ကိုကြိုက်လို့သောက်တဲ့သူ . . . စိတ်ပျော်တတ်လို့ သောက်တဲ့သူ. . . စိတ်ညစ်တဲ့အမူးသမား. . . ညနေစောင်းတော့ပြောင်းလဲပြီ"

ဒီသီချင်းကိုဆိုလာရင် ကိုလှမောင် မူးလာပြီဆိုတာ ဇီးဖြူကုန်းတစ်ရွာလုံး သိသည်။ ညနေစောင်းတိုင်း အသံစာစာဖြင့် အဆိုတော်စိန်ဝင်းထွန်းသီချင်းဆိုလာရင် ကိုလှမောင်ကြီးသာမှတ်ပေတော့။ တစ်ရွာလုံး ဒီသီချင်းကို သူတစ်ယောက်တည်းသာဆိုသည်။ အခြားသူများ ဆိုခဲ့သည်။ အရက်သမားမျိုးရိုးဟုပင် သမုတ်ရမလိုပင်။ သူ့အဘိုးလည်း အရက်ကြောင့် စောစောသေခဲ့ရသည်။ သူ့အဖေလည်း အရက်ကြောင့် စောစောသေခဲ့ရသည်။ ကိုလှမောင်လည်း အရက်သမား။ ကလေးနှစ်ယောက်အဖေ။ သူ့မိန်းမ မိအေးလည်း ကိုလှမောင်ရဲ့ ညှဉ်းဆဲဒဏ်ကြောင့် ပိန်လှီနေသည်။ တစ်ရွာလုံးပတ်ပြီး လမ်းဘေးက အလေ့ကျပေါက်တဲ့ ဟင်းနုနွယ်အညွန့်လေးတွေ၊ ချဉ်ပေါင်ရွက်ကလေးတွေခူးပြီး ကလေးနှစ်ယောက်ကို မိခင်ကောင်းပီသစွာ ထိန်းကျောင်းနေရတဲ့ မိခင်။ ယခုခေတ် ယခုအခါ အခမဲ့ပညာရေးစနစ်ကြောင့် မိအေး ကလေးနှစ်ယောက်အတွက် အသက်ရှူချောင်ရသည်။ ကလေးတွေအတွက် ပညာရေးက သိပ်စိတ်ပူစရာမလို။

"ဝေါ့. . . ထွီ. . ."

အိမ်ထဲဝင်ခါနီး ကိုလှမောင်ရဲ့ လေပျို့သံနဲ့အတူ သလိပ်ခပ်ထုတ်သံ။ ကိုလှမောင် ထမင်းစားပွဲကို ဝေ့ဝိုက်ကြည့်လိုက်သည်။ ကြက်ဥပြုတ်တစ်လုံး၊ ငါးပိရည် အရည်ကျဲကျဲတစ်ခွက်၊ တို့စရာအရွက်အနည်းငယ်နဲ့ ထမင်းဖြူတစ်ပန်းကန်။ ကိုလှမောင် ဒေါသူပုန်ထသော မျက်နှာကြီးနဲ့ ထမင်းဝိုင်းကိုကြည့်ကာ

"ဝုန်း . . . ချလွမ် . . . ဂွမ်"

စားပွဲခုံမှောက်သံ၊ ဇွန်းသံ၊ ပန်းကန်ပြားလွင့်စဉ်သံနဲ့အတူ စောင်အစုတ်လေးပေါ်တွင် အိပ်နေတဲ့ မျိုးမင်း၊ အောင်ဟိန်းတို့ လန့်ဖျပ်နိုးလာသည်။ မိအေးကတော့ အထိုင်မပျက် မျက်ဝန်းထဲက ကြောက်တဲ့စိတ်ကိုတော့ ဖုံးထားလို့မရ။ ဒါပေမယ့် မျက်ဝန်းထဲမှာတော့ ကြောက်ရိပ်သန်းနေသည်။

"မိအေး မိအေး၊ နင့် ငါ့များ ဘာအောက်မေ့နေလဲ ပြောစမ်း။ နေ့တိုင်း ဒါကြီးပဲ မစားနိုင်ဘူးကွ"

မိအေးအသံတုန်တုန်ယင်ယင်နဲ့

"အစ်ကိုရယ် ရှိတဲ့ပိုက်ဆံလေးနဲ့ ဝယ်ပြီးချက်ထားရတာ။ ဒါလေးပဲရှိတယ်လေ။ ကလေးတွေလည်း ငါးပိရည်နဲ့ပဲ စားတယ်။ ကျွန်မက အစ်ကို့အတွက်မို့ ကြက်ဥလေးတစ်လုံးပြုတ်ထားတာ"

ကိုလှမောင် အသံပိုကျယ်လောင်လာသည်။

"တော်စမ်း ကောင်မ။ ငါ့ကို ဆင်ခြေမပေးနဲ့"

စကားသံမဆုံးခင် ကိုလှမောင်လက်ဝါးက မိအေးပါးကို "ဖြန်း. . . ဖြန်း. . ."ခနဲ နှစ်ချက်ဆင့်ချပစ်လိုက်သည်။

ကိုလှမောင် စိတ်ဆိုးမာန်ဆိုးနဲ့အိမ်ပေါ်က ဆင်းသွားသည်။ ဒါကလည်း မိအေးအတွက် တစ်လတစ်ခါနီးပါးလောက် ဖြစ်နေကျပြဿနာဖြစ်၏။ မိအေးက သိပ်တော့မှုပုံမရ။ မိအေးရဲ့သူငယ်ချင်းတွေက မိအေးကိုမကြည့်ရက်သဖြင့် ဝိုင်းပြောသည်။ တစ်ရွာလုံးကလည်း ပြောသည်။

"မအေးရယ် နင့်ယောကျ်ားက အလုပ်လည်းမလုပ်။ နေ့တိုင်းလည်း အရက်ချည်းပဲသောက်နေတယ်။ နင် အသက်တိုမယ်နော်"

ဘယ်သူတွေဘာပြောပြော ဘယ်လောက်ပြောပြော မိအေးရဲ့ လက်သုံးစကားတစ်ခုပဲ အမြဲပြောသည်။

"ဘယ်တတ်နိုင်မလဲ၊ ကံပေါ့ဟယ်။ ကလေးတွေရဲ့ အနာဂတ်ပဲ စိုးရိမ်မိတယ်"

နောက် သက်ပြင်းအရှည်ကြီးချလေ့ရှိသည်။ ကိုလှမောင်ကို ရွာဦး သန္တြီကျောင်းဆရာတော်ကတော့ ခဏခဏခေါ်ယူဆုံးမသည်။

"ဟေ့ . . . ဒကာလှမောင်၊ အရက်ဆိုတာ ဘုရားမကြိုက်ဘူးကွယ့်။ ဘုရားမကြိုက်သလို ပတ်ဝန်းကျင်ကလည်း မကြိုက်ဘူးကွယ့်။ အရက်ကြောင့် ငယ်ငယ်ရွယ်ရွယ် ကွယ်လွန်ရတဲ့ ဒကာရဲ့အဘိုး၊ အဖေတို့ကိုပဲကြည့်လေ။

လက်အုပ်ချီကာ ကိုလှမောင်ကတော့

"မှန်ပါ့ဘုရား။ တင့်ပါ့ဘုရား"

နောက်ဆရာတော်လည်း ခဏခဏပြောရတာ မောလို့ထင်သည်။ သိပ်ခေါ်ကာ ဆုံးမလေ့မရှိတော့ပေ။ ကိုလှမောင်ကတော့ မိအေးနဲ့မရခင်ကတည်းက သောက်လိုက်တဲ့အရက် သောက်မြဲ သောက်ဆဲပင်။ ဒေါ်ပလောင်မဘုံဆိုင်က ကိုလှမောင်အတွက် နိဗ္ဗာန်။ ကိုလှမောင်ဘဝ အရက်မရှိရင်မဖြစ်။ ဝိုင်းကောင်းလျှင် ပြောလိုက်သေးသည်။

"ဘာတဲ့ကွာ။ ဩော် အင်း လူကိုဖျက်အရက်၊ ရှင်ကိုဖျက် ဓဇ်တဲ့ကွ။ တကယ်တော့ အဲဒီစကားပုံက မှားတယ်။ လူကိုဂုဏ်တက် အရက်၊ ရှင်ကိုဖျက် ဓဇ်ကွ"

မူးနေတဲ့ အသံအက်ကွဲကွဲကြီးနဲ့ အော်ကာအော်ကာ အာလေးလျှာလေးကြီးဖြင့် ပြောသည်။

ဒီနေ့ ကိုလှမောင်အတော်မူးလာပုံရသည်။ အဆိုတော်စိန်ဝင်းထွန်းသီချင်းတောင်မဆိုနိုင်။ ကိုလှမောင် ရွာထိပ်ညောင်ပင်ကြီးအောက်ကနေ ရွာထဲဝင်လာတာ ဘယ်သူ့မှ မသိလိုက်။

"ဝေါ့. . . ဝေါ့. . ."

ဒီနေ့ အိမ်ခြံပေါက်ဝရောက်ရင် နေ့စဉ်ဖြစ်နေကျ။ သလိပ်ခပ်ထုတ်သံမကြားရ။ ခြေလှမ်းတွေကို ယိုင်နဲ့နဲ့ လှုပ်လီလှုပ်လဲ့လှမ်းပြီး အိမ်ပေါ်ကိုတက်လာသည်။ ထမင်းစားပွဲခုံလေးဘေး ရေနံဆီမီးခွက်အလင်းရောင်လေးနဲ့ အတူ ငုပ်တုတ်ကလေးထိုင်နေသည်။ ဒီနေ့ကလေးများကို မိအေး အခန်းထဲမှာအိပ်ခိုင်းထားသည်။

"လာပြန်ပလား မိအေး။ ငါဘယ်နှစ်ခါပြောရမလဲ"

ပိုက်ဆံတစ်ပြားမှမရှာနိုင်ပေမယ့် အိမ်ထောင်ဦးစီးဆိုတဲ့မာန်၊ မိအေးကြောက်မှန်းသိလို့ အတင့်ရဲခြိမ်းခြောက်သည်ဆိုလျှင် မမှား။ ကိုလှမောင် ထမင်းဝိုင်းကိုကြည့်ပြီး ပြောတဲ့အသံ ဖြစ်သည်။ မိအေးကတော့ ဖြစ်ရိုးဖြစ်စဉ်မို့ သိပ်မမှုတော့သလို ဒီနေ့ ကိုလှမောင်အိမ်ပြန်လာတာ ဆယ့်နှစ်နာရီကျော်ကျော်မှ ရောက်လာသည်။ ကိုလှမောင် ဘာမပြောညာမပြောနဲ့ မိအေးကို ထမင်းပန်းကန်နဲ့ လှမ်းပစ်လိုက်သည် ။

"ခွမ်း. . . . ချလွမ်"

မိအေးနဖူးပေါ်မှ သွေးများက ယိုစီးကျလာသည်။ မိအေး အိမ်အောက်ဆင်းပြေးသည်။ ကိုလှမောင်ပါးစပ်ကလည်း

"မသာမ ကျက်သရေကိုမရှိဘူး။ တစ်ခါလာလည်း ဒီဟင်း၊ ဒီထမင်း။ နင် ပြန်လာကြည့် ငါနဲ့တွေ့မယ်"

အရင်က တစ်ခါတစ်ရံ ကလေးတွေကိုခေါ်ပြီး ဆင်းပြေးချိန်ရှိသည်။ ဒီနေ့တော့ မိအေးနဖူးကဒဏ်ရာက သွေးတအားစီး၊ ညဉ့်လည်းနက်၊ ကလေးတွေအိပ်မောကျနေလို့ ကလေးနှစ်ယောက်ကိုတော့ ဒီအတိုင်းထားခဲ့လိုက်သည်။ မိအေးယောကျ်ားက ဒဏ်ရာဒဏ်ချက်ရအောင် လုပ်ပြီဆိုရင် ဒဏ်ရာကိုဆေးလည်းထည့်၊ အိပ်လည်း အိပ်လို့ရတဲ့ ဘကြီးသာကျော်ဆီ အမြဲသွားအိပ်သည်။

"မီးဗျို့ . . . မီးဗျို့. . . မီး. . . မီး"

မိအေးနားထဲကို အသံတွေ တဖြည်းဖြည်းတိုးဝင်လာသည်။ မိအေးမျက်လုံးဖွင့်သည်။ အပြင်က အသံတွေက ပိုကျယ်လာသည်။ ဘကြီးသာကျော်က မိအေးအိပ်တဲ့ အခန်းတံခါးကိုလာခေါက်သည်။

"ဟဲ့. . . မိအေး. . . မိအေး. . . ထစမ်း"

ဘကြီးသာကျော်အသံကြားမှ မိအေးလူးလဲထသည်။ အခန်းတံခါးကိုဖွင့်သည်။ တံခါးဖွင့်ဖွင့်ချင်း

"မိအေး ရွာထဲမှာ မီးလောင်နေတယ်"တဲ့။

မိအေးအတွေးက အိမ်ကိုပြေးမြင်သည်။ မိအေးမျက်ရည်ပူများစီးလာသည်။ စိတ်ထဲကလည်း ငါ့အိမ် မဖြစ်ပါစေနဲ့၊ ငါ့အိမ်မဖြစ်ပါစေနဲ့ ဆုတောင်းသည်။ မိအေး ဘကြီးသာကျော်ကို ခပ်ဖြည်းဖြည်းတွန်းဖယ်ပြီး ဘကြီးသာကျော်အိမ်ပေါ်ကနေ တံခါးဖွင့်ပြီးဆင်းပြေးသည်။ တစ်ရွာလုံးလည်း ဆူညံလို့ပင်။ မိအေးဆုတောင်း မပြည့်ခဲ့။ မိအေးအိမ်ကို မီးတောက်ကြီးက ဝါးမျိုနေပြီ။ ထန်းရွက်မိုး၊ ထရံ၊ ဝါးလုံးတိုင်တွေနဲ့မို့ လောင်စာအားက ပိုကောင်းသည်။ မိအေးတို့ရဲ့သားလေးတွေကိုခေါ်ဖို့ မီးတောက်မီးလျှံကြားကို အတင်းပြေးဝင်သည်။ လူတွေက ဝိုင်းဆွဲကြသည်။ မိအေး နှုတ်ဖျားကနေ အသံတစ်သံထွက်ကျလာသည်။

"ငါ့သားလေး နှစ်ယောက်၊ ငါ့. . . ငါ့. . . သားလေး နှစ်. . ."

မိအေးလူတွေဝိုင်းဆွဲနေတဲ့ကြားမှာပင် သတိမေ့သွားသည်။ ထိုနေ့မှစ၍ ကိုလှမောင်ရဲ့ သီချင်းဆိုသံလည်း မကြားရတော့သလို ဘောင်းဘီနွမ်းနွမ်းလေးတွေနဲ့ ကလေးနှစ်ယောက်ကိုလည်း မမြင်တွေ့ကြရတော့ပေ။

ဇီးဖြူကုန်းရွာကြီးရဲ့ ရွာအဝင် နတ်စင်ညောင်ပင်ကြီးအောက်မှာတော့ ဆံပင်စုတ်ဖွားဖွားနဲ့ အရိုးပေါ် အရေတင် အကျီညစ်ထေထေနဲ့ အမြဲတမ်းငေးငိုင်ထိုင်နေတတ်တဲ့ သူတစ်ယောက်တော့ တိုးလာခဲ့သည်။ ထိုသူကား မည်သူနည်း။ မိအေးပင်ဖြစ်ပါတော့သတည်း။ ။

■■■

# အကြင်သူကိုမေ့လိုလျှင်

## အမရာပြည့်ပြည့်သူ

B.A( Myanmar)

(၁)

"သူငယ်ချင်းရယ် အီး ဟီး ဟီး"

တစ်ယောက်တည်းသော အချစ်ဆုံးသူငယ်ချင်းလေး မီမီက ကျွန်မကိုဖက်ကာ ဟီးတိုက်ငိုနေလေသည်။ မီမီသည် အသည်းမာပါသည်။ တော်ရုံတန်ရုံ ငိုလေ့မရှိ။ မည်သည့်အခက်အခဲ၊ ဒုက္ခကိုမဆို တစ်ယောက်တည်း အံကြိတ်ပြီး ဖြေရှင်းတတ်သူလေးဖြစ်သည်။ ကျွန်မတို့နှစ်ယောက်စလုံးသည် နယ်မှလာခြင်းဖြစ်သည်။ အဆောင်နေကာ ကျောင်းတက်ရင်း တစ်ယောက်ကိုတစ်ယောက် ဖေးမစောင့်ရှောက်နေသူများလည်း ဖြစ်ကြသည်။ သူနာပြုတက္ကသိုလ်တက်နေကြသည့်ကျောင်းသူအချင်းချင်းတွေကြားထဲမှ မီမီနှင့် ကျွန်မသည် အတွဲဆုံးပင်ဖြစ်ပါသည်။ မီမီသည် သံယောဇဉ်အလွန်ကြီးတတ်သူလေးတစ်ယောက်လည်း ဖြစ်သည်။ အစွဲအလမ်းလည်း အလွန်ကြီးရှာသည်။ တစ်ယောက်ယောက်ကိုခင်ပြီဆိုပါက လည်း စိတ်ရောကိုယ်ရောနှစ်ပြီး ခင်တတ်သူလေးဖြစ်သည်။ ရိုးသားသည်။ ပွင့်လင်းသည်။

"ဘာဖြစ်လာတာတုံးဟ၊ ငါ့ကိုပြောပါဦး မီမီရဲ့"

"ကိုကို. . . ကိုကို ငါ့ကိုထားသွားပြီဟာ"

"ဘယ်လို"

ကျွန်မ အံ့သြမှင်တက်သွားရသည်။ မီမီသည် သူ၏ဘဝတွင် ပထမဦးဆုံးချစ်သူတစ်ယောက် ထားဖူးခြင်းသာဖြစ်သည်။ ထိုပထမဦးဆုံးချစ်သူကပင် သူ့ကိုထားသွားသည်တဲ့။ ဘာကြောင့်ပါလိမ့်။ မီမီသည် ကျွန်မထက်ပင် လှပါသည်။ အသားဖွေးဖွေးလေးနှင့် ချစ်စရာကောင်းသည်ဆိုလျှင် ပိုမှန်ပေလိမ့်မည်။ အတန်းထဲတွင် စာလည်းတော်သည်။ ကျွန်မသည်သာ တစ်ခါတစ်ရံ စာမေးပွဲများတွင် ကျလေ့ရှိသော်လည်း မီမီသည်ကား ကျရိုးထုံးစံမရှိ။ အမှတ်တွေများနေသောကြောင့် ဆုတွေပင်ရလေ့ရှိသည်။ အချင်းချင်းတွေအပေါ်လည်း နားလည်မှုရှိသလို အမြဲသည်းခံခွင့်လွှတ်ပြီး ပေါင်းသင်းတတ်သူလေးလည်း ဖြစ်သည်။ ကျွန်မအနေနှင့်တော့ မီမီ့အပေါ် အပြစ်ဟူ၍ တစ်စုံတစ်ရာမျှမတွေ့ပေ။

"သူက ဘာလို့ နင့်ကိုထားသွားရတာလဲ"

"သူကပြောတယ်ဟ၊ ငါ့လို ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို ဆက်ပြီး လက်မတွဲနိုင်တော့ဘူးတဲ့။ သူ့လို နာမည်ရနေတဲ့ တက်သစ်စအဆိုတော်တစ်ယောက်အနေနဲ့ ငါ့ထက်သာတဲ့ မိန်းကလေးကိုပဲ ရွေးချယ်ချင်လို့ပါတဲ့"

"တောက်. . . ဒါ သက်သက်လူပါးဝတာ"

ကျွန်မမှာ မီမီပြောသမျှ နားထောင်ရင်း ဒေါသတွေ အလိပ်လိုက်ထွက်နေမိသည်။

"ငါ သူ့ကိုစိတ်မဆိုးရက်ပါဘူးဟာ။ သူက ငါ့ဆီကခွင့်တောင်းပြီးမှ ထွက်ခွာသွားတဲ့သူတစ်ယောက်ပါ။ သူ့အတွက် ဘာမှအသုံးမဝင်တဲ့ ငါ့ကိုယ်ငါပဲ အပြစ်တင်သင့်ပါတယ်ဟာ"

နောက်ဆုံးအချိန်အထိ မီမီက သူ့ချစ်သူကို နားလည်ခွင့်လွှတ်ပေးနေဆဲပင်။ သို့သော် ရှိုက်ကြီးတငင်ငိုကြွေးလျက်ပင်။

"ငါ သူ့ကို အရမ်းချစ်တယ်ဟာ။ သူ ငါ့အပေါ်ကို စိတ်ကုန်နေတယ်ဆိုတာ ငါ အစောကြီးကတည်းက သိထားပြီးသားပါဟာ။ ဒါ. . . ဒါပေမယ့် ငါသူ့ကိုမစွန့်လွှတ်နိုင်လို့ မသိချင်ယောင်ဆောင် တွယ်ကပ်နေမိတာ"

မီမီ အရမ်းချစ်တတ်သည်ကိုသိထား၍ ကျွန်မ ပိုပြီးစိတ်မကောင်းဖြစ်မိသည်။ ဒုတိယနှစ် နှစ်ကုန်စာမေးပွဲကလည်း ဖြေဆိုရန် နှစ်ပတ်သာလိုတော့သည်။ မီမီအတွက် ရင်လေးမိသည်။

(၂)

စာကျက်နေရင်းမှ စားပွဲပေါ် မှောက်ခုံအိပ်ပျော်နေသော ကျွန်မ ဆတ်ခနဲ လန့်နိုးသွားသည်။ နာရီကြည့်လိုက်တော့ ည ဆယ်နာရီပင် ထိုးနေချေပြီ။ မီမီတစ်ယောက် ဘယ်ရောက်နေပါလိမ့်။

"မီမီရေ. . . မီမီ"

အော်ခေါ်ရင်း ကျွန်မ အခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။

"မီမီ နင် . . နင် ဒါဘာလုပ်နေတာလဲ"

ကျွန်မစိုးရိမ်စိတ်များ၊ ဒေါသစိတ်များဖြင့် မေးမိသည်။ ကျွန်မတို့ ခေါင်းကိုက်ဖျားနာလျှင် အလွယ်တကူသောက်ရန် ဆောင်ထားသော ပါရာစီတမောနှင့် ဘာမီတွန် ဆေးဘူးနှစ်ဘူးကား မှောက်လျက်ကျနေသည်။ ထိုဘေးတွင် မီမီက ဆေးများကို တစ်လုံးပြီး တစ်လုံး သောက်နေလေသည်။

"မီမီ နင်ရူးနေလား။ သေတော့မှာပဲ"

ပြောလည်းပြော မီမီ့လက်ထဲမှ ဆေးလုံးများကိုလည်း ပုတ်ချပစ်လိုက်သည်။ သို့သော် ဆေးလုံးများကား သုံးဆယ်ခန့်တော့ ဝင်သွားပြီ ထင်သည်။ တအေ့အေ့နှင့် ပျော့ခွေနေသော မီမီ့ကို ကျွန်မ medical ward သို့ တခြားသူငယ်ချင်းများကို အကူအညီတောင်းကာ ခေါ်ခဲ့ရတော့သည်။ ဟိုရောက်တော့ မီမီ့ကို နှာခေါင်းပိုက်အလျှင်အမြန်ထည့်ပြီး stomach wash out (အစာအိမ်ဆေးကြောခြင်း)ကို လုပ်ပေးသည်။ အရောက်မြန်၍သာ တော်သေးသည်။ နို့မို့ဆို မတွေးရဲစရာပင်။အခြေအနေတွေ ငြိမ်သွားသောအခါမှ မီမီ့ကို ကျွန်မဆူမိသည်။

"ဘာလို့ ဒီလိုလုပ်ရတာလဲ သူငယ်ချင်းရယ်။ ယောကျ်ားတစ်ယောက်အတွက်နဲ့များ နင်မတန်ပါဘူးဟာ"

"အဟင့် ဟင့် ငါသူ့ကို အရမ်းချစ်တာပါဟာ။ ဒါပေမယ့် သူက ပစ်ပစ်ခါခါထားခဲ့တော့ ငါဘယ်လိုမှ မခံစားနိုင်လို့ပါ"

"နင် အဲလိုလုပ်တာမှားတယ် မီမီ။ သူ နင့်ကို ဘာကြောင့်ထားခဲ့တာလဲဆိုတာ နင် သိတယ်မဟုတ်လား။ ပြော ငါ့ကိုပြော ဘာလို့ ထားခဲ့တာလဲ"

"ငါက ဘာမှမဟုတ်တဲ့ မိန်းကလေး တစ်ယောက်မို့လို့တဲ့"

"အေး အဲဒီစကားကိုလေ နင် စိတ်မကောင်းဖြစ်နေရမှာမဟုတ်ဘူး။ စိတ်နာနေရမှာသိလား။ ရှင်းရှင်းလေးပဲ။ နင်က ဘာမှမဟုတ်လို့ သူက နင့်အနားမနေချင်တာ။ အေး တစ်နေ့ နင်က တစ်ခုခုဟုတ်သွားတဲ့အခါကျရင်တော့ သူအပါအဝင် တခြားယောကျ်ားတွေလည်း ရောက်လာလိမ့်မယ်သူငယ်ချင်း။ နင် လုပ်ယူလို့ရတဲ့အရာတစ်ခုကို ဘာမှမလုပ်ဘဲ ဒီအတိုင်းကြီးစွန့်လွှတ်တာကမှ နင့်အမှား"

"ငါ. . . ငါ မှားသွားတယ် သူငယ်ချင်း"

"သိရင်လည်း အခုကစပြီး စာမေးပွဲအတွက် စာကျက်တော့"

အပြုံးတစ်ဝက်၊ အငိုတစ်ဝက်ဖြစ်နေသော သူငယ်ချင်းလေးကို ကျွန်မ ထွေးပွေ့ထားမိသည်။ အချစ်ကိုစတင်တွေ့ရှိဖူးတဲ့ မိန်းကလေးတွေက ပိုချစ်တတ်လေတော့လည်း ပိုခံစားရချေတော့သည်။

(၃)

ကျောင်းလေးနှစ်ပြီးသွားတော့ မီမီရော ကျွန်မပါ ရန်ကုန်ဆေးရုံကြီးတွင် တာဝန်ကျကြသည်။ နှစ်ယောက်စလုံး အရေးပေါ်တွင် နေရသည်။ အရေးပေါ်ဖြစ်သည့်အတွက် ပြဿနာတွေက တစ်မျိုးပြီးတစ်မျိုးမရိုးအောင် လာလေတော့သည်။

တစ်နေ့တွင် မီမီအဖြစ်နှင့်ဆင်တူသည့် လူနာတစ်ဦး ရောက်လာသည်။ မီမီ တကယ်ပင် တုန်လှုပ်မိပါသည်။ သူကိုယ်တိုင် မစဉ်းစားမဆင်ခြင်ဘဲ လုပ်မိစဉ်အခါက ဘာမှန်းမသိခဲ့သော်လည်း ယခုလူနာကို မြင်တော့ ဒေါသထွက်မိသည်။ ကြည့်ပါဦး။ အသက်က ငယ်ငယ် ရုပ်ကချောချောလေးရယ်။ မီမီ သူ့မိဘတွေကိုမေးကြည့်တော့ ရည်းစားပစ်သွားလို့ဟု ပြောသည်။ ဖြစ်မှ ဖြစ်ရလေ။ လူနာက GTC ကျောင်းသူလေးပင်။ သူ၏မိဘတွေလည်း ငိုယိုနေကြသည်။ဘာပဲပြောပြော မိဘတွေ သနားဖို့ကောင်းသည်။ လူနာမိန်းကလေးအနေဖြင့်လည်း အကယ်၍ သေဆုံးခဲ့သည်ရှိသော် အချည်းနှီးသေဆုံးခြင်းသာ ဖြစ်ပေရော့မည်။ ပစ်ခွာခဲ့လေပြီးသော သူ့ချစ်သူက ပျော်ပျော်ပါးပါးစံစားနေချိန်တွင် မိမိမှာမချိမဆံ့ ဝေဒနာခံစားရသည်။ မမျှတ။ လုံးဝကို မမျှတချေ။ ကိုယ်နာကျင်သလို သူနာကျင်ရမယ်ဆိုရင်တော့ ထားဦးတော့။ အခုလိုဖြစ်ရသည်က လုံးဝကိုမတန်ချေ။

"ဟဲ့ မီမီ မြန်မြန်လုပ်။ လေယာဉ်နောက်ကျနေဦးမယ်"


"အေးပါဟဲ့"

သည်နေ့ မီမီတို့ ERC 9 month course ကို အင်္ဂလန်တွင်သွားတက်ရန် ပြင်ဆင်နေကြခြင်းဖြစ်သည်။ သည့်နောက်ပိုင်း မီမီ့ကို ချစ်ခွင့်ပန်သူများရှိနေသော်ငြား မီမီ ချစ်သူရည်းစားမထားတော့ပေ။ မီမီ အသည်းနင့်အောင် အသက်နှင့်ရင်းပြီးချစ်ခဲ့ရသည့်သူကို မေ့လို့မရခဲ့သည်မှာလည်း အမှန်တရားတစ်ခုပင်။ သူ့ကိုသတိရသည့်အခါရှိသည်။ တိုက်ဆိုင်မှုများတွေ့လျှင် လွမ်းဆွတ်ရသည့်အခါများလည်း ရှိသည်။ သို့သော် သူ့ကိုသတိရတိုင်း စာတွေပိုဖတ်ဖြစ်မိသည်။ သင်တန်းတွေ ပိုတက်မိသည်။ သူပြောခဲ့သည့် သာမညမိန်းကလေးတစ်ယောက်မှ အထင်ကရမိန်းကလေးတစ်ယောက်ဖြစ်စေရန် နိုင်ငံခြားပညာတော်သင်ကို ရအောင်ကြိုးစားခဲ့ခြင်းဖြစ်သည်။ ။

မင်္ဂလာထုတ်
မဖွဲးယုဓဝ စီစဉ်သည်
မင်္ဂလာဓမ္မာဝိမယ်ပီ ရုပ်စုံ
မင်္ဂလာရောင်ခြည်စာပေ၊ အမှတ်–၂၆၆၊
လမ်း–၄၀(အထက်)၊ ရန်ကုန်။ ဖုန်း–၃၇၄၉၃၂

Maths & English
# Special Summer Program!!
Special Discount until the end of February
Level Check Free!
(၃)လပြတ် သင်တန်း
ကျောင်းဝင်ကြေး Free!
**Mathematics**
ကိုယ်တိုင်နားလည်ပြီး တွက်ချက်နိုင်သော စွမ်းရည်ရအောင် အဓိကသင်ကြားပေးသော သင်တန်း
**English**
နိုင်ငံရပ်ခြားရှိ ဆရာ၊ဆရာမများနှင့် တစ်ဦးချင်းသင်ကြားစနစ်ဖြင့် သင်ကြားပေးနေသော One by One အင်္ဂလိပ်စာသင်တန်း
37 years in Japan
## Gakken Education Centre
Japan ပညာရှင်များ ပြုစုထားသော ကိုယ်ပိုင် သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားသည်။
Yankin School (ရွှေအုန်းပင်အိမ်ရာ) ☎ 01-559256/01-8605310
Hledan School (4F,Hledan Centre) ☎ 01-2307803
Website >> www.gakken-ace.com
Email >>>> info@gakken-ace.com
Facebook > gakken education
To enhance the ability to read and think for higher achievement
Gakken Maths

ပညာအချင်းဘာဝအလင်းနှင့်ပြည့်စုံထွန်းတောက်လိုသူတို့အတွက်ကွန်းခိုရာ
NYEIN NAC PRIVATE HIGH SCHOOL
ငြိမ်း
ဆရာဦးထွန်းကျော်ဦး (ဂုဏ်ထူးသချ်ာ)
MPA, B.Sc (Phys), A.G.T.I (Civil), DBL, Dip in Eng (Y.U.F.L)
တည်ထောင်အုပ်ချုပ်သင်ကြားသော
## ကိုယ်ပိုင်အထက်တန်းကျောင်း
သင်ပျော်ရင်တာထက် သင်ရသင့်တာထက်ပိုပိုသာလွန်ထူးချွန်စေရမည်။


ကျောင်း– မြေအမှတ်(၁၈) သုနန္ဒာလမ်းမကြီး၊ ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ – ၄၃၀၇၅၃၉၃၊ ၀၉ – ၇၃၂၀၅၃၉၃

## နွေရာသီအခြေခံနှင့် အဆင့်မြင့်ရေကူးသင်တန်း
အားကစားနှင့်ကာယပညာဦးစီးဌာန၊မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် မှ
ကြီးမှူးဖွင့်လှစ်ပြီး လက်ရွေးစင်ရေကူးသမားဟောင်းများမှ ကြီးကြပ်သင်ကြားပို့ချမည့်
နွေရာသီအခြေခံနှင့် အဆင့်မြင့်ရေကူးသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါ၍
စာရင်းပေးသွင်းရန် လာရောက်စာရင်းပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။
နေရာ ။ ။ အမျိုးသားရေကူးကန်
နေ့ရက် ။ ။ 18-2-2017( SAT ) မှ စတင်လက်ခံမည်။
အချိန် ။ ။ နံနက် ၀၉း၀၀ မှ ၁၂း၀၀ အတွင်း
သင်တန်းစတင်မည့်ရက် ။ ။ 25-2-2017( SUN )
အသေးစိတ်အချက်အလက်များကို စာရင်းပေးသွင်းသည့်ရက်တွင် စုံစမ်းသိရှိနိုင်ပါသည်။
ဆက်သွယ်ရန် ဖုန်းနံပါတ်များ
09-5089345
09-5119214
09-73246612
မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်

၂၀၁၇ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်စွာဖြေဆိုနိုင်စေရန် ဆုမွန်ကောင်းတောင်းလျက်...
"ဖြေဆိုချိန် (၃) နာရီအတွင်း မေးခွန်းတစ်ပုဒ်ချင်းစီကို အချိန်မှန်ကန်စွာ ခွဲဝေသတ်မှတ်ပြီး အောင်ပန်းတွေဆွတ်ခူးနိုင်ဖို့ လက်ပတ်နာရီတစ်လုံးတော့ လိုအပ်တယ်"
Exam Discount
All Watches (15%) Off
FEB 18 - MAR 5
မှတ်ချက်။ ။စာမေးပွဲဖြေဆိုခွင့်ကတ်ပြား မိတ္တူပြ၍ ဝယ်ယူနိုင်ပါသည်။
နာရီဆိုင်
ချယ်ရီဦး
https://www.facebook.com/cherryoowatchgallery.
CONTACT : 09-73022248

### ရော်ဘာခြံရောင်းမည်(အရစ်ကျ-ညှိနှိုင်း)
(၁) ရွှေကျင်-ကျောက်ကြီး (အာဆီယံလမ်းမပေါ်) အစေးလှီး(၁၁. ၅၀)ကေ တစ်ကေ သိန်း(၈၀)
(၂) သရက်ချောင်းရွာ(နွံ့အိုင်)အနီး၊ အစေးလှီး(၁၅)ကေ၊ တစ်ကေ သိန်း(၃၀)
(၃) အားလုံးပုံစံ(၇)ကျပြီး
ဆက်သွယ်ရန် ဖုန်း-၀၉-၄၅၀၀၁၁၄၀၆၊ ၀၉-၇၉၅၈၀၆၉၉၇

### ရောင်းမည်
ပေ(၁၄×၅၅)၊ မြေညီ၊ ရေကျော်၊ ဒေါနလမ်း၊ ပုဇွန်တောင်၊ ပြင်ဆင်ပြီး
**သိန်း(၈၀၀)**
ဖုန်း-၀၉-၅၁၁၆၂၄၃

### ရောင်းမည်
ပေ(၁၈×၆၀)၊ 3rd FL
ဗိုလ်တထောင်ဈေးလမ်း၊
သိန်း(၁၂၀၀)
ဖုန်း-၀၉-၅၁၅၉၈၉၃

## မြင့်မြတ်ကျော်ကုမ္ပဏီမှ နိုင်ငံတကာအဆင့်မီ
(ကာလာသွပ်၊ ပါလင်မျှားတန်း၊ Deck Sheet )မျိုးစုံ နှင့် Steel Structure Fabrication
တို့ကို ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများအား လိုအပ်သော တန်ချိန်အလိုက် ထုတ်လုပ်အပြီး
လက်ကားဈေးနှုန်း များဖြင့် ရောင်းချ ပေးနေပါသည်။
ကာလာသွပ် 55% အလူမင်(ကာလာ ၅နှစ် အာမခံ) (0.42, 0.44)mm တစ်တန် - (13.50) သိန်း
Deck Sheet/ ပါလင်မျှားတန်း(Z 80 GI Coil) (0.8 ~ 2.0)mm တစ်တန် - (9.20) သိန်း/(9.30) သိန်း
Steel Structure - H-Beam(Rz)/ Steel(SS400) Fabrication တစ်တန် - (9.10) သိန်း/(11.50) သိန်း
နိုင်ငံတကာအဆင့်မီ (MMK) (10)ပေါက် စက်ကြီးအုတ်–(83/ks) အထိုင်ဈေး
MMK Head Office: No.(527/.529), 6th Floor, Lower Pazundaung Rd, Pazundaung Tsp.
Phone: 01-9000300, 9000301, 09-73201856, 09-73098771, 09-965149148, 09-73238130
Fax: 01-299201 Website: www.mmkgroup.com Email: mmktrading999@gmail.com

### (၁၃-၂-၂၀၁၇)နေ့ထုတ် ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ–၂၉ပါ ဦးတင်မောင်သိန်း၊ ဦးကျော်မင်းထွန်း၊ ဦးမင်းဇော် (တရားလွှတ်တော်ရှေ့နေများ)၏ကန့်ကွက်နိုင်ကြောင်းကြေညာခြင်းအပေါ် ပြန်လည်ကန့်ကွက်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးကြည်ဝင်း (၁၂/ပဘတ(နိုင်)၀၀၇၀၁၅) နှင့် ဦးအုန်းမောင် (၁၂/ပဘတ (နိုင်) ၀၀၇၁၀၅)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ကန့်ကွက်ကြေညာအပ်ပါသည်။

လူကြီးမင်းတို့၏ (၁၃-၂-၂၀၁၇)ရက်နေ့ထုတ် ကြေးမုံသတင်းစာကြော်ငြာပါ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ် (၃၅၃/၃၅၅)၊ မြေညီထပ်၊ အကျယ်အဝန်း (၂၅ပေ ×၆၀ပေ) တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကွယ်လွန်သွားပြီဖြစ်သော မိဘနှစ်ပါးမှ မိခင်ဖြစ်သူ ဒေါ်ခင်အေးအမည်ပေါက်ပြီး ယင်းမြေကွက်ပေါ်ရှိ အဆိုပါတိုက်ခန်းအပါအဝင် အဆောက်အဦးတစ်ခုလုံးရှိ ကျန်တိုက်ခန်းအားလုံး၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးကြည်ဝင်း၊ ဦးအုန်းမောင် နှင့် ဦးအုန်းမြင့်အပါအဝင် ကျန်ညီအစ်ကိုမောင်နှမများ၏အမွေဆိုင်ပစ္စည်းများဖြစ်သည့်အတွက် ယခုကဲ့သို့ ဦးအုန်းမြင့်တစ်ဦးတည်းမှ လွှဲပြောင်းရောင်းချခြင်းအားကန့်ကွက်ပါကြောင်း လူကြီးမင်းတို့နှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ –
ဦးစိန်မင်း A.G.T.I (M.T), LL.B (စဉ်–၅၀၆၆)
တရားလွှတ်တော်ရှေ့နေ

| | | | |
|---|---|---|---|
| ဒေါ်ယုယုမော် | ဒေါ်ယဉ်ယဉ်အေး | ဒေါ်ကတ္တာမေဆုလိှုင် | ဒေါ်သင်းသိရိအောင် |
| စဉ်–၁၀၃၀၀ | စဉ်–၁၀၃၀၂ | စဉ်–၂၅၁၇၀ | စဉ်–၃၉၀၇၃ |

တရားလွှတ်တော်ရှေ့နေများ　　　　အထက်တန်းရှေ့နေများ

ရုံး–အခန်း (၃၀၁/၁)၊ တိုက်(၉/၁၁)၊ ၃၆–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အိမ်–အမှတ်–၁၃၅၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး၊ (က+ဝ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၅၁၀၀၅၆၉၄၊ ၀၉–၅၉၈၄၅၈၄၀၀၊ ၀၁–၅၄၁၂၆၅

# "သီလပရိဓောတာ ပညာ၊ ပညာပရိဓောတံ သီလံ"
# မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ်
# အကြိုဒီပလိုမာသင်တန်း(ဒုတိယအသုတ်) လျှောက်လွှာခေါ်ယူခြင်း

မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ်သည် "နေနည်းရှေးကျ၊ သင်နည်းခေတ်မီ"ဟူသော ရှေးမထေရ်မြတ်ကြီးတို့၏ဩဝါဒကို ဦးထိပ်ပန်ဆင်လျက် သီလ သုတ စွယ်စုံရသော ပညာရှင်ရဟန်းတော်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ပထမအသုတ် သင်တန်းသား (၃၈)ပါး တက်ရောက်သင်ယူလျက်ရှိပါသည်။ ဒုတိယအသုတ်သင်တန်းများကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲကို ၂၀၁၇ ခုနှစ်၊ မေလ(၇-၈) [၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း (၁၃-၁၄)]ရက်များတွင် ကျင်းပမည်ဖြစ်ပါသည်။

**အကြိုဒီပလိုမာသင်တန်း (ဒုတိယအသုတ်) သင်တန်းသားအရည်အချင်း**

* အသက်(၃၀)၊ သိက္ခာ(၁၀)ဝါအတွင်း ဖြစ်ရမည်။ (သဒ္ဓါတရားလွန်စွာထက်သန်သူများအတွက် အသက်ကို ခြွင်းချက်ထားသည်။)
* ဝိနည်းတော်ကို အသက်သဖွယ်မြတ်နိုးလျက် သာသနာချစ်စိတ် ပြင်းထန်သူဖြစ်ရမည်။
* ကိုယ်လက်အင်္ဂါချို့ယွင်းသူ=ပရိသဒူသကပုဂ္ဂိုလ်မျိုးမဖြစ်စေရ။
* အဆောင်နေစာသင်သား ရဟန်း သာမဏေများကိုသာ လက်ခံမည်။

(က) ဓမ္မာစရိယဘွဲ့တစ်ခုခုရရှိထားသူ(အစိုးရ/အသင်း)၊ -သာမဏေကျော်(သာသနာလင်္ကာရ)ဘွဲ့တစ်ခုခုရရှိထားပြီး၊ ဓမ္မာစရိယစာဝါများကို ကျေညက်စွာဆည်းပူးထားသူ၊ -မဟာဝိဒူဘွဲ့တစ်ခုခုရရှိထားသူ၊ -ကျောင်းတိုက်တစ်ခုခုမှ တိုက်တွင်း ဓမ္မာစရိယစာမေးပွဲအောင်မြင်ထားသူ (ခြွင်းချက်အနေဖြင့် ပထမကြီးတန်းအောင်မြင်ထားပြီး ဓမ္မာစရိယနည်းနာများကို ကျေညက်စွာ ဆည်းပူးထားပြီးသူများလည်း ဝင်ရောက်ဖြေဆိုနိုင်ပါသည်။) သင်တန်းသားများသည် ဝင်ခွင့်စာမေးပွဲတွင် ဓမ္မာစရိယဆိုင်ရာ မေးခွန်းလွှာများကိုဖြေဆိုရန်ဖြစ်ပြီး အင်္ဂလိပ်စာအခြေခံရှိရန်မလိုပါ။

(ခ) ဆယ်တန်းအောင်၊ ဘွဲ့ကြို၊ ဘွဲ့ရ၊ ရဟန်းသာမဏေများလည်း ဝင်ခွင့်စာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်ပါသည်။ ဝိနည်းဆိုင်ရာမေးခွန်းများကို ဖြေဆိုကြရမည်။ ပထမနေ့၌ ဝိနည်းဘိက္ခုပါတိမောက် အာဂုံမေးခွန်းနှင့် ဒွေမာတိကာပါတိမောက်(၂)စောင် အနက်ပေးမေးခွန်း၊ ဒုတိယနေ့၌ ဝိနည်းအဓိပ္ပာယ်မေးခွန်းများကို ဖြေဆိုရမည်။

အကြိုဒီပလိုမာသင်တန်းသည် (၁၈)လကြာမြင့်မည်ဖြစ်ပြီး ဓမ္မဝိနယဆိုင်ရာ အင်္ဂလိပ်စာနှင့် အထွေထွေအင်္ဂလိပ်စာတို့ကို အခြေခံမှစ၍ Four Skills Special Trainingဖြင့် အထူးသင်ကြားပေးမည်။ အကြိုဒီပလိုမာတန်း(၁၈)လ အောင်မြင်ပြီးပါက (Dip in B.Dh)ကို (၁၂)လ သင်ယူရမည်ဖြစ်ပြီး နောက်ထပ်(၁၈)လ လေ့လာဆည်းပူးလျှင် B.A(B.Dh) ဘွဲ့ကိုရရှိမည်ဖြစ်ပါသည်။ ဒီပလိုမာတန်းနှင့် အထက်အဆင့်များတွင် အင်္ဂလိပ်ဘာသာကို ကြားခံဘာသာစကားအဖြစ် အသုံးပြုမည်ဖြစ်ပါသည်။

**မှတ်ချက်။** ဤတက္ကသိုလ်၌ ဓမ္မာစရိယအရှင်မြတ်များကို အကြိုဒီပလိုမာတန်းမှစ၍ သင်တန်းပေးရခြင်းမှာ အင်္ဂလိပ်စာကို နိုင်ငံတကာအဆင့်မီ တတ်မြောက်စေလိုသောကြောင့်ဖြစ်ပါသည်။

အကြိုဒီပလိုမာတန်းအတွက် ဝင်ခွင့်လျှောက်လွှာနှင့် ပြဋ္ဌာန်းကျမ်းမေးခွန်းနမူနာများကို အောက်ပါနေရာများတွင် ရယူလျှောက်ထားနိုင်ပါသည်။ ဝင်ခွင့်လျှောက်လွှာကို ၂၀၁၇ ခုနှစ်၊ မေလ ၅ ရက် နောက်ဆုံးထားပေးပို့ရပါမည်။

၁။ ကျောင်းသားရေးရာဌာန၊ မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ်၊ ဖုန်း-၀၉-၂၆၄၅၅၆၅၅၃။
၂။ www.mdumyanmar.comတွင်ဝင်ရောက်ကြည့်ရှုလေ့လာပြီး လျှောက်ထားနိုင်ပါသည်။
၃။ ပါမောက္ခချုပ်ဆရာတော်၊ မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ်၊ ဖုန်း-၀၉-၇၃၀၀၄၂၆၄။
၄။ ဒုတိယပါမောက္ခချုပ်၊ မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ်၊ ဖုန်း-၀၉-၅၀၈၉၃၃၄။
၅။ ဆရာဦးဉာဏ်ဝင်းထက်၊ ဖုန်း-၀၉-၅၀၆၆၃၀၆။
၆။ ဒေါက်တာစောမရအောင်၊ ဖုန်း-၀၉-၄၂၀၄၀၃၅၁။
၇။ ဒေါက်တာဟန်ဝင်း၊ ဖုန်း-၀၉-၄၂၅၃၀၃၆၉၉

## ဖောင်ကြီးသူရ(၁၀)
## (၄၁)နှစ်မြောက် တွေ့ဆုံပွဲဖိတ်ကြားခြင်း

၁၉၇၆-၁၉၇၇ သူရ(၁၀) သင်တန်းဆင်း သူငယ်ချင်းများတွေ့ဆုံပွဲကို ၄-၃-၂၀၁၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ခွဲခွာသွားကြသည့် သူငယ်ချင်းများအားရည်စူး၍ ဆွမ်းကပ်အမျှဝေလှူဒါန်းခြင်းနှင့် အာစရိယပူဇော်ပွဲ ပြုလုပ်မည်ဖြစ်ပါသဖြင့် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်၊ မူလကမ္ဘာအေးဘုရားကျောင်းသို့ သူငယ်ချင်းများ၏ မိသားစုများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ထိုနေ့ ၁၈း၀၀နာရီတွင် တော်လှန်ရေးပန်းခြံရှေ့၊ ရွှေတိဂုံဘုရား မြောက်ဘက်မုခ်အနီး၊ ဗဟန်းအားကစားကွင်းဝင်းအတွင်းရှိ M-3 Food Centre တွင် ပြုလုပ်မည့် မိတ်ဆုံစားပွဲသို့ အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများ ဖိတ်စာမရသော်လည်း မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**သူရ(၁၀)တွေ့ဆုံပွဲ ကျင်းပရေးကော်မတီ**

## ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## Yangon Bus Public Company Limited (YBPC)
## ပထမအကြိမ်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

၁။ ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(YBPC)၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီ၏အစုရှယ်ယာရှင်များအားလုံး တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာ ကြိုတင်အသိပေး ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၁၁-၃-၂၀၁၇ ရက် (စနေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် ၉း၀၀ နာရီ |
| ကျင်းပမည့်နေရာ | - | Dolphin Restaurant မြေပဒေသာဥယျာဉ်ဝင်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ရှေ့၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |

၂။ အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးဖိတ်စာနှင့်အတူ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၏ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းတို့ကို စာတိုက်မှတစ်ဆင့် ပေးပို့မည်ဖြစ်ပါသည်။ YBPC၏ Website(www.yangonbuspubliccompany.com)နှင့် Facebook(Yangonbuspubliccompanylimited-BRT lite)တို့တွင်လည်း ကြည့်ရှုနိုင်ပါသည်။

၃။ အစုရှယ်ယာရှင်များအနေဖြင့် အစည်းအဝေးဖိတ်စာ ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ အစုရှယ်ယာလက်မှတ်မူရင်းနှင့် နိုင်ငံသားမှတ်ပုံတင်မူရင်းယူဆောင်၍ အစုရှယ်ယာရှင်တစ်ဦး အစည်းအဝေးသို့တက်ရောက်နိုင်ပါကြောင်းနှင့် ကိုယ်တိုင် မတက်ရောက်နိုင်ပါက ၎င်းအထောက်အထားများအပြင် သတ်မှတ်ထားသော ကိုယ်စားလှယ်လွှဲစာပုံစံတွင်ဖြည့်စွက်၍ ကိုယ်စားလှယ်မှ နိုင်ငံသားမှတ်ပုံတင်မူရင်း ယူဆောင်လာပြီး အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ပေးပါရန် အလေးအနက်ထား ဖိတ်ကြားအပ်ပါသည်။

၄။ အကြံပြုချက်နှင့်ဖြေကြားပေးစေလိုသည့်မေးခွန်းများကို ၆-၃-၂၀၁၇ ရက် နောက်ဆုံးထားပြီး YBPC Email(yangonbuspubliccompanylimited@gmail.com)သို့ လည်းကောင်း (သို့မဟုတ်) အမှတ်(၁၃၁/၁၃၃)၊ ပထမထပ်(ဝဲ) ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ ရုံးခန်းသို့ ရုံးချိန်အတွင်းစာဖြင့် အချိန်မီပေးပို့ မေးမြန်းနိုင်ပါသည်။

၅။ အစုရှယ်ယာရှင်များအတွက် ဧည့်ခံကျွေးမွေးခြင်းနှင့် ထိုင်ခုံနေရာ အဆင်ပြေစွာကြိုတင်စီစဉ်နိုင်ရန် အစည်းအဝေးတက်ရောက်နိုင်ခြင်း ရှိ/မရှိ ပြန်ကြားပေးခြင်းကို ၇-၃-၂၀၁၇ ရက် နောက်ဆုံးထား၍ ဖုန်း-၀၉-၂၆၄၈၂၄၂၆၂၊ ၀၉-၉၆၉၇၅၅၅၁၂၊ ၀၁-၃၉၇၈၅၀ များသို့ ရုံးချိန်အတွင်း ဆက်သွယ်အကြောင်းပြန်ကြားပေးပါရန်နှင့် သိရှိလိုသည်များကို ဖော်ပြပါဖုန်းနံပါတ်များသို့ မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၆။ အစုရှယ်ယာ လက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်ခြင်း၊ လွှဲပြောင်းခြင်းစသည့် အစုရှယ်ယာနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ၂၂-၂-၂၀၁၇ ရက်မှ ၁၅-၃-၂၀၁၇ ရက်အထိ ခေတ္တရပ်နားထားမည်ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**







## ကားရောင်းမည်
## (ပိုင်ရှင်ကိုယ်တိုင်)

Nissan Counter 6 ဘီး
ရန်ကုန်လိုင်စင်/သက်တမ်းရှိ
(၉က/----)သိန်း(၁၃၀)
**ဖုန်း-၀၉-၅၀၈၁၆၄၆၊ ၀၉-၄၄၈၅၄၂၀၇၁**

## အခန်းငှားမည်
## (ပွဲစားမလို)

ဗိုလ်အောင်ကျော်လမ်းအထက်ဘလောက်၊ စီတီးရှိုင်းကွန်ဒို။
**ဖုန်း-၀၉-၇၃၂၁၄၈၃၄**

# စုစုအေးအောင်
# လေးဖက်နာပျောက်ဆေး

# စုစုအေးအောင်
# ဝမ်းမှန်အကြောပြေဆေး




သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## Multi-Colour Travels & Tours Co.,Ltd.

*Hot Line: 09-793 110 861*
*www.myanmarmulticolourtravels.com*

### ၂၀၁၇ နွေရာသီ ကျောင်းပိတ်ရက် နှင့် သင်္ကြန် အတွက် ပြည်ပ အထူး ခရီးစဉ်များ

- ဥရောပ (6 Countries) (15 Days / 14 Nights)
- ဥရောပ (3 Countries) (11 Days / 10 Nights)
- အမေရိကား (16 Days) (East & West Coast)
- ဂျပန်/အိုဆာကာ/ကျိုတို (9 Days / 8 Nights)
- ကိုရီးယား (ဆိုးလ်) (6 Days / 5 Nights)
- ဆိုးလ် - ဂျယ်ဂျူး - ဘူဆန် (8 Days / 7 Nights)
- ဒူဘိုင်း (7 Days / 6 Nights)
- ဟန်နွိုင်း - ဟာလောင်းဘေး (4 Days / 3 Nights)
- ဟိုချီမင်း - မွေ့နဲ - ဒါလတ် (5 Days / 4 Nights)
- ဟိုချီမင်း - Bana Hill (5 Days / 4 Nights)
- ထိုင်ဝမ် (7 Days / 6 Nights)
- ဟောင်ကောင် -မကာအို (5 Days / 4 Nights)
- ရှန်ဟိုင်း - ဘေဂျင်း (5 Days / 4 Nights)
- ဘန်ကောက် - ပတ္တယား /ဖူးခက် /ဟွာဟင်း / ချင်းမိုင်
- မော်လ်ဒိုက် (4 Days / 3 Nights)
- ဘာလီ (5 Days / 4 Nights)
- စင်္ကာပူ - မလေးရှား / ဘာတန် (5 Days / 4 Nights)
- ကမ္ဘောဒီးယား (5 Days / 4 Nights)

*Phone: 01-225 370, 211 519/ Mobile: 09-793 110 861, 09-793 110 862*
*Email: sales@myanmarmulticolourtravels.com*
*Address: #528, 3rd Floor, Lower Kyee Myindine Road, Kyee Myindine Tsp, Yangon, Myanmar*



ကံစမ်းမဲထုတ်ပေးမည့်ကာလ ထပ်မံတိုးမြှင့်ခြင်း

## ရန်ကုန်ပဲဆီသန့် ၏ (39) နှစ်ပြည့် 92 Days Promotion

မှတ်ချက်
" အဖုံးတွင်း ကံစမ်းမဲပါသည် " ဟု တံဆိပ်ကပ်ထားသော ဗူးများအတွက်သာ

ရန်ကုန်ပဲဆီသန့် ၏ (39) နှစ်ပြည့် 92 Days Promotion အဖုံးတွင်းကံစမ်းမဲအစီအစဉ်တွင်
( Suzuki ကားသစ်ကြီး နှင့် အခြားသော ဆုမဲများ )
ဈေးကွက်အတွင်းရှိ 1 ပိဿာ မှစ 10 ပိဿာ ဗူးများတွင် ကျန်ရှိနေပါသောကြောင့်
ကံစမ်းမဲများထုတ်ပေးမည့် ရက်အား ( 28.2.2017 ) ရက်အထိ ထပ်မံတိုးမြှင့်ပေးလိုက်ပါသည်။



(၁၀)တန်း ဘာသာစုံဝင်ခွင့်
Phy,Chem,Maths ကို ဂုဏ်ထူး ရအောင် သင်ပေးမည်
09-30048155,09-73229828
09-261278044



AA ယာဉ်မောင်းသင်တန်း
အလွယ်တကူ ကားမောင်းတတ်လိုလျှင် တစ်နေ့ (၁)နာရီသာ အချိန်ပေးပါ
အိမ်အရောက်သင်ပေးမည်။
09-43158300,09-254051326
09-782793551



ဝန်ထမ်းအလိုရှိသည်

(၁) Supervisor(၁)ဦး (ကျား/မ)
(၂) Marketing (၃)ဦး (ကျား/မ)
(၃) စာရေးမ (၁)ဦး
THANT SIN KAUNG CO.,LTD.
Ph-09-768171018



## ရွှေနဂါး ပလက်တီနမ် နှင့် ရွှေဆိုင်

အထူးပရိုမိုးရှင်း ကံစမ်းမဲအစီအစဉ်

ဆိုင်အမှတ်(၁)
ဆိုင်အမှတ်(၂)

1-2-2017 မှ 31-7-2017အထိ (၆) လအတွင်း ပါဝင်ကံစမ်းနိုင်မည့် အခွင့်အရေးကောင်း

ပရိုမိုးရှင်းကာလ (၆) လအတွင်း လစဉ်လတိုင်း KENBO မော်တော်ဆိုင်ကယ် အသစ် (၂) စီး

ပရိုမိုးရှင်းကာလ (၆) လပြည့်လျှင် ထပ်မံကံထူးနိုင်မည့် HONDA CIVIC 2012 MODEL ကား(၁)စီး



## Smile Card Member များအတွက်

၁.၇.၂၀၁၆ မှ ၃၁.၁၂.၂၀၁၆ အတွင်း Gandamar Wholesale နှင့် Ruby Mart များတွင် Smile Card ဖြင့် ဝယ်ယူအားပေးခဲ့သော Customer များအနက် သတ်မှတ်ချက်နှင့်အကျုံးဝင်သူများအား Reward များ ပြန်လည်ချီးမြှင့်မည်ဖြစ်ပါသဖြင့် Smile Card ပြုလုပ်ခဲ့သော သက်ဆိုင်ရာ Gandamar Wholesale နှင့် Ruby Mart တို့တွင် ၁.၂.၂၀၁၇ မှ ၃၀.၄.၂၀၁၇ အထိ လာရောက်ထုတ်ယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

စုံစမ်းရန် ဖုန်း - ၆၅၇၃၂၀ လိုင်းခွဲ(၃၁၂)


သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# "ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်း"

HTUN NAY WUN
THITSAR COMPANY LIMITED

Melia' Yangon Hotel တွင် ၁၈-၂-၂၀၁၇ (စနေနေ့) ၌
**Htun Nay Wun Thitsar Co., Ltd.** မှ စီစဉ်ကျင်းပခဲ့သည့်
"OPEN HOUSE 2017"
DOOSAN Excavators & BOBCAT Skid Steer Loaders
Opening Ceremony သို့ ဝမ်းမြောက်ပျော်ရွှင်စွာ တက်ရောက်ချီးမြှင့်ပေးခဲ့ကြသည့်
အစိုးရဌာနဆိုင်ရာများမှ လူကြီးမင်းများ၊ စီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်ကြီးများအား
ဂုဏ်ယူဝမ်းမြောက်စွာဖြင့် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။
၆ - နှစ်ကျော်ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းခွင်များအတွက် စက်ယန္တရားကြီးများ ဝယ်ယူ
အားပေးခဲ့ကြသည့် မိတ်ဖက်လုပ်ငန်းရှင်ကုမ္ပဏီကြီးများအား ယခုထက်ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ
ဆောင်ရွက်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။

လေးစားစွာဖြင့်
အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ကုမ္ပဏီဝန်ထမ်းများ

GRAND i10
THE SURPRISINGLY DISTINCT

HYUNDAI NEW THINKING. NEW POSSIBILITIES

New Year BIG Sale

Only Pay $4799 First or Saving up to 2000 USD



1st ~ 28th February, 2017 PERFORMANCE | Kappa 1.25 Engine | 4-Speed A / T | 16.1 km/L (Combined) | 2 air bags

Hyundai Showroom ကို လာရောက်လည်ပတ်ရင်း...
Hyundai 2017 Calendar (or) Hyundai Keychain များကို ရယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

INTERNATIONAL KLM Co.,Ltd. Take this chance now ! Visit Hyundai Showroom or call us...

Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.
Showroom : (01) 522 723, 09 42 100 2051 Service Center : (01) 522 724
Mandalay : No.10, 40th Street, Between 78th & 79th Street, Maha Aung Myay Township, Mandalay, Myanmar.
Showroom : 09 2531 51970, 09 4539 55560 Service Center : 09 4500 60009 (Mandalay Star)
www.hyundaimotor.com.mm | info@hyundaimotor.com.mm | www.facebook.com/hyundaimm

3 YEARS WARRANTY 100,000 KM

All information and illustrations are based on data avilable at the time of publication and subject to change without notice.

ရောင်းမည် (ညှိနှိုင်းဈေး)
မှော်ဘီ၊ မြောင်းတကာ၊ လယ်/ဥယျာဉ် ၁၄ ဧက
ရေ၊ မီးပါ၊ ရန်ကုန်၊ ပြည်လမ်းဘေး၊ ဂရန်ခြံ
ဖုန်း - 09 785017994

heart
Curtain, Sofa, Furniture
- ခန်းဆီးလိုက်ကာများကို အိမ်တိုင်ရာရောက်တိုင်းတာ တွက်ချက်၍တပ်ဆင်ပေးခြင်း
- ဆိုဖာခုံများကိုလက်လီ/လက်ကားဖြင့်ဖြန့်ဖြူးရောင်းချပေးခြင်း
- KTV Room များကို Sound Proof ပြုလုပ်ပေးခြင်း
- ဆိုဖာခုံအဟောင်းများကိုပြန်၍ပြုပြင်ပေးခြင်း

No.38, ဇဋီလလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့
Ph: 09-30066799, 09-257335855

ဖြူစင်ကြယ် Car Rental
ALPHARD ကားသစ်များဖြင့်
လူကြီးမင်းများသွားလိုသော
ဒေသများကို ပို့ဆောင်ပေးပါသည်။

FOREVER RAY
လူကြီးမင်းတို့နေ့စဉ်အသုံးပြုနေသော အဲကွန်းရေခဲသေတ္တာ၊ အဝတ်လျှော်စက်များအား ဆေးကြောခြင်း၊ တပ်ဆင်ခြင်း၊ ပြုပြင်ရောင်း ဝယ်ခြင်းများကို Forever Ray Groupမှစိတ်တိုင်းကျသည်အထိဝန်ဆောင်မှုပေးနေပါပြီ။ Ph: 09-420166159

တက်နေဝန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂/သမိုင်း)၊ မြေကွက်အမှတ်(၆/ဃ-၄)၊ မြေကွက်တည်နေရာအမှတ်(၉၃)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်(ဒေါ်ခင်သန်း) အမည်ပေါက် B မြေပိုင်မြေ(အိမ်ရာမြေသတ်မှတ်) မြေအား အမည်ပေါက်မိခင်ဖြစ်သူ ဒေါ်ခင်သန်းမှာ ၂၇-၆-၂၀၁၃ရက်တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးအောင်သန်းမှာ၁၇-၈-၁၉၉၅ရက်တွင် လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် ၎င်းတို့၏သမီးများဖြစ်ကြသည့် ဒေါ်မြင့်မြင့်သန်း [၁၂/လမန(နိုင်)၀၉၆၉၉၄]၊ ဒေါ်စမ်းစမ်းဝင်း [၁၂/ကမတ(နိုင်)၀၁၈၅၅၇]၊ ဒေါ်သန်းသန်းနွယ်[၁၂/ကမတ(နိုင်)၀၁၈၅၅၈]တို့မှ သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းအမည်ပေါက်သည့် အရောင်းအဝယ်စာချုပ်အမှတ်-၁၃၇၄/၉၃(၂၈-၆-၁၉၉၃)တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

